www.burmeseclassic.com
BURMESE CLASSIC .com

# ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်



www.burmeseclassic.com

မြို့မစာအုပ်–၃၁

# ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်

## အကြည်တော်

တော်ဝင်မြို့မ စာအုပ်တိုက်
၇၇/ခ၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။ ဖုန်း-၃၇၉၅၇၃

www.burmeseclassic.com

သူတို့အိမ်က ထူးထူးခြားခြား ကျောက်သင်ပုန်းတွေမိုးထား တယ်လေ . . .

❖ ❖ ❖

www.burmeseclassic.com

‘လူတွေဟာ တစ်ခါတလေတော့လည်း အတော်ခက်တယ်’

(၃၈)လမ်း၊ ဘီယာဆိုင်တွင် တစ်ယောက်တည်း ဘီယာထိုင်သောက်နေသော ဆံပင်ရှည်ရှည် အရပ်ရှည်ရှည်လူကြီးသည် ဆိုင်ရှေ့မှဖြတ်သွားဖြတ်လာလူများကို ငေးကြည့်ရင်း သူ့ဖာသာသူရေရွတ်သလိုနှင့် ဘားကောင်တာမှ ဂေါက်လှည့် (ခွက်ချင်) နေသော လူကို ငဲ့ကြည့်ရင်း ပြောလိုက်သည်။

‘ပိုက်ဆံမရှိလို့ ဘာမှမလုပ်ချင်တာနဲ့၊ ရှိပြန်တော့လည်း တိုးပွားအောင် ဆက်မကြိုးစားချင်တာနဲ့ပဲ၊ ရေတိမ်နစ်နေရရှာတယ်’

လူကြီးသည် ဘီယာကို တစ်ကျိုက် ကျိုက်လိုက်ပြန်သည်။

‘ငါတွေ့ဖူးတဲ့ မော်လမြိုင်သား ညီအစ်ကို နှစ်ယောက်ဆိုရင် . . .

❖ ❖ ❖

ထိုနေ့က မိုးခပ်စပ်စပ်ကလေးရွာနေပါသည်။ ညနေနေကလည်း အတော်ကလေးကို စောင်းနေပြီမို့ ရှစ်ခွင်လုံးတွင် မှောင်ရိပ်များကြီးစိုးနေပြီ။

www.burmeseclassic.com

သူတို့ညီအစ်ကိုနှစ်ဦးသည် တဖွဲဖွဲမိုးရေများအောက်ရပ်ရင်း မှတ်တိုင်သို့ ကားဆိုက်လာတိုင်း အလုအယက် တိုးဝှေ့တက်နေကြသော လူများကို အားကျသလို တွေတွေကြီး ငေးကြည့်နေကြလေသည်။ အတန်ကြာမှ ဆံပင်ရှည်ရှည်၊ အရပ်ရှည်ရှည်၊ ပိန်ပိန်ရှည်ရှည် ညီဖြစ်သူမှ မှုန်မှိုင်းထုံထိုင်းသော မျက်ဝန်းအစုံနှင့်

'ကဲ . . . ဘယ်လိုပြန်ကြမလဲ ကိုဆန်း'

အစ်ကိုဖြစ်သူ ကိုဆန်းမှ ဘာမှ ပြန်အဖြေမပေးသေးဘဲ တဖွဲဖွဲကျနေသော မိုးကောင်းကင်ကို မော့ကြည့်လိုက်သည်။ သူတို့နှစ်ဦးလုံးမှာလည်း မိုးရေစက်များ၏ နှိပ်စက်မှုကြောင့် ကြွက်စုတ်ရေနှစ်ထားသလို စိုရွှဲပြီး ခိုက်ခိုက်တုန်နေပြီ။

'နေပါဦးကွာ . . . ငါလည်း စဉ်းစားနေတာ။ ဘယ်မှာများ ကားခပိုက်ဆံကလေးများရနိုင်မလဲလို့'

ညီဖြစ်သူမှ မျက်နှာကို ရှုံ့မဲ့လိုက်ပြီး . . .

"ဘယ်ရနိုင်ပါ့မလဲ။ မြို့ထဲမှာ ဘယ်မှာ အသိရှိလို့လဲ"

ညီဖြစ်သူ၏ စကားကို အစ်ကိုမှ စိတ်ဆိုးသွားပြီး. . .

"ပန်းချီကိုဆန်းပါကွ ပန်းချီကိုဆန်းဆို ဒီမြို့ထဲမပြော နဲ့ တစ်နိုင်ငံလုံးသိတယ်"

အစ်ကိုဖြစ်သူ၏ အားကြိုးမာန်တက်အပြောကို ညီမှ မျက်နှာပိုရှုံ့မဲ့လိုက်ပြီး . . .

"အဲဒီပန်းချီကိုဆန်းပဲ တစ်မြို့လုံးပတ်ပြီး ပိုက်ဆံချေး ဖို့ အသိလိုက်ရှာပြီးပြီမဟုတ်လား။ ဘယ်မှာတွေ့လို့လဲ"

အစ်ကိုဖြစ်သူ ရှူးရှူးရှားရှားဖြစ်သွားပြီး . . .

"အို. . . ဒါကတော့ကွာ. . . ကုသိုလ်ကံကြမ္မာက ကိုယ့်ဘက်မပါတော့ ဟိုကွာ. . . စကားပုံတောင်ရှိသေးတာပဲ။ အချက်

www.burmeseclassic.com
မသိတော့ သမက်သူခိုးထင်ဆိုလား”

ဘာမှမဆိုင်။ မြို့ပတ်၍ ပိုက်ဆံလိုက်ချေးလို့မရတာနဲ့ အချက်မသိသမက်သူခိုးထင်စကားပုံနှင့် လားလားမှ မသက်ဆိုင်။ အမှန်တော့ ပန်းချီ ကိုဆန်းဆိုသူကို (ထိုစဉ်အခါက) တစ်နိုင်ငံလုံး မပြောနှင့် လူသုံးယောက်ပင်မသိသေး။ သိနိုင်ရိုးလား။ သူဆွဲသည့်ပုံများပင် မဂ္ဂဇင်းသရုပ်ဖော်အနေနှင့် နှစ်ပုံလား သုံးပုံလား ဒါပဲ ပါဖူးသေးတာ။ တကယ့်သရုပ်ဖော် ပန်းချီဆရာပေါက်စ။

သူနှင့်ပါလာသူ မျက်နှာရှည်ရှည် အရပ်ရှည်ရှည် သူ့ညီ မောင်ကြည်ဆို ဝေးရော။ ပုံကြည့်လျှင်တော့ ချက်ချင်းပဲ ပန်းချီ ထရေးတော့မလို။ စာရေးဆရာပဲ လုပ်တော့မလို သီချင်းပဲ ထဆိုတော့မလိုနှင့်။ ဟိုယောင်ယောင် ဒီယောင်ယောင်အကောင်။ ပိုက်ဆံရှိဖို့မပြောနှင့်၊ ဘာမှ မလုပ်လို့ ဘယ်သူကိုမှ မသိတဲ့ ကောင်။ ဒါကို ကားခရလို ရငြား နှစ်ယောက်ပေါင်းပြီး တစ်ခါ၊ လူခွဲပြီး တစ်ခါ သုံးဆယ့်တစ်လမ်းနှင့် ပန်းဆိုးတန်းထိပ်ထိ ဒေါင်း ပြေး ပိုက်ဆံချေးရန် လူရှာထွက်ကြပြီးပြီ။ သူတို့အသိတစ်ယောက် မှကို မတွေ့ရ၍ ကားပင်မစီးနိုင်ဘဲ မိုးရေထဲ တွေတွေကြီး ရပ်နေကြခြင်းပင်။

သူတို့ပြန်ရမှာက ကြို့ကုန်းထိ။

ကားခက တစ်ယောက် နှစ်ကျပ်။

နှစ်ယောက်လုံးတွင် ငွေနှင့်တူတာဆိုလို့ ခမဲပေးထားသည့် ငွေလက်စွပ်ပင်မရှိ။

‘ငါအကြံရပြီ’

ကိုဆန်း၏ အားရဝမ်းသာ စကားကို ညီဖြစ်သူမောင်ကြည်မှ . . .

‘ဘယ်လိုလုပ်မှာလဲ’

www.burmeseclassic.com

'ဘာမှ မမေးနဲ့ ဟိုမှာ အင်းစိန်ကား မြန်မြန်တက်'

. . . ဟုဆို၍ အင်းစိန်ကားပေါ် ကသုတ်ကယက် ပြေးတက်သွားရာ ညီဖြစ်သူမှာလည်း ဘုမသိဘမသိနှင့် လိုက်တက်သွားရတော့၏။

ကားဘီး စလှိမ့်သည်နှင့် ကားစပါယ်ယာမှ . . .

'လှည်းတန်း၊ အုတ်ကျင်း၊ သမိုင်းပါလား၊ ကဲ ကားခလေးတွေ ကမ်းထားမယ်။ လှည်းတန်း တစ်ကျပ်၊ ကျော်ရင် နှစ်ကျပ်နော်'

ခရီးသည်များအားလုံး ကားခထုတ်ပေးနေစဉ် ကိုဆန်းမှ

'ဟေ့ ဒီကား မြောက်ဥက္ကလာသွားမယ့်ကားမဟုတ်လား'

စပါယ်ယာမှ စိတ်ဆိုးမာန်ဆိုးနှင့်

'ဘာလာကြောင်နေတာလဲ၊ ဒါအင်းစိန်ကားဗျ'

'ဟာ. . . ဒါဆို ငါတို့မှားစီးမိပြီ ရှေ့မှတ်တိုင်ဆင်းမယ်'

စပါယ်ယာက 'ဘယ်ကတောသားတွေမှန်းမသိဘူး' ဟူသော ရေရွတ်သံနှင့်အတူ ကျန်သည့်သူများထံ ကားခ ဆက်လက်တောင်းခံနေသည်။ သူတို့နှစ်ဦးကတော့ ကားမှားစီးလာသည်ဟူသော ဆင်ခြေနှင့် ကားခမပေး၊ မှတ်တိုင်ရောက်သော အခါ နှစ်ဦးစလုံး ဆင်းလိုက်ပြီး . . .

'ကဲ ငါ့အကြံမပိုင်ဘူးလား၊ တစ်ခါစီး တစ်မှတ်တိုင်နဲ့ ဆို၊ ကြို့ကုန်း ဘယ်ပြေးမလဲကွ။ တစ်နေ့တစ်လံ ဂျပန်တောင် ရောက်နိုင်တယ်ကွ . . . ဟော. . . ဟိုမှာ အင်းစိန် ကားလာ ပြန်ပြီ . . . မြန်မြန်တက်'

ဟုဆို၍ နှစ်ယောက်လုံး နောက်ထပ် ဆိုက်လာသော ကားပေါ် ကသုတ်ကယက် ပြေးတက်လိုက်ကြပြန်သည်။ ကားပေါ် ရောက်ပြန်သော် 'ဟာ . . . ငါတို့ကားမှားစီးမိပြီ'ဟုဆို၍

www.burmeseclassic.com
ရှေ့တစ်မှတ်တိုင်တွင် ကားခမပေးဘဲ ဆင်းလိုက်ကြပြန်၏။ ဤသို့ဖြင့် ဇွဲကောင်းကောင်းနှင့် ကားမှားစီးမိချင်ယောင်ဆောင်၍ ကားခမပေးဘဲ တစ်မှတ်တိုင်၊ တစ်မှတ်တိုင်နှင့် စီးလာရာ၊ ည အတော်နက်သည်အထိ ခရီးတစ်ဝက်မကျိုးသေး၊ ကြာလာတော့ ညီဖြစ်သူမှ သည်းမခံနိုင်တော့ဘဲ. . .

'ကိုယ့်ဆရာ ဒီအတိုင်းဆက်သွားနေရင် အိမ်ကို မိုးလင်းတာတောင် ရောက်မယ်မထင်ဘူးနော် . . . တခြားတစ်နည်း စဉ်းစားပါဦး'

ကိုဆန်း တွေဝေသွားပြီး စိတ်ပျက် လက်ပျက်ဖြင့်

"အေးဟုတ်တယ်ကွ။ ကားတွေတောင် တစ်ပတ်ပြန်လည် လာတော့မယ်။ တစ်ပတ်ပြန်လည်လာလို့ ငါတို့ကို မှတ်မိသွားရင် ရှက်စရာကြီး'

'ဟုတ်ပ'

'ဒါဆိုဘယ်လိုလုပ်မလဲ'

မောင်ကြည် တစ်ချက်စဉ်းစားလိုက်ပြီး

'ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ မရိုင်းကြပါဘူး။ ကောင်းကောင်းမွန်မွန် ပြောစီးရင် အလကားတော့ ပေးစီးကြမှာပါ'

'အေး. . . ဟုတ်တယ်။ ငါ အဲဒါကို မေ့နေတယ်။ မင်းက စာရေးဆရာဖြစ်မယ့်ကောင်ဆိုတော့ ဒါမျိုးတွေ ကြံကြံဖန်ဖန်တွေးတတ်ပ။ မင်းဒီလို အတွေးမျိုးတွေ ရှိလို့ကတော့ ကြီးပွား ဦးမယ်'

'ဒါကတော့ ကိုယ့်ဆရာရဲ့ ညီပဲ . . . ဟဲဟဲ'

ဟု အပြန်အလှန် ချီးမွမ်းနေစဉ် အင်းစိန် ကားတစ်စီးမှာ အဆင်သင့် မှတ်တိုင်ဆီသို့ ထိုးဆိုက်လာ၏။

www.burmeseclassic.com

'ဟော . . . ကားတစ်စီးလာပြီ။ ကားပေါ်ရောက်ရင် မင်းပြောနော်'

'ပိုင်ပါတယ်။ ကိုယ့်ဆရာသာ အနောက်ကနေ မခို့တရို့လေး ပြုံးပြထား'

'စိတ်ချင့်ရဲ့ အပြုံးနုနုမှာ စပါယ်ယာ ပျော်ဝင်သွားပြီး စီးပါ၊ စီးပါ ဖြစ်သွားစေရမယ် ကိုယ့်ညီ'

နှစ်ဦးစလုံး ထိုးဆိုက်လာသော ကားပေါ် အလျင်အမြန် ပြေးတက်လိုက်ကြ၏။

ဖြစ်ချင်တော့ ကားပေါ်တွင် စပါယ်ယာနှင့် အရက်မူးလာသော ခရီးသည်တချို့ ပါးစပ်တိုက်ပွဲဆင်နွဲနေကြချိန်ဖြစ်၏။ အရက်မူးလာသောခရီးသည်တချို့မှာ ကားခမပေးရသေးဘဲ၊ ပေးပြီးပါပြီဟူ၍ ပြောင်ငြင်းနေသောကြောင့် စပါယ်ယာမှ အကြီးအကျယ် စိတ်ဆိုးနေလေသည်။

'ခင်ဗျားတို့ တက်လာတာလေးယောက် တစ်ယောက်မှ မပေးရသေးဘဲနဲ့ ပြောင်မငြင်းနဲ့၊ ကျပ်ကားခ စတောင်းကတည်းက ဟိုလူပေးသလို ဒီလူပေးသလိုနဲ့ ခင်ဗျားတို့လုပ်လာတာ။ တစ်ယောက်မှ မပေးရသေးဘူး'

စပါယ်ယာရဲ့အသံကျယ်ကျယ်စကားကို အရက်သမားများကလည်း အလျှော့မပေးဘဲ . . .

'ဟ . . . ပေးပြီးလို့ ပေးပြီးပြီလို့ ပြောတာပေါ့ကွ။ မင်းကို ပေးတာမဟုတ်ရင် အနောက်ပေါက်က စပါယ်ယာကိုဖြစ်မယ်'

'အဲဒါတော့ ခင်ဗျားတို့ ပြောင်လိမ်တာပဲ။ အနောက်ပေါက်မှာလည်း စပါယ်ယာမရှိဘူး။ စပါယ်ယာက စုစုပေါင်းမှ ကျုပ်တစ်ယောက်ထဲ။ ခင်ဗျားတို့ မပေးချင်လည်းနေ။ ပေးပြီး သလို မပေးရသေးသလိုတော့ မလုပ်နဲ့။ ဒီကားခ လေးငါးကျပ်

www.burmeseclassic.com
တစ်ဆယ်လောက်နဲ့ ခင်ဗျားတို့လိမ်လို့ ကျုပ်လည်း စီးပွားမပျက်သွားဘူး။ ခင်ဗျားတို့လည်း စီးပွားမတက်သွားဘူး။ ကဲ . . . မှတ်တိုင်က တက်တဲ့ နှစ်ယောက် ကားခလေး ဆက်လှမ်းမယ်'

. . . ဟု သူတို့ဘက် လှည့်၍ ပြောလိုက်ရာ နှစ်ယောက်လုံး ပြာတောက်သွားကြ၏။ မောင်ကြည်မှ အစ်ကိုဖြစ်သူ ကိုဆန်းအား 'ဖြစ်ပါ့မလား' ဟူသော မျက်လုံးမျိုးနှင့် ပြန်ကြည့်သည်။ ကိုဆန်းမှ 'ပြောသာပြော ငါပြုံးပြထားမယ်' ဟူသော အမူအယာကို လုပ်ပြ၏။ မောင်ကြည်လည်း သူ့အစ်ကို ကိုဆန်းကိုကြည့်၍ အနည်းငယ်အားတက်သွားပြီး စပါယ်ယာကို ငယ်သွားများပေါ်သည်အထိ အစွမ်းကုန် ပြုံးပြလိုက်သည်။ ပြီးနောက် ပိုက်ဆံမပါသည့် သူ့အိတ်ကပ်ကလေး အသာပိတ်ပြီး . . .

'ဟိုလေ . . . အစ်ကို ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်မှာ အဲဒါ . . . ဟဲ . . . ပိုက်ဆံမပါလို့'

'ဘာ'

စပါယ်ယာ၏ ကျယ်လောင်သော 'ဘာ' သံကြောင့် နှစ်ဦးလုံး အနည်းငယ်တုန်ရင်သွားပြီး. . .

'ဟို . . . ပိုက်ဆံ . . . ကားခလေး. . . မပါလို့ . . အဲဒါ'

စပါယ်ယာမှ မျက်နှာနီစပ်စပ်နှင့် သွားကို အစွမ်းကုန်ဖြဲထားသော မောင်ကြည်နှင့် အနောက်မှ မခို့တရို့လေးပြုံးနေ သောကိုဆန်းတို့ကို တစ်ယောက်တစ်လှည့်စီ အသေအချာ ကြည့်၏။ နောက်ဘာကို တွေးမိသည်မသိ သဘောကျသလို တစ်ချက်ပြုံးပြီး . . .

'ရတယ်ညီလေး၊ ရတယ်'

ဟုဆို၍ နှစ်ဦးလုံး၏ ပခုံးကို နွေးထွေးစွာ ပုတ်လိုက်

www.burmeseclassic.com
သည်။ သူတို့နှစ်ဦးလည်း ဒီတစ်ခါတော့ အဆင်ပြေပြီဟု သက်ပြင်းကို ခပ်မျှင်းမျှင်းချပြီး တစ်ယောက်ကို တစ်ယောက် ပြုံး၍ ကြည့်လိုက်ကြသည်။ ထိုစဉ်မှာပင် စပါယ်ယာမှ အသံ ကျယ်ကျယ်ဖြင့် ကားတစ်စီးလုံးကြားနိုင်အောင် ဤသို့ အော်ပြော လိုက်ရာ . . .

'ကဲ . . . ကားခမပေးဘဲ ပေးပြီးပါပြီလို့ ကားလိမ်စီးတဲ့ လူတွေ။ ဟောဒီညီအစ်ကိုနှစ်ယောက်ကိုကြည့် ပိုက်ဆံမရှိရင် မရှိဘူးလို့ ရဲရဲတင်းတင်းပြောစီးလိုက်။ ပေးပြီးသလို မပေးရသေးသလိုတော့ မလုပ်နဲ့။ ဟောဒီညီအစ်ကိုတွေလို ပြောစီး၊ ကျွန်တော် အလကားပေးစီးတယ်။ ဟုတ်တယ်နော်၊ ညီလေးတို့ ပိုက်ဆံ မရှိဘူး အစ်ကို ပေးမစီးဘူးလား'

ဟုဆို၍ သူတို့ဘက်လှည့်၍ မေးလိုက်ရာ သူတို့လည်း ယောင်နန ကြောင်တောင်တောင်နှင့် ဦးခေါင်းကို ညိတ်ပြီး . . .

'ပေးစီးပါတယ်အစ်ကို'

ဟုပြန်ဖြေလိုက်သည်။ သူတို့၏ သံပြိုင်အဖြေစကားကို ကြားပြီး စပါယ်ယာမှ အားရဝမ်းသာဖြင့် အသံကို ထပ်မြှင့်လိုက်ပြီး

'ကဲ . . . ဒီလို ကားခမရှိပါဘူးလို့ ပြောစီးလို့ ကျွန်တော် ပေးမစီးရင် ကျွန်တော့် အလွန်ထား။ ပေးပြီးသလို မပေးသလိုနဲ့တော့ လိမ်မစီးနဲ့။ ဟောဒီညီအစ်ကိုတွေလို ရိုးရိုးသားသား ပြောစီး'

ဟူ၍ ပခုံးကို တဖြန်းဖြန်းပုတ်ကာ ပြောနေသော ကြောင့် ခရီးသည်များ အားလုံး၏ မျက်လုံးများမှာ သူတို့ညီအစ် ကိုထံ စုပြုံရောက်ရှိလာကြလေသည်။ စပါယ်ယာမှာလည်း လူ အများ အာရုံစိုက်လာလေလေ ပိုပြီးပြောကောင်းလာလေ ရှိ၍ လားတော့မသိ၊ နှစ်ဦးလုံးကို သိုင်းဖက်ကာ. . .

www.burmeseclassic.com

'ညီလေးတို့ ပိုက်ဆံမရှိလို့ ပြောစီးတယ်နော် အစ်ကို ပေးမစီးဘူးလား'

နှစ်ဦးလုံးမှာ မျက်နှာငယ်လေးဖြင့်

'ပေးစီးပါတယ် အစ်ကိုရာ'

သူတို့ကို ကြည့်ပြီး စပါယ်ယာမှ ပိုအားတက်သွားပြီး

'ဒါဆို အစ်ကို စိတ်မကောင်းဘူးလား'

'စိတ်ကောင်းပါတယ်အစ်ကိုရာ'

သူတို့၏ အဖြေကို စပါယ်ယာမှ အားရဝမ်းသာဖြင့်

'ဒါဆို အစ်ကိုဘာဖြစ်'

ဟုဆို၍ ကျူရှင်ဆရာမှ ကျောင်းသားကို တိုင်ပေးသလို တိုင်ပေးလိုက်ရာ သူတို့နှစ်ဦးလုံးကလည်း ကျွဲရှေ့ရောက်သော ဗွက်အိုင်ငယ်လို မျက်လွှာကလေးအောက်ချပြီး . . .

'စိတ်ကောင်း'

ဟု သံပြိုင်လိုက်ဆိုလိုက်ကြ၏။

ဒါကို စပါယ်ယာမှ ပိုအားတက်သွားပြီး

'ညီလေးတို့ဘာဖြစ်'

ဟု ထပ်တိုင်ပေးလိုက်ရာ နှစ်ဦးလုံးမှာ သံပြိုင်ဖြင့်. .

'ပြောစီး

'အစ်ကိုဘာလုပ်'

'ပေးစီး'

'ညီလေးတို့မှာ'

'ပိုက်ဆံမရှိ'

'ဒါဆို အစ်ကို ဘာဖြစ်'

'စိတ်ကောင်း'

စပါယ်ယာမှ ထိုမျှနှင့် အားမရသေးဘဲ ကားအနောက်

www.burmeseclassic.com
ပေါက်သို့ သွားပြီး အနောက်မှ ခရီးသည်များကို အားလုံး ကြားနိုင်အောင် အသံကိုမြှင့်၍ . . .

'ကဲ. . ကားခကို ပေးပြီးသလို မပေးရသေးသလို လုပ်ပြီးလိမ်တော့ မစီးနဲ့၊ ပိုက်ဆံမရှိဘူးဆို၊ ဟိုညီအစ်ကို နှစ်ယောက်လို ပြောစီး။ မတွေ့ဖူးရင် ကြည့်ထား၊ ဟိုးမှာ အင်္ကျီအနီကွက်နဲ့ တစ်ယောက်၊ စပို့ရှပ် အသားရောင်နဲ့ တစ်ယောက်။ အဲဒီလို ရိုးရိုးသားသား ပြောစီး။ ကျွန်တော်ပေးစီးတယ်။ ညီလေးရေ အစ်ကို ဘာဖြစ်'

ဟု အနောက်မှ နေ၍ အသံကျယ်ကျယ်နှင့် တိုင်ပေးလိုက်ရာ သူတို့နှစ်ယောက်လည်း သံပြိုင်ဖြင့်. . .

'စိတ်ကောင်း'

'ညီလေးတို့ဘာဖြစ်'

'ပြောစီး'

'အစ်ကိုဘာလုပ်'

'ပေးစီး'

'ညီလေးတို့မှာ'

'ပိုက်ဆံမရှိ'

'အစ်ကို ဘာဖြစ်'

'စိတ်ကောင်း'။

. . . . . . . . . .

www.burmeseclassic.com

'သူတို့မောင်နှမက (၇) ယောက် ရှိတယ်ကွ။ ယောကျ်ားလေးက ခြောက်ယောက်။ အဲ . . . မိန်းကလေးက တစ်ယောက်ထဲ။ မိန်းကလေးကလည်း တစ်ယောက်ဆို တစ်ယောက်ဆိုသလောက်ပဲ။ ဆိုးသလားတော့ မမေးနဲ့ ဟားဟား။ နာမည်က မချောတဲ့။ ချောပေါင်ကွာ။ မျက်နှာကလည်း မာသလားတော့ မမေးနဲ့ ဟဲဟဲ . . .'

လူကြီးသည် သူ့ဖာသာသူပြောပြီး သူ့ဖာသာသူ သဘောကျသလို ခပ်ဟဟရယ်သည်။ နောက် သူ့ရှေ့က ဘီယာခွက်ကို လက်နှင့် တို့ထိလှည့်ကစားရင်း . . .

'မိန်းကလေးကလည်း အထက်မှာ အစ်ကိုက သုံးယောက် အောက်မှာ မောင်သုံးယောက်၊ ကြားထဲတည့်တည့်ဆိုတော့ ပြီးရောပေါ့။ ယောကျ်ားလေးညီအစ်ကိုတွေနဲ့ အတူနေပြီး ယောကျ်ားစိတ်ပေါက်နေတာ'

'နပန်းလုံးတမ်းကစား၊ စစ်တိုက်တမ်းကစားနဲ့ ယောကျ်ားလိုလို ဖြစ်နေတာပေါ့။ အောင်မာ ဒီကြားထဲ တစ်ယောက်ချင်း

www.burmeseclassic.com
ဆို မယုဉ်နဲ့ဆရာ။ ကိုယ်လုံးကလည်းပြားပြား။ သန်ကသန်နဲ့ဆို တော့ ရွယ်တူတွေတောင် သူနဲ့ တစ်ယောက်ချင်းထိုးဖို့ဆို လက် ရှောင်ကြတယ်'

'သူနဲ့ ပတ်သက်ပြီးပြောလို့ မကုန်နိုင်စရာ အကြောင်းအ အရာတွေ အများကြီးကွ။

အဲဒီထဲကမှ သူနဲ့ ဆိုင်ကယ်တစ်စီး အကြောင်း ပြောပြ မယ်။ အဲဒီတုန်းက သူ့အဖေက ဘီလူးကျွန်းမှာ တာဝန်ကျ နေတာပေါ့။ တစ်နေ့မှာ သူ့အဖေက မြို့တက်ပြီး ဆိုင်ကယ် အစုတ်ကြီးတစ်စီး ဝယ်ချလာတာပေါ့။ ဆိုင်ကယ်ဆိုတာ ကလည်း ပေါ်စဆိုတော့ . . .'

ပြောရင်းလူကြီးသည် စကားစပြတ်ပြီး အရှေ့ကဘီယာ ခွက်ကို တစ်ကျိုက်စုပ်သောက်လိုက်၏။

❖ ❖ ❖

'ဆိုင်ကယ် . . .'

'အေး ဆိုင်ကယ်တဲ့'

'ဖိုးသာအို နွားလှည်းထက် နှစ်ဆပိုမြန်တယ်မောင် . . .'

'အပုတ် . . .'

'မယုံရင်ကြည့်နေ . . . ခဏကြာ သူတို့စီးပြလိမ့် မယ် . . .

'ဒါဆို ကျုပ်လည်း ထမင်းမချက်တော့ဘူး။ ဆိုင်ကယ်စီး တာပဲ တစ်ဝကြည့်တော့မယ်။ ဟဲ့ အငယ်ကောင် နင့်အစ်ကို ပေါက်ကြီးကို သွားခေါ်စမ်း . . . ဒီမှာ ဆိုင်ကယ်စီးတော့မယ်တဲ့။ နောက် ဦးဦးဖျားဖျား မမြင်လိုက်ရဘဲ ရှိမယ်'

'ဒီဆိုင်ကယ်က စက်ဘီးလိုပဲ နင်းရမှာပေါ့နော် . . .'

www.burmeseclassic.com

'ဘယ့်နှယ် နင်းရမှာလည်း၊ သူ့ကို တက်ခွပြီး ဟိုဟာနှိပ် ဒီဟာနင်းဆို ဘရူး ဘရူးနဲ့ ထွက်သွားတာပဲ မောင်ရ . . .'

'ဟယ် . . . ထူးဆန်းလိုက်တာ ဖုတ်သွင်းရထားများလား။

'ဖုတ်သွင်းလား မှုတ်သွင်းလားတော့ မသိဘူး။ ဘရူး ဘရူးနဲ့တော့ မြည်တာပဲ။ ဟောဟိုမှာ ကိုအုပ်လာပြီ။ သူစီးလိမ့်မယ် ကြည့်နေ'

ရှာသားအားလုံး လှည့်ကြည့်ကြသည်။ ဟုတ်ပါသည်။ လာပါပြီ။ ကျွန်တော်တို့အစ်ကိုအကြီးဆုံး ကိုအုပ်၊ ဆိုင်ကယ်စီးရန် ထွက်လာပါပြီ။'

ရှာသားများ မမြင်ဖူးသေးသော ဆိုင်ကယ်ကို စီးပြရမည် ဆိုတော့ နွေခေါင်ခေါင် နေ့လယ် ဆယ့်နှစ်နာရီခန့်တွင်ပင် ခါတ်ရှင်ထဲတွင် သူတစ်ခါကြည့်ဖူးသော နိုင်ငံခြားမင်းသား ဆိုင်ကယ်စတန့်သမားများအသွင် ဆင်ပြင်၍ ဂိုက်ပေးကြမ်းလာ သည်။

ရှာသားများ သူ့ကိုမြင်တော့ လမ်းရှဲပေးလိုက်ကြ၏။

ကိုအုပ်ကတော့ ခပ်တည်တည်ပင် မည်သူ့ကိုမှ မကြည့်ဘဲ သင်္ဘောဆေးသုတ်ထားသော ဆိုင်ကယ်ဦးထုပ်အနီရောင်ကြီး ပိုက်ပြီး ဆိုင်ကယ်ဆီသို့ လှမ်းသွား၏။ ဆိုင်ကယ်ဆီရောက်သည်နှင့် ရှာသားအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး သူ့ခြေသလုံးခန့်သာ မြင့်သော စူပါကပ် (၇၀) ဆိုင်ကယ်လေးပေါ် တက်လိုက်သည်။ ဘာပဲပြောပြော ဆိုဒ်ကတော့ မပျက်ဘူးပေါ့။

နောက် သူ အိတ်ထဲထည့်ထားသော တရုတ်ဖိုင်ဘာ မျက်မှန်နက်ကို ထုတ်လိုက်သည်။ ထိုမျက်မှန်နက်သည် သမဝါယမဆိုင် ခွဲတမ်းပေးသည့်အထဲမှ ပထမဆုံးနှင့် နောက်ဆုံး ပါလာသော တရုတ်မျက်မှန်နက် ဖြစ်သည်။ ထိုမျက်မှန်နက်၏

www.burmeseclassic.com
စွမ်းပကားမှာ တပ်ထားသူမှာ ပတ်ဝန်းကျင်ကို မြင်ရဖို့ မပြောနှင့် ထိန်ထိန်တောက်နေသော နေမင်းကို ကြည့်လျှင်ပင် အစက်အပျောက်ကလေးမျှ ရေးတေးတေးသာ မြင်ရပြီး၊ ပတ်ဝန်းကျင်မှ ကြည့်လျှင်ကား တပ်ထားသူကို ဂိုက်ဆိုက်ကျစွာ မြင်ရခြင်းပင်။

ယခု ထိုမျက်မှန်ကို ကိုအုပ်တပ်လိုက်ခြင်းမှာလည်း ပတ်ဝန်းကျင်ကို မြင်ရရန်မဟုတ်ဘဲ ဂိုက်ကျရန်အတွက်သာ ဖြစ် သည်။ ဤမျက်မှန်၏ ဂိုက်ဆိုက်ကျပုံမှာ အင်မတန်ရုပ်ရည် သန့်ပြန့်သော ဟောလီးဝုဒ်မှ ရုပ်ရှင်မင်းသား ဂျိမ်းစ်ဒင်းကိုပင် လျှင် လင်းဝက်ရုပ် ပေါက်သွားလောက်အောင် စွမ်းဆောင်နိုင်ပေ သည်။

သို့သော် ဘာပဲပြောပြော ရွာသားများ၏ မျက်လုံးထဲတွင် တရုတ်မျက်မှန်နက်နှင့်ဆိုင်ကယ်ကို ကိုးရို့ကားယား တက်ခွထားသော ကိုအုပ်၏ပုံက လွန်စွာအချိုးတည့်နေလေသည်။

ကိုအုပ်ကလည်း သိသည့်အတိုင်း မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ဆိုင်ကယ်ကို ဟိုလှည့် ဒီတပ်လုပ်ပြီး ဆိုင်ကယ်ကစ်စတာတာကို ဝုန်းခနဲ နင်းချလိုက်သည်။ ဘရူး ဘရူး ထုန်းထုန်းမြည်သံများနှင့် ဆိုင်ကယ်စက်နိုးသွားသည်။ ရွာသားများကတော့ တအံ့တသြနှင့် သူ့ ဖုတ်သွင်းရထားကြီးကို ငေးကြည့်နေကြတုန်း . . .

'လာ . . . ကိုစျာန်အနောက်ကတက် . . .'

ကိုအုပ်က သူ့အောက်က သူ့ညီကိုစျာန်ကို ခေါ် လိုက် သည်။ ကိုစျာန်ဝမ်းသာအားရ ပြေးလာပြီး ဆိုင်ကယ်ကိုအနောက် မှ တက်ခွလိုက်သည်။ နောက် . . . သူတို့ရွာတစ်ပတ် ဆိုင်ကယ် ပတ်စီးလိုက်သည်။ ရွာသားတွေကတော့ သူတို့နှစ်ယောက်နှင့် ဆိုင်ကယ်ကို ငေးကြည့်နေကြတုန်း။

နောက် . . . ကိုမိုးအလှည့်။ ကိုအုပ် ကိုမိုးကိုတင်ပြီး

www.burmeseclassic.com
ဆိုင်ကယ်နှင့် ရွာတစ်ပတ် ပတ်လိုက်ပြန်သည်။

နောက် . . . မချောအလှည့် . . .။ ဒါပေမယ့် ကိုအုပ်က မချောကိုမခေါ်ဘဲ မချောအောက်က ကိုဆန်းကို ခေါ်လိုက်သည်။ မချောကတော့ ဆိုင်ကယ်မစီးရ၍ မဲ့တဲ့တဲ့နှင့်။

နောက်တစ်လှည့် မောင်ကြည်။

မောင်ကြည်တို့အလှည့်ကျတော့ ရွာသားတွေ ဆိုင်ကယ် ကို သိပ်မအံ့သြကြတော့။ ကလေးတွေကအစ တဟေးဟေးနှင့် ဆိုင်ကယ်နောက် တပျော်တပါး ပြေးလိုက်နေကြပြီ။

နောက်ဆုံး ညီအငယ်ဆုံး မောင်မောင်အလှည့်။ မောင်မောင်နှင့် ရွယ်တူကလေးတွေက ဝမ်းသာအားရ တစ်ရွာလုံးအနှံ့ ဆိုင်ကယ်နောက် ပြေးလိုက်ကြသည်။

မောင်မောင်အလှည့်ပြီးတော့ မောင်မောင်က သူ့သူငယ်ချင်းတွေကို ဆိုင်ကယ်စီးရသော အရသာကို ဖေါက်သယ်ပြန်ချသည်။

'ငြိမ့်နေတာပဲကွာ . . .' တဲ့။

အဲဒီအသံကြားလေ ဆိုင်ကယ်မစီးရတဲ့ မချော ပိုမရိုးမရွဖြစ်လေ ဖြစ်လာတယ်။ သူလည်း ငြိမ့်ချင်တာကိုး . . .။ ဒါကြောင့် အစ်ကိုအကြီးဆုံး ကိုအုပ်ကို မရဲတရဲနှင့် . . .

'ကိုကြီး . . . ချောလည်းဆိုင်ကယ်စီးချင်တယ်'

မချောရဲ့ စကားကို ကိုအုပ်က ခပ်တည်တည်နှင့်

'ဒါ ယောကျ်ားလေးအလုပ် . . . မိန်းကလေးအလုပ် မဟုတ်ဘူး'

ကိုအုပ်ရဲ့ ခပ်ငေါက်ငေါက်စကားကြောင့် မချောမျက်ရည်ဝိုင်းသွားသည်။ သူဆိုင်ကယ်စီးရန် လမ်းစဆုံးပြီကိုး။

ကိုအုပ်ကလည်း သူ့ကို ဤသို့ပြောလိုက်ရသော်လည်း

www.burmeseclassic.com
စိတ်တော့ သိပ်မကောင်း။ သူလည်း မချောကို ဆိုင်ကယ်တော့ ပေးစီးချင်သည်။ သို့သော် ပေးစီးလို့ကလည်း မဖြစ်။ သိတယ် မဟုတ်လား။ မချောကမျောက်။ သူ့လက်ထဲသာ ဆိုင်ကယ်ရောက် သွားလို့ကတော့ တစ်စစီဖြစ်ပြီသာမှတ်။ ဒါကြောင့် သူ့ကိုဆို ဆိုင်ကယ်အစီးသင်ပေးဖို့ မပြောနှင့် ဆိုင်ကယ်နားပင် ပေးမကပ် ရဲ။ သူဖျက်ပြီဆိုမှဖြင့် ယောကျ်ားကလေးများထက်ဆိုး၏။

ထို့ကြောင့် စိတ်မကောင်းကြီးစွာဖြင့် မချောတစ်ယောက် တည်းသာ ချန်ထားပြီး ကျန်သူအားလုံးကို ဆိုင်ကယ်အစီးသင်၊ ဆိုင်ကယ်မောင်းသင်ပေးလိုက်သည်။ (မောင်ကြည်နှင့် မောင်မောင်တော့ ချွင်းချက်ပေါ့။ သူတို့က ငယ်သေးသည်ကိုး) ကျန်သည့် ကိုစျာန်၊ ကိုမိုး၊ ကိုဆန်းတို့ဆို ကိုအုပ်၏ အသင်အပြ ကောင်းမွန်မှုကြောင့် ခဏချင်းပင် ဆိုင်ကယ်မောင်းတတ်ကုန် ကြပြီ။

ဒါကို ဆိုင်ကယ်နား ကပ်ခွင့်မသာသော မချောမှ ဆိုင်ကယ်ကို အဝေးမှပင် ခပ်ငေးငေးကြည့်ရင်း 'တစ်နေ့နေ့တော့ ကွာ . . .' ဟူသော စိတ်ကူးများဖြင့် ကြိတ်၍ ကြံစည်နေကြောင်း ကို မည်သူမှ သတိမထားမိကြပါ။

❖ ❖ ❖

www.burmeseclassic.com

မချောမျှော်မှန်းထားသော တစ်နေ့နေ့တကယ်ပင်ကျရောက်လာပါပြီ။

ထိုနေ့ကအိမ်မှာ သူနှင့် ကိုဆန်းနှစ်ယောက်ထဲရှိသည့် အပြင် ဆိုင်ကယ်ကိုလည်း မည်သူမှ စီးမသွားကြ၍ အိမ်ရှေ့တွင်အခန့်သား။ မချော ဝမ်းသာသွားသည်။

သူ ပတ်ဝန်းကျင်အရိပ်အခြေကြည့်၍ ဆိုင်ကယ်ပေါ်ပြေးခွလိုက်သည်။ ဆိုင်ကယ်ပေါ်ရောက်တော့ သူဘာဆက်လုပ်ရမှန်း မသိ။ စက်ကလည်း မနှိုးတတ်ဘဲကိုး။ ထို့ကြောင့် ဆိုင်ကယ်စက်နိုးလာနိုးနှင့် သူထင်ရာနင်းကြည့် နှိပ်ကြည့်သည်။ စက်က မနိုး။ နောက် ဒီလိုဖြစ်မယ်ထင်ပြီး တံတောင်နှင့် ထောက်ကြည့် မေးစေ့နှင့် ပွတ်ကြည့်သည်။ စက်ကမနိုး။ နောက် ကိုအုပ်တို့ ဆိုင်ကယ်စီးတုန်းက လုပ်သည့်အတိုင်း (သူထင်သည့်အတိုင်း) ဆိုင်ကယ်နောက်ဘီးကို နောက်ပြန်ဖနောင့်နှင့် ပေါက်ကြည့် သည်။ အမှန်တော့ ကိုအုပ်တို့က ကစ်စတာတာနင်းတာ။ ဒါကို သူက အဝေးကကြည့်ပြီး နောက်ဘီးကို ဖနောင့်နဲ့ ပေါက်ရင်

www.burmeseclassic.com
စက်နိုးတယ်လို့ ထင်နေခြင်း ဖြစ်သည်။ လက်နှစ်ဖက်ကို လိန်ကောက်သည်အထိ ကွေးကောက်မြှောက်တင်ကြည့်သည်။ မထူးခြား။

စက်က သူထင်သလို နိုးမလာတော့ မည်သို့ဆက်လုပ်ရမှန်းကို မသိတော့။ သူဆိုင်ကယ်စီးရသည့် အခွင့်အရေးကို လက်လွှတ်ရမလိုပင် ဖြစ်နေပြီ။ သို့သော် ဤမျှနှင့်တော့ လက်မလျှော့ချင်သေး။ တစ်နည်းနည်းနှင့်တော့ ဆိုင်ကယ်စီးရအောင်ကြံချင်သေး၏။

သူ အနီးအနား ဝေ့ကြည့်လိုက်၏။ အိမ်ရှေ့ကွပ်ပျစ်တွင် ခွေခွေကလေး အိပ်နေသော သူ့မောင် ကိုဆန်း။

ကိုဆန်းကိုမြင်တော့ မချောမျက်နှာဝင်းလက်သွား၏။

'ဟုတ်ပြီ။ ကိုဆန်းကို သင်ခိုင်းရမယ်'

ဟု စဉ်းစားမိသွားသည်။ ကိုဆန်းက ဆိုင်ကယ်မောင်းတတ်သည်ကိုး။ ထို့ကြောင့် အားရဝမ်းသာပင် ဆိုင်ကယ်ပေါ်မှ ဆင်းကာ အိပ်နေသော ကိုဆန်းဆီသွားပြီး ညင်ညင်သာသာပင် ဖင်ပိတ်ကန်ပြီး နှိုးလိုက်သည်။

'ဖုန်း . . .'

'ဟင်း . . . ဘယ်မှာလဲ၊ ဘယ်မှာလဲ . . . တာလဲ . . .'

ထိုသို့ အိပ်နေချိန်၌ ခပ်ဆတ်ဆတ် အနှိုးခံရတိုင်း မီးလောင်ပြီဟု ထင်တတ်သော ကိုဆန်းမှ ကမန်းကတမ်းထပြီး ရေပုံးပြေးဆွဲသည်။ သူရေပုံးဆီမရောက်ခင် အကြောင်းသိသော မချောက ကိုဆန်း၏ လည်ဂုတ်မှ ဆတ်ခနဲ ဆွဲမလိုက်သည်။ ကိုဆန်းလေထဲတွင် ယက်ကန် ယက်ကန် ဖြစ်နေချိန်ကြမှ။

'ဟဲ့ . . . နင့်ကိုပြောစရာရှိလို့'

'မချောကလည်း ပြောစရာရှိရင်လည်း 'ဆန်း' နိုးလာ မှ

www.burmeseclassic.com

ပြောပေါ့။ အခုက အိပ်ကောင်းနေတုန်း . . .’

‘အို . . . ဒီအချိန်ပြောမှ ဖြစ်မှာမို့ပေါ့ပါဟဲ့ . . .’

ကိုဆန်း စိတ်ညစ်သွားပြီး . . .

‘ကဲ . . . ပြောစရာရှိရင်လည်း အောက်ပြန်ချပေးဦး။ ဇက်နာလှပြီ’

ထိုတော့မှ မချောကိုဆန်းကို ဂုတ်ဆွဲမထားရာမှ ဖုတ်ခနဲ လွှတ်ချပေးလိုက်၏။ ကိုဆန်းလည်း မြေပြင်ပေါ်ကျသွားတာ တောင် မထသေးဘဲ ခွေခွေကလေး ကွပ်ပျစ်တိုင်မှီအိပ်နေသည်။

‘ငါက နင့်ကို အအေးတိုက်ဖို့ . . .’

အအေးတိုက်ဖို့ဟူသော စကားသံကြားသည်နှင့် ကိုဆန်း ၏ သေးမျှောင်သော မျက်ပေါက် တရုတ်ဇီးစေ့ခန့် ပြူးကျယ် သွားပြီး . . .

‘အအေးတိုက်ဖို့ . . . ဘာလဲ ရေခဲသုတ်လား’

ကိုဆန်း၏ အမေးကို မချောကလည်း သူ့အကွက်ထဲဝင် လာပြီမို့ အားတက်သရောဖြင့် . . .

‘အေးပေါ့ဟ . . . နင်ဘာပဲစားစား . . .’

ကိုဆန်း အားရဝမ်းသာဖြင့် ကမန်းကတမ်းထပြီး . . .

‘ဒါဆိုသွားရအောင် လမ်းထိပ်က ဦးလေးကျော်ငြိမ်းဆိုင် မဟုတ်လား . . .’

‘ဟဲ့ နေဦး အဲဒီဦးလေး ဦးကျော်ငြိမ်းဆိုင်က ရေခဲသုတ်က မကောင်းဘူးဟ . . .’

‘ဟင် . . . ဒါဆို ဘယ်ဆိုင်သွားမှာလဲ . . .’

‘ရွာထိပ်က ဦးထွန်းရင်ဆိုင် . . .’

မချော၏ စကားကြောင့် ကိုဆန်းမျက်လုံး တရုတ်ဇီးကင်း ခန့် ပြူးသွားပြီး . . .

www.burmeseclassic.com

'ရှာထိပ်က ဦးထွန်းရင်ဆိုင် . . .'

'အေး . . .'

'ဟာ . . . အဝေးကြီး ဘာနဲ့သွားမလဲ . . .'

'ဆိုင်ကယ်နဲ့ . . .'

မချော၏ ဆိုင်ကယ်နဲ့ဟူသော စကားကြောင့် ကိုဆန်း တွန့်သွားပြီး . . .

'ဟင် . . . ဆိုင်ကယ်နဲ့ . . . ဆိုင်ကယ်နဲ့ဆို မသွားရဲဘူး ကိုကြီး (ကိုအုပ်) အော်လိမ့်မယ် . . .'

'အို . . . ဒါငါ့ကိစ္စထားစမ်းပါ . . . နင်သာ ရေခဲသုတ် စားပြီး ငါ့ကို ဆိုင်ကယ်စီးသင်ပေး . . .'

ကိုဆန်းကို ဆိုင်ကယ်ပေါ် မြှောက်တင်ပစ်ချလိုက်သည်။

ကိုဆန်း ဆိုင်ကယ်ပေါ် အွတ်ခနဲ ကျသည်နှင့် မချော ဆိုင်ကယ်အနောက်ခုံကို တက်ခွလိုက်သည်။

'ကဲ မောင်း . . .'

ဟုဆို၍ ကိုဆန်း၏ နားရင်းပေါ် သူ့လက်ဖဝါးကြီး တင် လိုက်၏။

ကိုဆန်းလည်း ဘာမှ မပြောသာတော့။ ဆိုင်ကယ် မမောင်း၍လည်း မဖြစ်တော့။ မချောကိုက ကြောက်ရသည်ကိုး။ သိတယ်မဟုတ်လား မချောကလည်း မထင်ရင် မထင်သလို နားပန်ကျင်း ဖင်ပိတ်ကန်က လုပ်တတ်သေးသည်ကိုး။

ထို့ကြောင့် ဆိုင်ကယ်စက်ကို နှိုးလိုက်ရသည်။ နောက် ဂီယာထိုးလိုက်သည်။ နောက် လီဗာကို တဖြည်းဖြည်းဆွဲပြီး ဆိုင်ကယ်ကို မောင်းထွက်လိုက်သည်။ အနောက်ကထိုင်နေသည့် မချောက ကိုဆန်းလုပ်သမျှတစ်ခုမကျန် မှတ်သားရင်း ကိုအုပ် ထံမှ အလစ်သုတ်ထားသော တရုတ်ဖိုက်ဘာမျက်မှန်နက်ကို

www.burmeseclassic.com

ခပ်တည်တည်ထုတ်တပ်လိုက်သည်။ ထိုမျက်မှန်တပ်ပြီးကတည်း က သူ ဘာမှ မမြင်တော့။ သို့သော် ကိစ္စမရှိ။ ဆိုင်ကယ်စီးတုန်း စတိုင်ကျဖို့က ပိုအရေးကြီးသည် မဟုတ်ပါလား။ (ဒါတောင် ကလေးလေမှုတ်ခေါင်းအုံး ဒူးမှာချည်ဖို့ မှတ်ရန် မမီတော့လို့ မတပ်ခဲ့တာ)

သူ့တွက်ကိန်း မှန်ပါသည်။ ထိုမျက်မှန်တပ်ပြီးမှ သူတို့ဖြတ်သွားရာလမ်းတစ်လျှောက် ရွာသားများအားလုံး သူတို့ကိုငေးကြည့်သွားကြရလေသည်။ ငေးမကြည့်၍မရ။ မချောရုပ်ခံနဂိုပုံစံကိုက လူမြင်လျှင်ပင် ခါးကြားထဲက ဓါးဆွဲထုတ်ပြီးခုတ်တော့မည့် ဂျပန်လူကြမ်းရုပ်။ အခု အင်မတန် ရုပ်ချောသည့်ဟောလီးဝုဒ် ရုပ်ရှင်မင်းသား ဂျိမ်းဒင်းပင် လင်းဝက် ဖြစ်သွားရလောက်အောင် စွမ်းသော တရုတ်မျက်မှန်နက်ကြီး တပ်ထားလိုက်တော့ သူ့ပုံမှာ ဆံပင်ဖားလျားနှင့် အီးတီမျက်လုံး ကတ္တရာပုံးမှောက်ထားသလိုကြီး ဖြစ်နေလေတော့သည်။

သို့သော် ကိစ္စမရှိ။ မျိုးရိုးအလိုက် စတိုင်ကျရန်သာ ဂရုစိုက်တတ်သော ကျွန်တော့်အစ်မ မချော တရုတ်မျက်မှန်နက်ကြီးတပ်ပြီး ခပ်တည်တည်နှင့် ဘေးဘီဝေ့ကြည့်လိုက်သေး၏။ သူ့မျက်လုံးထဲ ရိပ်ရိပ်တွေ့လျှင် လက်ထောင်ပြီး နှုတ်ဆက်ရင်း ဝမ်းသာနေသည်။ သူ့မျက်လုံးထဲမှ ရိပ်ရိပ်မှာ ညောင်ပင်လောက်မြင်မှ ညဘက်လူခြေတိတ်တုန်း ဘယ်သူမှ မသိအောင် တက်ခိုးသော သူခိုးဖြတ်သွားသလောက်သာ မြင်ကြောင်းကို သူမသိ။ သူသိတာက စတိုင်။

ဤသို့ဖြင့် ရွာထိပ်က ဦးထွန်းရင်အအေးဆိုင် ရောက်လာသည်ဆိုပါတော့။

ဦးထွန်းရင် အအေးဆိုင်သည် ရွာအဝင်ဝ ရွာဦးဘုန်း

www.burmeseclassic.com
ကြီးကျောင်းကို အဖီထိုးတည်ဆောက်ထားခြင်း ဖြစ်သည်။ သူ့ဆိုင်မှာ ဆိုင်ကြီးဆိုင်ကောင်းတော့ မဟုတ်။ ခုံတန်းရှည်တစ်လုံး၊ ကုလားထိုင် သုံးလေးလုံးနှင့် ခနော်နီ ခနော်နဲ့ တည်ဆောက်ထားသော ခပ်စုတ်စုတ်ဆိုင်ဖြစ်သည်။ သို့သော် သူ့ဆိုင်တွင် အအေးမျိုးစုံအပြင် ကြံရည်၊ ရေခဲသုတ် စသည်တို့ကိုပါ စုံလင်စွာရရှိ သဖြင့် ကိုဆန်းတို့ အကြိုက်တွေ့နေရခြင်းပင် ဖြစ်၏။

ဦးထွန်းရင်ဆိုင်ရှေ့ မချောတို့ ရောက်သည်နှင့် ဦးထွန်းရင် ဆိုင်ဝထွက်ကြည့်သည်။ ကိုဆန်းနှင့် မချောနှစ်ယောက်လုံး ဆိုင်ကယ်ပေါ်မှ ခပ်တည်တည် ဆင်းလိုက်သည်။ နောက် ကိုဆန်းက တရုတ်မျက်မှန်နက်ကြီးနှင့် ခံ့ထည်နေသော မချောကို ဆိုင်ထဲ တွဲခေါ်လိုက်သည်။ မတွဲထား၍ မဖြစ်။ မချောက ဘာမှ မြင်တာမှ မဟုတ်တာ။ မချောကိုကြည့်ပြီး အအေးဆိုင်ပိုင်ရှင် ဦးထွန်းရင်ပင် လက်ကလေးထောင်ပြီး 'ဒါဘယ်နှချောင်းလဲ' ဟု မေးချင်စိတ်ပေါက်သွားဟန်ရ၏။ သူ့လက်ကလေးကို မြှောက်၍ ဟိုဘက်ရမ်းလိုက် ဒီဘက်ရမ်းလိုက် ဖြစ်နေ၏။ မချောကတော့ ဦးထွန်းရင်ကို ဂရုမစိုက်ဘဲ ဆိုင်ထဲ စမ်းစမ်း စမ်းစမ်းနှင့်ဝင်ပြီး ခုံတစ်လုံး ဆွဲယူထိုင်လိုက်သည်။ နောက် 'ကြံရည်တစ်ခွက် ရေခဲ သုတ်တစ်ပွဲ' ဟု လှမ်းမှာလိုက်သည်။ ကြံရည်က သူသောက်ဖို့ ရေခဲသုတ်က ကိုဆန်းအတွက်။

ခဏကြာတော့ ဦးထွန်းရင် ကြံရည်တစ်ခွက်နှင့် ရေခဲသုတ်တစ်ပွဲ လာချပေး၏။ ဦးထွန်းရင် လာချပေးသည်နှင့် မချောက ကြံရည်ခွက်ကို စမ်းယူလိုက်ပြီး ဂွပ်ဂွပ်နှင့် အကုန်သောက်ချလိုက်သည်။ သူက သူ့အကြံနှင့် သူကိုး။ ကြံရည်လည်းကုန်သွားရော၊ အိတ်ထဲမှ ပိုက်ဆံတချို့ကိုထုတ်ပြီး ကိုဆန်းကို . . .

'ရော့ . . . နင်အအေးဖိုးရှင်းလိုက် . . . ငါ ဆိုင်ကယ်

www.burmeseclassic.com
စက်နှိုးထားလိုက်မယ်’

ဟုဆို၍ ဆိုင်ကယ်သော့ကို လှမ်းယူကာ ဆိုင်ကယ်ရှိရာ ကျော်ခွထွက်သွား၏။

မချောလည်း ဆိုင်ကယ်နားရောက်သည်နှင့် အအေးဆိုင်ရှင် ဦးထွန်းရင်ဆိုင်အပြင်သို့ ထွက်လာပြီး မချောကို တအံ့တသြ ကြည့်သည်။ ဂျပန်လူကြမ်းရုပ်နှင့် မိန်းကလေးတစ်ယောက် ဆိုင်ကယ်စီးမည်ဆိုတော့ သူ့စိတ်ထဲမှာ အထူးအဆန်း ဖြစ်နေပုံရ သည်။

မချောကတော့ ခပ်တည်တည်ပင် ဆိုင်ကယ်ပေါ် တက်ခွ လိုက်ပြီး သူ့မျက်မှန်ထဲ ဝိုးတဝါး မြင်နေရသော ဦးထွန်းရင်ကို ဆာမူရိုင်းပြုံး ပြုံးပြလိုက်သည်။ ဦးထွန်းရင်လည်း ယောင်ပြီး သူ့ကို နင်ဂျာပြုံး ပြန်ပြုံးပြသည်။

ဤသည်ကိုပင် မချောမည်သို့ စိတ်ကူးပေါက်သည်မသိ ဆိုင်ကယ်ဦးခေါင်းကို ဦးထွန်းရင်ဘက် ဆတ်ခနဲလှည့်လိုက်သည်။ နောက်မျက်နှာကို ရှုံ့မဲ့၍ ကစ်စတာတာကို ‘ဖုန်း’ ခနဲ အားကုန် ဆောင့်နင်းလိုက်ရာ ဆိုင်ကယ်က ဂီယာဝင်နေသဖြင့် ‘ဝုန်း’ ခနဲ ခုန်ထွက်သွားပြီး သူ့ကို ပြုံးကြည့်နေသော ဦးထွန်းရင်၏ ပေါင်ခြံကြားသို့ ‘ဒုန်း’ခနဲ ပြေးဝင်သွား၏။ ဦးထွန်းရင်လည်း ဆိုင်ကယ် သူ့ဆီပြေးဝင်လာသည်ကို မြင်တော့ လန့်ပြီး. . .

‘အောင်မလေးဗျ’

ဟု သံကုန်အော်ကာ မျက်လုံးစုံမှိတ်၍ အနောက်ဘက်သို့ ခြေစုံခုန်ဆုတ်လိုက်၏။ ဆိုင်ကယ်ကလည်း ကွက်တိပင် အရှိန် ပြင်းစွာ ပြေးဝင်သွားရာမှ သူ့ပေါင်ခြံကြားရောက်မှ ‘ကျွိ’ ခနဲ ရပ်သွား၏။ ဦးထွန်းရင်လည်း ကြောက်လန့်တကြား မျက်လုံး စုံမှိတ်ထားရာမှ မျက်လုံးဖွင့်ကြည့်လိုက်ရာ . . .

www.burmeseclassic.com

'အောင်မလေး . . . ဘာကြီးလဲဟ'

သူ့မျက်နှာနှင့် ထိလုထိခင် လက်နှစ်လုံးအကွာသို့ ရုတ်ချည်း ရောက်နေသော မျက်မှန်နက်နှင့် ဂျပန်လူကြမ်းမျက်နှာ ကိုမြင်တော့ လန့်သွား၏။ နောက်သို့ပေါင်ခြံကြားထဲ ထက်ဝက် ခန့်တိုးဝင်နေသော ဆိုင်ကယ်အရှေ့ဘီး။ ဦးထွန်းရင် "အမေရေ" ဟု မြည်တမ်းကာ တွန့်တက်သွားပြီး အနောက်ဘက်သို့ ခြေနှစ် လှမ်းခန့် ယိုင်တိုင်တိုင်နှင့် ဆုတ်သွား၏။ ကြက်သီးမွေးညှင်းများ ထသွားသည်။ ဆံပင်များ ထောင်သွားသည်။

မချောကလည်း ဆိုင်ကယ်စက်မနှိုး၍ထင့် ဆိုင်ကယ် စက်ထပ်နှိုးရန်မာန်တင်း၍ ဆိုင်ကယ် ကစ်စတာတာပေါ် ခြေ ထောက် ထပ်တင်လိုက်သည်။

ထိုအပြုအမူကို မြင်သော ဦးထွန်းရင်မှာ ဒီတစ်ခါတော့ သေချာပြီ၊ နှလုံးသားမရှိတဲ့ဘဝ မထူးတော့ပါဘူးလေဟု အောက် မေ့မိ၍လားတော့မသိ 'အောင်မလေးအမေရဲ့' ဟု အော်ကာ အကာအကွယ်ရလိုရင်း ဒူးနှစ်ဖက်ကို အထဲဘက် ခွင်ထည့်၍ မျက်စိကိုစုံမှိတ် အံကြိတ်ရပ်နေလိုက်သည်။

မချောကလည်း 'ဒါတွေကျွန်မ မသိဘူး' ဆိုသည့်ဟန် မျိုးနှင့် ကစ်စတာတာ ဆောင့်နင်းချရန် အားယူလိုက်စဉ် . . .

'မချော . . . ဆိုင်ကယ်ဂီယာဝင်နေတယ်'

'ဟင် . . .'

'ဆိုင်ကယ် . . . ဆိုင်ကယ် . . . ဂီယာဝင်နေတယ် ခဏ နေဦး . . .'

ဟု ကိုဆန်းအော်ပြီး ဆိုင်ကယ်ကို ကမန်းကတမ်း ပြေးဆွဲ လိုက်သည်။ မချောဆိုင်ကယ်ကစ်စတာတာ ဆက်မနင်းဖြစ် တော့။ ဦးထွန်းရင်ကတော့ ကြောက်အားလန့်အားနှင့် ခြေကို

www.burmeseclassic.com

ခွင်၍ မျက်လုံးကိုမှိတ် အံကြိတ်ရပ်နေတုန်း . . .

'ဆိုင်ကယ်ပေါ်က ခဏဆင်းဦး ဂီယာဖြုတ်လိုက်ဦးမယ်'

ကိုဆန်းစကားကြောင့် မချောဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။ ဦးထွန်းရင်ကတော့ မချောလုပ်သမျှကို ခါးလယ်မှ ခပ်ဆတ်ဆတ်အရိုက်ခံထားရသော ဖားပေါင်စင်းလို မျက်လုံးကလေးပြူးပြီး တုန်ရင်စွာလိုက်ကြည့်သည်။ နောက် . . . သူ့ဆိုင်တွင် ချိတ်ဆွဲထားသော အမေနံကရိုင်းမယ်တော်ရုပ်တုကို အဝတ်စလေးတစ်ခုနှင့် နွမ်းချိချိသုတ်ပြီး . . .

'သားတော်ကံနိမ့်နေပါတယ် အမေမယ်တော် သားတော်ကို ကယ်တော်မူပါ' ဟုဆိုပြီး ဘယ်နှကြိမ်မှန်းမသိ မြေပြင်ပေါ်ပြားပြားဝပ် ထိုင်ကန်တော့နေလေတော့၏။

ထိုစဉ် . . .

တဖုန်းဖုန်းဆိုင်ကယ်သံကြား၍ မသက်မသာဖြစ်ပြီး လှည့်ကြည့်လိုက်ရာ။

'ဟင် . . .'

လမ်းတစ်ဖက်မှနေ၍ သူ့ထံ အရှိန်ပြင်းစွာပြေးဝင်လာရန် ရှန်းကန်နေသော မချောနှင့် ဆိုင်ကယ်။ ဆိုင်ကယ်နောက်မြီးကို အားကုန် ခြေကန်ဆွဲနေသော ကိုဆန်း။

'အောင်မလေးဗျ'

ဦးထွန်းရင် နံကရိုင်းမယ်တော်ကို ကန်တော့နေရာမှ ကြောက်လန့်တကြား ထခုန်သည်။ ဆိုင်ကယ်ဦးခေါင်းက သူ့ကိုမှ သူ့ကို တည့်တည့်ဦးတည်နေပြန်ပြီ။ ဦးထွန်းရင်လည်း ထိုအဖြစ်ကို မြင်သော် ကြက်သီးများ 'ထ' ဆံပင်မွေးများထောင်၊ မျက်လုံးများလည်သွားကာ . . .

'လာပြန်ပြီအမေရဲ့ . . . ငဲ'

www.burmeseclassic.com

ဟု ကြောက်လန့်တကြား အော်ဟစ်ငိုယိုပြီး တောင်ဘက် လှည့်ပြေးရန် ပြင်သည်။ ဆိုင်ကယ်ဦးခေါင်းက ကိုဆန်းခြေကန်ဆွဲ လိုက်သော အရှိန်နှင့် တောင်ဘက်သို့ လှည့်လာလေ၏။မြောက် ဘက်လှည့်ပြေးရန် ပြင်သည်။ ဆိုင်ကယ်ဦးခေါင်းက အရှိန်နှင့် မြောက်ဘက်သို့ ပြန်လှည့်လာပြန်သည်။ ဦးထွန်းရင် ဘယ်လိုမှ ပြေးမလွတ်၊ ဆိုင်ကယ်နှင့် ဦးထွန်းရင် 'ဦးထွန်းရင်နှင့် ဆိုင်ကယ်' ထုတ်စီးထိုးနေသလို ဖြစ်နေပြီ။ သူပြေးရာဘက် ဆိုင်ကယ် ဦး ခေါင်းက အရှိန်ပြင်းစွာပေါက်တော့မည့် တောကြီးမြွေ ဟောက်လို ခေါင်းတယမ်းယမ်းနှင့် ရှန်းကန်နေလေပြီ။

ထို့ကြောင့် ဦးထွန်းရင်လည်း မထူးတော့ဘူးဟု တွေးမိ၍ လားမသိ။

'အောင်မလေး အမေရဲ့ . . . သားတော့ပြေးပြီအမေ ရေ့ . . . ပြေးပြီဗျ . . . ငွဲ . . .'

ဟု ငယ်သံပါအောင် အော်ဟစ်ငိုယိုရင်း လက်နှစ်ဖက်ကို ဘေးချ လက်ဖျားကိုကောက်နေအောင်ကော့ပြီး နောက်ဆုံး ထွက် ပေါက်ဖြစ်သည့် ဘုန်းကြီးကျောင်းအုတ်နံရံဘက်သို့ ခြေကုန်သုတ် ပြေးလေသည်။

ထိုအချိန်မှာပင် ကိုဆန်းကလည်း ဆိုင်ကယ်ကို ခြေကန် ဆွဲထားရာမှ မဆွဲနိုင်တော့ဘဲ လွှတ်ချလိုက်ရာ မချောနှင့် ဆိုင် ကယ်သည် 'ဝုန်း' ခနဲ ခုန်ထွက်သွားပြီး ဦးထွန်းရင်ပြေးရာနောက် သို့ လေးညို့မှပစ်လွှတ်လိုက်သော မြားသဖွယ် အရှိန်ပြင်းစွာ ပြေး လိုက်သွားလေတော့သည်။ ထိုတော့မှ ကိုဆန်းလည်း ဆိုင်ကယ် နောက်သို့ ဂျွမ်းထိုးလဲကျမတတ် လက်နှစ်ဖက် ရှေ့ဆန့်တန်းရင်း အတင်းပြန်ပြေးလိုက်လေ၏။

ဦးထွန်းရင် ပြေးရင်းပြေးရင်း ဘုန်းကြီးကျောင်းအုတ်နံရံ

www.burmeseclassic.com
သို့ ရောက်သောအခါ ထပ်ပြေးစရာ မြေမရှိတော့၊ ဘုန်းကြီးကျောင်းအုတ်နံရံကလည်း မြင့်တော့ ခုန်တက်လို့လည်း မမီ။ ပြန်လှည့်ကြည့်လိုက်တော့ သူ့ထံ အရှိန်ပြင်းစွာ ပြေးဝင်လာသော မချောနှင့်ဆိုင်ကယ်။ ဆိုင်ကယ်နောက်မှ ခြေထောက်ဘီးတပ်ထားသလား အောက်မေ့ရလောက်အောင် အားကုန်ပြေးလိုက်လာသော ကိုဆန်း။ ဦးထွန်းရင်လည်း ဒီတစ်ခါတော့ မလွဲလောက်တော့ဘူး အောက်မေ့၍လားမသိ။

'သေပါပြီ . . . အမေရဲ့ . . . သေပါပြီ . . . ငွဲ . . . '

ဟု အော်ဟစ်ငိုယိုကာ ဘုန်းကြီးကျောင်းအုတ်နံရံကိုမှီကာ လွတ်ရာလွတ်ကြောင်း ခြေနှစ်ဖက်ခွဲ၊ လက်နှစ်ချောင်းချဲ့ရင်း ခေါင်းကိုမော့ ဖင်ကိုကော့၊ မျက်လုံးကိုမှိတ်၊ အံကြိတ်ရပ်နေလိုက်သည်။

မချောနှင့် ဆိုင်ကယ်ကလည်း 'ငါတို့က ဒါမှဒါပဲ'ဟု ထင်ရလောက်အောင် ဦးတည်ချက် လုံးဝမပြောင်းဘဲ ဦးထွန်းရင်၏ ပေါင်ခြံသို့ အရှိန်ပြင်းစွာ ပြေးဝင်လာ၏။

ဦးထွန်းရင်လည်း ဆိုင်ကယ်စက်သံ သူနှင့် ပို၍နီးကပ်လာသောအခါ ခေါင်းယမ်းခါ တုန်တက်သည်အထိ ပါးစပ်ကိုဖြဲ အံကိုကြိတ်၍ ကံကြမ္မာကို ခြေခွဲ၍တင်ကျစ်ပြီး စောင့်နေလေ သည်။ ဆိုင်ကယ်ခေါင်းထိလုထိခင် အချိန်ကြမှ ဆိုင်ကယ်နောက် ပြေးလိုက်လာသော ကိုဆန်းမှ 'ဟိုင်းယား' ညာသံပေး၍ ဒိုင်ဗင်ထိုးပြေးဖမ်းလိုက်ရာ ဆိုင်ကယ်အနောက်မြီးကို ဖမ်းမိပြီး ဆိုင်ကယ်မှာ ဦးထွန်းရင်ပေါင်ခြံနှင့် လက်နှစ်လုံးအကွာတွင် 'ကျွိ'ခနဲ ရပ်သွားလေသည်။ သို့သော် မချောကြောင်ပြီး ဆိုင်ကယ် လီဗာကို အားကုန်ဆွဲတင်ထားသည့်အတွက် ဆိုင်ကယ်စက်သံက တဝှီးဝှီး အော်မြည်နေသည့်အပြင် ဆိုင်ကယ်ဦးခေါင်းကလည်း

www.burmeseclassic.com
ဦးထွန်းရင်၏ လုံချည်ခါးပုံစကို ဖလပ်ဖလပ်နှင့် ဖက်ယမ်းနမ်းရှုပ်နေလေသည်။ ထို့ကြောင့် ဦးထွန်းရင်လည်း မျက်လုံးကို ဖွင့်မကြည့်ရဲဘဲ . . . မျက်လုံးကိုမှိတ် မျက်ခုံးကိုပင့် တင်ကိုကျစ်နေရာမှ

'ကွဲပါပြီ အမေရဲ့ . . . အသည်း အသည်း . . . ငဲ . . . ' ဟု အော်မိအော်ရာ အော်ဟစ်ငိုယိုပြီး တင်ပါးဆုံကိုကျစ်နေ အောင်ရှုံ့ကောက်၊ ဗိုက်ကိုခွက်နေအောင် အသက်ကိုအောင့်ရင်း မျက်ရည်၊ နှပ်၊ ဇောချွေးတို့ကို အတန်းလိုက် ဖြစ်သည်အထိ အော်ဟစ်ငိုယို နေလေသည်။ ကိုဆန်းကလည်း ဆိုင်ကယ်ကို ဒိုင်ဗင်ပစ် အံကြိတ် ဆွဲထားရာမှ . . .

'မချောလီဗာလျှော့ . . . လီဗာလျှော့ . . . လီဗာလျှော့လိုက်'

ဟု သံကုန်အော်ဟစ် သတိပေး၏။ မချောက 'ဟင် . . . ဘယ်ဟာလဲ' ဟု ကြောင်ပြီး ပြန်အော်သည်။ ကိုဆန်းကလည်း ကမန်းကတမ်း . . .

'လက်ကဟာ . . . လက်ကဟာ . . . လက်ကဟာကို လွှတ်လိုက် . . .'

ဟု ပြန်အော်လိုက်မှ မချောဆိုင်ကယ်လက်မှ လီဗာကို ကမန်းကတမ်း လွှတ်လိုက်သည်။ ထိုတော့မှ တဖုတ်ဖုတ် မြည်သံပေး၍ ဆိုင်ကယ်ထိုးရပ်သွားတော့၏။ ဒါတောင် အရှိန်မကုန်သေး၍ ဦးထွန်းရင်၏ ခါးပုံစကို ဆိုင်ကယ်အရှေ့ဘီးက တွန့်ခနဲ တွန့်ခနဲ အသာအယာ ထိပ်ပုတ်တမ်း ကစားသလိုဝှေ့ယမ်း တို့ထိ ကစားနေသေး၏။

ဆိုင်ကယ်စက်သံ လုံးဝရပ်သွားတော့မှ ဦးထွန်းရင်လည်း မရဲမတင်း၊ မရှုမရဲ မျက်လုံး ဖွင့်ကြည့်လိုက်ရာ . . .

www.burmeseclassic.com

'ဟင်'

သူနှင့် နှာခေါင်းချင်း ထိမတတ် နေရာတွင် ရှိနေသော မျက်မှန်နက်နှင့် မချောမျက်နှာကို မြင်တော့ အံ့အားသင့်သွားသည်။ နောက် ဘာဖြစ်သွားသည် မသိ။

'အောင်မလေး အမေရဲ့ . . .'

ဟု အော်မြည်ရင်း မျက်လုံးကိုမှိတ်၊ ပခုံးကိုတွန့်မြှင့်၊ တင်ကိုရှုံ့၊ လက်ဖျားနှစ်ဖက်ကိုကော့မြှောက် ခြေဖျားကိုထောက်ပြီး တက်မတတ်၊ ချက်မတတ် အော်လေသည်။

မချောကလည်း ခပ်တည်တည်ပင် ဦးထွန်းရင်ဘက်ကို ဆတ်ခနဲ နောက်ပြန်လှည့်ကြည့်လိုက်သည်။ မချောလှည့်ကြည့်သည်ကို မြင်သည် နှင့် ဦးထွန်းရင်ပခုံးကိုကျုံ့ အရပ်ကိုထောက်၊ လက်ဖျားကို တေ့ပြီး တွန့်သွားပြန်သည်။ နောက်တဖြည်းဖြည်းချင်း ဦးထွန်းရင်၏ နှုတ်ခမ်းကွေးကွေး ကျလာသည်။ နှာခေါင်းပွပွ တက်လာသည်။ မျက်ခွံများ စင်းကျလာသည်။ နောက် . . .

'အဟင့် . . .'

ဟူသော အသံနှင့်အတူ မျက်လုံးမှ မျက်ရည်၊ နှာခေါင်းမှ နှပ်၊ ပါးစပ်မှ သွားရည်များ တစ်ပြိုင်တည်း ထွက်ကျလာပြန်သည်။ နောက် . . . မျက်လုံးမှေး . . . နှာခေါင်းပွနီပြီး ပါးစပ်ကြီး ပြဲတက်လာ၏။ တစ်ဆက်တည်းမှာပင် မျက်ရည်နှင့် နှပ်များသည် သူ့မျက်နှာ၏ အရေးအကြောင်းအတိုင်း စီးဆင်းကျလာရာမှ သူ၏ ပြဲတက်နေသော ပါးစပ်ကိုကွေ့ဝိုက်ကာ နှုတ်ခမ်းထောင့်ရောက်သောအခါ သွားရည်များနှင့် ပေါင်းစီးမိပြီး မေးဖျားမှ ရင်ဘတ်ထိ ကြွက်မီးတန်းနေ၏။

မချောလည်း ဦးထွန်းရင်ကိုကြည့်ပြီး . . . ဘာစိတ်ကူးပေါက်ပြန်သည် မသိ။ ဦးထွန်းရင်ကို တစ်ချက် လှည့်ကြည့်ပြီး

www.burmeseclassic.com
ဆိုင်ရှေ့ကို ကိုင်းကိုင်း ကိုင်းကိုင်းနှင့် ခပ်တည်တည် ပြန်ထွက်လာပြီး ဆိုင်ထဲမှ စားပွဲကို 'ဒုန်း'ခနဲ ထုပြီး ခုံတစ်လုံး ကို 'ဖုန်း' ခနဲ ကန်ထုတ်လိုက်သည်။ ထိုအဖြစ်ကိုလည်း ဦးထွန်းရင်မှာ ကားဘီးပေါက်သံကြားရသော တိရစ္ဆာန်ရုံမှ မျောက်သဖွယ် လက်များကုပ်သွားပြီး ပခုံးများမြင့်တက်ကာ အံကြိတ်၍ ကွေးမြောက်သွား၏။

မချော ဆိုင်အပြင်ရောက်သွားတော့မှ ဦးထွန်းရင်ခမျာလည်း ကြောက်လန့်ရှိန် မပျယ်သေးသော မျက်နှာငယ်ကလေးနှင့် သူ၏ တုန်ရင်နေသော ဒူးများကို လက်ဖနောင့်နှင့် ပြန်လည်မကိုင်ကာ တစ်လှမ်းချင်း ဆိုင်တွင်းပြန်၍ လှမ်းလာ၏။ မျက်ရည်၊ နှပ်၊ သားရည်များကိုမူ သတိမရ၍လား မသိ။ သုတ်မပစ်မိသေး။ ဆိုင်ထဲရောက်သည်နှင့် နံကရိုင်းမယ်တော်ရုပ်ကိုတွေတွေကြီး ကြည့်ပြီး . . .

'သားတော် ကံနိမ့်နေပါတယ်ဆိုမှ . . . မယ်တော်ကယ်တင်တော်မူပါဆိုမှ . . . အဟင့် . . . ' ဟု ရေရွတ်ပြီး ဆောင့်ကြောင့်ထိုင်ချကာ . . . နံကရိုင်းမယ်တော်ရုပ်ကို ပေါက်ဆိန် ပေါက်ဘယ်နှုကြိမ်မြောက်မှန်းမသိ ရှိခိုးနေပြန်၏။

ထိုစဉ် . . .

ဆိုင်ကယ်သံကြား၍ လှည့်ကြည့်လိုက်ရာ ဆိုင်ကယ်ပေါ်တွင် မျက်မှန်နက်နှင့် မချော။ မချောကိုမြင်တော့ ဦးထွန်းရင်လည်း မနေနိုင်တော့ဘဲ . . .

'ဟင် . . . ကောင်မလေး နင် မောင်းဦးမယ် . . . '

ဟု လှမ်းမေး၏။ မချောကလည်း ခပ်တည်တည်ပင်

'အိုး . . . မောင်းဦးမှာပေ့ါ ဘာဖြစ်လို့လဲ'

ဟု ဆိုလိုက်သည်နှင့် ဦးထွန်းရင်ဆောင့်ကြောင့်ထိုင်နေရာ

www.burmeseclassic.com

မှ ကမန်းကတမ်းထပြီး . . .

'ဟေ . . . အေးအေး အဲဒါဆို ခဏနေဦး ငါဆိုင်သိမ်း လိုက်ဦးမယ် . . . အဟင့်'

ဟု ဆိုပြီး မြွေခွံအိတ်တစ်လုံးကို ကမန်းကတမ်းယူကာ သူ့ဆိုင်ထဲရှိသော အအေးပုလင်းများ၊ ဖန်ခွက်များ၊ ကြံပိုင်းများ ခွေးခြေခုံပုကလေးများနှင့် သိမ်းလို့ရတာမှန်သမျှ မြွေခွံအိတ်ထဲ ကောက်ထည့်နေလေသည်။ အားလုံးသိမ်းပြီးတော့မှ သူ့ဆိုင်ရှေ့ ခုံတန်းကလေးပေါ်တွင် ဆောင့်ကြောင့်ကလေးထိုင်ပြီး မချောနှင့် ဆိုင်ကယ်ကို ငေးကြည့်နေပြန်၏။ သူ့ခမျာ ကြောက်ကလည်း ကြောက်၊ မိန်းကလေးဆိုင်ကယ်စီးတာကို ကြည့်ကလည်း ကြည့် ချင်မို့ထင်သည်။ ခုံတန်းကလေးပေါ် ဆောင့်ကြောင့်ထိုင်နေရာမှ အိပ်တန်းတက်ကြက်များလို ဟိုဘက်ရွှေ့လိုက် ဒီဘက်ရွှေ့လိုက် နှင့် နေရာရွှေ့ရင်း မချောကို ကြည့်သည်။ ကိုဆန်းကလည်း ဒီတစ်ခါ အလွတ်မပေးချင်တော့၍ထင့် ဆိုင်ကယ်အနောက် ကယ်ရီယာ ခုံတွင် အစောကြီး ဝင်ထိုင်ထားလိုက်သည်။ ပြီးတော့ အနောက်မှ နေ၍ . . .

'မချော . . . လီဗာလျှော့။ ဂီယာကိုဖြည်းဖြည်းထိုး'

ဟု ဆို၍ မချောဆိုင်ကယ်မောင်းစဉ် အတိမ်းအစောင်း မရှိအောင် အနောက်မှနေ ကွန်မန်းပေးနေ၏။ ဒီတစ်ခါတော့ မချော ကိုဆန်းပြောသည့်အတိုင်း လီဗာလျှော့ဆို လီဗာ လျှော့လိုက်သည်။ ဂီယာထိုးဆိုမှ ဂီယာထိုးလိုက်သည်။ နောက် 'လီဗာတင်' ဆိုသည့်နေရာကျမှ မျက်နှာကိုရှုံ့မဲ့သည်အထိ လီဗာ ကို ဆတ်ခနဲ ဆောင့်တင်လိုက်ရာ၊ ဆိုင်ကယ်က အရှိန်နှင့် 'ဝှန်း' ခနဲ အရှေ့ ဘီးထောင်ပြီး ခုန်ထွက်သွား၏။ ထိုအရှိန်ကြောင့်ပင် ဆိုင်ကယ် အနောက်ကယ်ရီယာခုံတွင် ထိုင်နေသော ကိုဆန်း

www.burmeseclassic.com
'ဖုန်း' ခနဲ အနောက်ကို ကျွမ်းပစ်ကျသွား၏။ ကိုဆန်းကလည်း လျင်သည်။ ဆိုင်ကယ်ပေါ်မှ ကျွမ်းပစ်ကျသွားတာတောင် အလစ် မပေးဘဲ မီရာဆိုင်ကယ်အနောက်မြီးကို ဟိုင်းယားညာသံပေး၍ ဆတ်ခနဲ ဒိုင်ဗင်ပစ် လှမ်းဆွဲလိုက်သည်။ သူဆွဲလိုက်သော အရှိန် ကြောင့်ပင် ဆိုင်ကယ်အရှေ့ဘီးက 'ဝုန်း'ခနဲ ထောင်တက်သွားပြီး အအေးဆိုင် ခုံတန်းတွင် သူတို့ကို ကြောင်ငေးကြည့်နေသော ဦးထွန်းရင်၏ ပေါင်ခြံကို ပေါက်တော့မည့် တောကြီးမြွေဟောက် အလား ဦးတည်ထောင်တက်သွားပြန်၏။

ဦးထွန်းရင်လည်း သူ့ထံ မြှောက်တက်လာသော ဆိုင် ကယ်အရှေ့ဘီးကို မြင်သည်နှင့် မျက်လုံးကြီးပြူးပြီး . . .

'ဟဲ့ သောက်ပလုတ်တုတ် . . . လာပြန်ပြီ အမေရဲ့ . . . ငဲ . . . '

ဟု အော်ဟစ်ငိုယိုကာ လွတ်လိုလွတ်ငြား ခုံတန်းပေါ် ရပ်ရင်း လွတ်လိုလွတ်ငြား ဆိုင်ကယ်အရှေ့ဘီးကို သူ့လက် ဖနောင့်နှင့် တွန်းဖယ်ကြည့်၏။ ဆိုင်ကယ်ကလည်း ကိုဆန်း ခြေကန်ဆွဲ လိုက်သော အရှိန်ဖြင့် သူ့ပေါင်ခြံတည့်တည့် ပတပ် ထရပ်သည့် မြင်းရိုင်းအလား ဦးခေါင်းတယမ်းယမ်းနှင့် ဖြစ်နေ၏။ ဦးထွန်းရင် ဆိုင်ကယ်အရှေ့ဘီးကို မည်သို့မှ တွန်းရွှေ့မရသည့် အပြင် ဆိုင်ကယ်အရှေ့ဘီးကို သူနှင့်နီးကပ်စွာ မြင်ရ၍ ဦးထွန်း ရင်လည်း 'ဝရား' ဟု အသံထွက်အော်ငိုလိုက်သည်။ နောက် လွတ်လို လွတ်ငြား ခြေဖျားထောက်၍ ဟိုဘက်ရွှေ့ ဒီဘက်ရွှေ့နှင့် ရွှေ့ကြည့်၏။ သူရွှေ့ရာနောက်သို့ ဆိုင်ကယ်ကလည်း တရုတ် နဂါးများလို ဦးခေါင်းတခါခါ လည်ဆံမွှေးတယမ်းယမ်းနှင့် သူ့ခါးပုံစများကို ဖက်ရမ်းနမ်းရှုံ့နေလေသည်။ ဦးထွန်းရင်လည်း ခုံတန်းပေါ် ခြေဖျားထောက်၍လည်း မလွတ်၊ ခြေတစ်ပေါင်ကျိုး

www.burmeseclassic.com

နှင့် ရပ်၍လည်း မလွတ်တော့၍ . . .

'သားတော့ ပြေးပြီအမေရေ့ ဝရား . . .'

ဟု အော်ဟစ်ငိုယိုပြီး လည်ပင်းကိုအစ် တင်ကိုကျစ်ပြီး ဘုန်းကြီးကျောင်းအုတ်နံရံဘက်သို့ လှည့်ပြေး၏။ ထိုအချိန်မှာပင် ဆိုင်ကယ်ကို ခြေကန်ဆွဲထားသောကိုဆန်း ဆိုင်ကယ်ကို ဆက်မဆွဲနိုင်တော့ဘဲ လွှတ်ချလိုက်ရာ ဆိုင်ကယ်အရှေ့ဘီးက 'ဒုန်း'ခနဲ ပြန်ကျပြီး ဆိုင်တွင်းရှိသမျှ ခုံများကို စောင်းငန်း စောင်းငန်းနှင့် ကျော်ဖြတ်ကာ ဦးထွန်းရင် ထွက်ပြေးရာ ဘုန်းကြီးကျောင်း အုတ်နံရံသို့ အရှိန်ပြင်းစွာ ပြေးလိုက်သွား၏။

ဘုန်းကြီးကျောင်းအုတ်နံရံသို့ ရောက်သောအခါ ဦးထွန်းရင်ခမျာ ပြေးစရာမြေမရှိတော့။လှည့်ကြည့်လိုက်တော့သူ့ထံအရှိန်ပြင်းစွာ ပြေးဝင်လာသော မချောနှင့် ဆိုင်ကယ်။ မထူးတော့ သည့်အခြေအနေမို့ သူ ဘုန်းကြီးကျောင်းအုတ်နံရံကို မှီပြီး ခြေနှစ်ချောင်းကိုခွဲ . . . လက်ကိုချိရင်း မျက်စိစုံမှိတ်၍ ပန်းတစ်ပွင့်၏ ကြွေလွင့်ခြင်းကံကြမ္မာကို အံကြိတ်စောင့်နေလိုက်တော့၏။

မချောနှင့် ဆိုင်ကယ်ကလည်း ဦးတည်ချက် လုံးဝ မပြောင်းလဲဘဲ ဦးထွန်းရင်၏ ပေါင်ကြားတည့်တည့် အရှိန် ပြင်းပြင်း ပြေးဝင်သွားလေရာ ဦးထွန်းရင်၏ . . .

'အောင်မလေးဗျ'

ဟူသောအော်သံနှင့်အတူ ဒုန်းခနဲ ဆိုင်ကယ်နှင့် အုတ်နံရံတိုက်သံ ကြားရ၏။ နောက်တဖြည်းဖြည်း ဆိုင်ကယ် အရှေ့ဘီးပေါ် ညွတ်ခွေကျလာသော ဦးထွန်းရင်၏ မျက်နှာကြီးက ဆိုင်ကယ်ဒိုင်ခွက်ပေါ် ရပ်ရှင်အနှေးပြကွက်လို မေးတင်ရင်း မျက်ရည်၊ နှပ်၊ သားရည်တို့ တွဲရရွဲအိတွဲကျလာ၏။

❖ ❖ ❖

www.burmeseclassic.com

'ဦးထွန်းရင်ခမျာ သူနဲ့ ဆိုင်ကယ်ဘာမှ မထိခိုက်လိုက်ပေမယ့် ဆိုင်ကယ်အရှေ့ဘီးဖက်ပြီး သတိမေ့နေတာ (၄) နာရီလောက်ကြာတယ်။ မချောနှင့်ကိုဆန်း မနည်း နှာပြန်နှပ်ယူရ တယ်'

စကားစကို ဖြတ်ပြီး လူကြီးသည် ဘီယာခွက်ကို အသာမလိုက်သည်။ နောက်မှ ဘီယာကို သောက်မလိုလုပ်ရင်း . . .

'အဲ . . . သတိရလာတော့လည်း ဘာစကားမေးမှ မရတော့ဘူး။ မချောတို့ကိုလည်း ဘာမှ မပြောတော့ဘူး။ ဘုန်းကြီးကျောင်းထဲ ငူငူကြီး လှမ်းဝင်သွားတယ်'

'နောက်မှ သိရတာက ဦးထွန်းရင်ခမျာ ကံနိမ့်လို့ဆိုပြီး ဘုန်းကြီးဝတ်သွားတာ အခုချိန်ထိ ဆိုပါတော့'

'အစကတော့ သူ့ မိန်းမက ဝမ်းသာအားရ လာပြောရှာပါတယ်။ သာသနာ့ဘောင်ထဲ ဘယ်လိုမှ သွတ်သွင်းလို့ မရတဲ့ သူ့ယောကျ်ားကို သာသနာ့ဘောင်ထဲ သွတ်သွင်းပေးနိုင်လို့တဲ့ မချောကို ကျေးဇူးတင်တယ်ပေါ့'

'နောက်တော့ ဘယ်ဟုတ်မှာလည်း၊ ကံ ကွက်ကျားနိမ့်နေတာကြီးကို စိတ်ပျက်လို့ ထင်ပါရဲ့။ သူ့ယောကျ်ား သာသနာ့ဘောင်ထဲ ဝင်သွားတာ ပြန်မထွက်တော့ဘူးဆိုတော့ သူ့ကို ဘယ်သူလုပ်ကျွေးမှာလဲဆိုပြီး အိမ်မှာလာလာငိုတာ . . .'

❖ ❖ ❖

www.burmeseclassic.com

'အဲဒီလောက် ဆိုင်ကယ်အစီးကြမ်းတဲ့ မချောကို ဆိုင်ကယ်နဲ့ အလုပ်ခိုင်းတဲ့လူက ရှိသေးတယ်လေ။

ဟားဟား . . .'

အဲ . . . အဲဒီနေ့ကလည်း မချောကို မခိုင်းလို့ မဖြစ်ဖူး လေ။ ဖြစ်ပုံက အဲဒီအချိန်က သူတို့အိမ်မှာ မချောနဲ့ ဆိုင်ကယ် ပဲရှိတာ။ ကျန်တဲ့လူတွေအားလုံးက ကျောင်းသွားတဲ့ လူသွား။ ကစားတဲ့လူက ကစားနဲ့ဆိုတော့ အိမ်မှာက ဘယ်သူမှ မရှိဘူး'

'ဖြစ်ချင်တော့ အဲဒီအချိန်မှာပဲ ဒုရဲအုပ်ဦးမြစိန်အိမ်ကို ခဏလာလည်တဲ့ ဦးမြစိန်ရဲ့ ယောက္ခမ ဒေါ်စမ်းရီ သွေးတိုးပြီး အိပ်ယာထဲ မျက်ဖြူလန်နေချိန်ပေါ့။ လူနာက လုံးဝသတိမရ တော့ဘူး။ ဒါကြောင့် ဆရာဝန်သွားခေါ်ဖို့လိုပြီ။ ဆရာဝန်ကလည်း ရွာလယ်ပိုင်းမှာ၊ မြင်းလှည်းတို့ စက်ဘီးတို့နဲ့ သွားခေါ်ရင် ကြာလိမ့်မယ်'

'ဒါကြောင့် မချောနဲ့ ဆိုင်ကယ်ကို ဆရာဝန်ပင့်ဖို့ လွှတ် လိုက်ရတယ်'

လူကြီးစကားစပြတ်၍ 'ဘီယာတစ်ခွက်'ဟု ထပ်မှာလိုက် သည်။

❖ ❖ ❖

www.burmeseclassic.com

'ရတယ်လေ . . .'

ဒုရဲအုပ်ကတော် ဒေါ်သီတာရဲ့စကားကို မချောက အေးအေးဆေးဆေးပင် ကတိပေးပြီး တီးနေသောဂစ်တာ ဘေးချပြီး သော့ကိုလက်ညှိုးနှင့်လှည့်ကစားပြီး လေတချွန်ချွန်နှင့် ပြန်ဆင်းလာသည်။

'မချော . . . မြန်မြန်နော် . . . မြန်မြန်'

ဒေါ်သီတာရဲ့ အလောတကြီးစကားကို မချောက ပုဏ္ဏက ပြုံးပြုံးပြီး . . .

'စိတ်ချ . . . မြန်စေရမယ် . . .'

ဟု ဆို၍ ဆိုင်ကယ်ပေါ်တက်၊ ဆိုင်ကယ်စက်ကိုနှိုးပြီး သိန္ဒွောမြင်းရိုင်းကို လည်ပင်းဖက် တက်စီးသည့်အလား ဆိုင်ကယ်ကို တောင်ထိုး၊ မြောက်ထိုး၊ တောင်ခုန်၊ မြောက်ခုန်နှင့် စီးချသွားလေသည်။

အချိန်က သိပ်မကြာလိုက်။ ခဏခြင်းဟု ဆိုရလောက်သောအချိန်အတွင်း မချောနှင့် တောင်ထိုးမြောက်ထိုးကြီး ပြန်ရောက်လာသည်။ ဆိုင်ကယ်နောက်တွင် မျက်နှာဖြူဖပ်ဖြူရော်နှင့် ဆရာဝန်မပါ ပါလာ၏။ ဆရာဝန်မခမျာ မည်မျှ ကြောက်လန့်နေသည်မသိ။ ခန္ဓာကိုယ်ကတုန်ကရင် ဖြစ်နေသည့်အပြင် မျက်ရည်များပင် ဝိုင်းနေ၏။ ဒုရဲအုပ်ဦးမြစိန် အိမ်ရှေ့ ရောက်သောအခါ မချောက ဆိုင်ကယ်ကို အိမ်လှေခါး အုတ်ခုံနှင့် ဆိုင်ကယ်ကို 'ဒုန်း' ခနဲ တိုက်ရပ်လိုက်သည်။

'ရောက်ပြီ . . .'

မချော၏အသံကြားသည်နှင့် ဆရာဝန်မမှာ တွန့်တက်သွား၏။

www.burmeseclassic.com

မချော . . . ဆိုင်ကယ်နှင့် ဆရာဝန်မကို မည်သို့မွေ့ခဲ့သည်မသိ။ ဆရာဝန်မခမျာ စိတ်နှင့်လူနှင့်ပင် ကပ်ပုံမပေါ်တော့။ ဘယ်ရောက်လို့ ရောက်နေသည်ကိုလည်း သိပုံမရတော့။ ဆိုင်ကယ်အနောက်ကယ်ရီယာခုံကို ကျစ်ကျစ်ပါအောင် ဆုတ်ပြီး ငူငူကြီး ထိုင်နေ၏။

'ရောက်ပြီလေ . . .'

'ဟင် . . .'

မချော၏ အသံကြားတော့ ဆရာဝန်မ လန့်သွားပြန်ပြီး ဆိုင်ကယ်ပေါ်မှ ကတုန်ကရင် ဆင်းလိုက်သည်။ နောက်အိမ်ရှေ့လယ်ကွင်းဘက်သို့ ယောင်တောင်တောင်နှင့် ထွက်သွား၏။

ဤသည်ကိုမြင်သော ဒုရဲအုပ်ကတော် ဒေါ်သီတာမှ အိမ်ရှေ့ပြေးဆင်းလာပြီး . . .

'ဒေါက်တာ . . . အိမ်ကဒီမှာ . . .'

ဟု အော်ပြီး ဆရာဝန်မကို ပြေးဆွဲသည်။ နောက် . . . ဆရာဝန်မ၏ ဆေးအိတ်ကို လှမ်းယူလိုက်ပြီး . . .

'မြန်မြန်လာ ဒေါက်တာ . . . လူနာကတော့ အသည်းအသန်ပဲ . . . ကြည့်ပေးပါဦး ဒေါက်တာ . . .'

ဟုဆိုပြီး ကြောင်တောင်တောင် ဖြစ်နေသော ဆရာဝန်မကို ဒရွတ်တိုက်ဆွဲခေါ်လာလေသည်။

အိမ်ပေါ်ရောက်သည်နှင့် ဒေါ်သီတာက . . .

'လူနာက ဒီမှာပါ . . . ဒေါက်တာ . . . ကယ်ပါဦး . . .'

ဟု အလောတကြီးဆိုပြီး ဆရာဝန်မကို လူနာခုတင်ရှိရာ ပို့ပေး၏။ ဆရာဝန်မလည်း လူနာခုတင်ဘေး ကတုန်ကရင်နှင့် တင်ပါးလွှဲဝင်ထိုင်လိုက်သည်။ လူနာကိုလည်း မကြည့်။ အိမ်ခန်းပြတင်းပေါက်မှနေ၍ အပြင်ကို ကြောင်ငေးနေသည်။ ဆရာ

www.burmeseclassic.com

ဝန်မ၏ အပြုအမူကို ဒေါ်သီတာက စိတ်မရှည်နိုင်တော့ဘဲ . . .

'ဒေါက်တာ လူနာက ဒီမှာပါ ဒေါက်တာ။ ဘာဖြစ်နေတာလဲ အမြန်ကြည့်ပေးပါ'

ဒေါ်သီတာ၏ စကားကြောင့် ဆရာဝန်မ လူနာကို တစ်ချက်ငဲ့စောင်းကြည့်သည်။ နောက် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်ကို ငေးကြည့်ရင်း . . .

'အင်း ဝိဓူရအမတ်လည်း ဒီလိုပဲ ကြုံခဲ့မှာပဲ . . . မသေကောင်း မပျောက်ကောင်း . . .'

ဆရာဝန်မ၏ မဆီမဆိုင်စကားကြောင့် ဒေါ်သီတာ ဟင်ခနဲ လန့်သွား၏။

'ဒါ . . . ဒါဆို . . . ဘာလုပ်ရမလဲ . . . ဒေါက်တာ၊ မြန်မြန်ပြောပါ။ ရေနွေးကျိုရမလား၊ ဆေးထိုးအပ် ပြုတ်ပေးရမလား'

ဒေါ်သီတာ၏ အလောတကြီး အမေးကို ဆရာဝန် မက. .

'ရေ . . . ရေအေးအေးလေး တစ်ခွက်အရင်ပေးပါ'

'ဟဲ့ . . . ရေတဲ့ . . . ရေ . . . သောက်ရေအိုးက ခပ်လာပေးစမ်း။ ရေဘူးနဲ့ထည့်လာ။ အို . . . ကြာပါတယ်။ ရေခွက်နဲ့ပဲ ခပ်ခဲ့ . . .'

ဆရာဝန်မ၏ စကားကြောင့် တစ်အိမ်လုံးယောက်ယက်ခတ်သွား၏။ နောက် ဆရာဝန်မကို ရေတစ်ခွက် အမြန်ခပ်ပေးလိုက်ပြီး . . .

'ဟဲ့ . . . လူနာကို ဆေးတိုက်ဖို့ ဖြစ်မယ်။ လူနာခေါင်းကို မပေးထား၊ ဖြည်းဖြည်းလုပ်နော် . . . လူနာက သတိရတာ မဟုတ်ဘူး . . .'

စသည်ဖြင့် လူနာခေါင်းကို မသူမ၊ ယပ်ခပ်သူခပ်နှင့်

www.burmeseclassic.com

ဆရာဝန်မ လူနာကို ဆေးတိုက်လျှင် လွယ်ရအောင် အားလုံး ဝိုင်းကူညီကြသည်။ ထိုတော့မှ ဆရာဝန်မ သူ့ဆေးအိတ်ထဲမှ သွေးကျဆေးတချို့ကို ကတုန်ကရင် ထုတ်ယူလိုက်သည်။ နောက် လူနာကို တစ်ချက်ကြည့်ပြီး . . .

'မသေကောင်း မပျောက်ကောင်း'

ဟု ခပ်တိုးတိုးရေရွတ်ကာ သွေးကျဆေးများကို လူနာကို မတိုက်ဘဲ သူ့ပါးစပ်ထဲ ပစ်ထည့်ကာ ရေအေးနှင့် မျှောချလိုက်သည်။ နောက် 'မသေကောင်းမပျောက်ကောင်း' ဟု ထပ်မံရေရွတ်ပြီး အပြင်သို့ ငူငူကြီး ငေးကြည့်နေပြန်သည်။

ဆရာဝန်မ၏ အပြုအမူကြောင့် လူနာကို ဝိုင်းမထားသူ များ အံ့အားသင့်သွားကြပြီး . . .

'ဒေါက်တာ . . . လူနာက ဒီမှာလေ'

'ဟော . . . သတိရလာပြီလား မသိဘူး'

'ဒေါက်တာ . . . လူနာကို ကြည့်ပါဦး'

ဟု ဝိုင်းပြောကြသည်ကိုပင် ဆရာဝန်မက လူနာကို တစ်ချက်သာ ငဲ့စောင်းကြည့်ပြီး . . .

'အော် . . . လောက . . . လောက . . . မသေကောင်း မပျောက်ကောင်းနော် . . . ဝိဓူရကြီးကိုလည်း ကိုယ်ချင်းစာတတ် ပါပြီလေ . . .'

ဟု ရေရွတ်ပြီး ဆေးအိတ်ထဲမှ သွေးကျဆေးများကို သူ့ ဖာသာသူထုတ်၊ သူ့ဖာသာသူ သောက်ချရင်း အပြင်ဘက်သို့သာ ငူငူကြီး ငေးကြည့်နေပြန်၏။ ကျန်သည့်မည်သည့် စကား မေးမရတော့။

ဤသို့ဖြင့် သိပ်မကြာခင် အချိန်အတွင်း လူနာက သူ့ ဖာသာသူ သွေးပေါင်ပြန်ကျပြီး သတိပြန်ရလာ၏။ ထိုအချိန်တွင်

www.burmeseclassic.com
သွေးတက်နေသူက ဆရာဝန်မ . . .။ မချောဆိုင်ကယ်နှင့် လမ်းတွင် မည်မျှမွေ့ချလာသည်ကိုတော့ မပြောတတ်။ သူ့ခမျာ ယခုအချိန်ထိ သတိကောင်းကောင်းပြန်လည်သေးပုံမရ။ သွေးကျဆေးများကို သူ့ဖာသာသူ တဂွပ်ဂွပ်သောက်ရင်း ငူငူကြီးထိုင်နေလေသည်။

လူနာကောင်းကောင်း သတိပြန်ရတော့မှ အားလုံးသက်ပြင်းချနိုင်တော့၏။ ထိုတော့မှ ဒေါ်သီတာက . . .

'ကဲ . . . လူနာလည်း နေပြန်ကောင်းပြီဆိုတော့ ဒေါက်တာ့ကို ပြန်ပို့ပေးကြဦး'

ထိုတော့မှ ဆရာဝန်မ ခေါင်းထောင်တက်သွားပြီး

'ဟင် . . . ဘယ်သူပြန်ပို့မှာလဲ . . .'

ဆရာဝန်မ၏ အလောတကြီး အမေးကို ဒေါ်သီတာက

'ဟိုမှာလေ . . .။ ဒေါက်တာ့ကို ခေါ်လာတဲ့ ကောင်မလေး သူပဲဆိုင်ကယ်နဲ့ ပြန်ပို့ပေးမယ်'

ဒေါ်သီတာ ညွှန်ပြရာ ကြည့်လိုက်တော့ ဆိုင်ကယ်သော့ တယမ်းယမ်းနှင့် လေချွန်နေသော မချော။ မချောကိုမြင်တော့ ဆရာဝန်မ တုန်တက်သွား၏ . . .

'ဟင့်အင်း . . . လိုက်ဖူး . . . လိုက်ဖူး . . . ကြောက်တယ် . . . မလိုက်ဖူး . . .'

ဟု အကြောက်အကန်ငြင်းပြီး အိမ်ပေါ်မှ ဝုန်းခနဲ ခုန်ချ၍ ဆင်းပြေးသွားလေ၏။ သူ့ခမျာ မချောနှင့် ဆိုင်ကယ်ကို မည်မျှကြောက်လန့်နေသည်မသိ။ ဆေးအိတ်ပင် မယူနိုင်ဘဲ လမ်းမဘက်ကသောကမျော ပြေးထွက်သွားပြီး နီးရာမြင်းလှည်းတစ်စီးပေါ် ခုန်တက်လိုက်သည်။ နောက်အိပ်ငိုက်နေသော မြင်းလှည်းသမားကို လည်ပင်းမှ ညှစ်ကိုင်လှုပ်နှိုးပြီး . . .

www.burmeseclassic.com

'မောင်း . . . မောင်း . . . မြန်မြန်မောင်း . . .'

ဟုဆို၍ မြင်းလှည်းသမားကို အသည်းအသန် မောင်းခိုင်းလေသည်။

ဒေါ်သီတာလည်း ဆရာဝန်မ မည်သည့်အတွက်ကြောင့် ဤသို့ဖြစ်သွားရှာမှန်းမသိဘဲ ပြူးတိပြူးကြောင်ကြည့်နေရာ အတန်ကြာမှ သတိရသွားပြီး . . .

'ဟဲ့ . . . မချော . . . ဆရာဝန်ဘာအရေးကြီးလို့လည်း မသိဘူး။ ကမန်းကတမ်းထွက်သွားတာ ဆေးအိတ်မေ့ကျန်ခဲ့ပြီ။ အဲဒါ ဆေးအိတ်ကို နင်လိုက်ပေးလိုက်ပါဦး . . .'

ဆိုတော့ မချောက အေးဆေးပဲ 'ရတယ်လေ' ဟု ဆိုကာ ဆေးအိတ်ကို လှမ်းယူလိုက်ပြီး ဆိုင်ကယ်ပေါ် တက်ခွလိုက်သည်။ ဒေါ်သီတာက မချောနှင့် ဆိုင်ကယ်ကို အိမ်ပေါ်မှဆင်းကြည့် သည်။ မချော ဆိုင်ကယ်စက်ကို နှိုးပြီး . . . ဂီယာထိုးလိုက်သည် နှင့် ဆိုင်ကယ်အရှေ့ဘီးက ဝုန်းခနဲထောင်ပြီး ဖုန်းခနဲ တစ်ပတ် လည်ပြန်ကျကာ သူ့ကို ရပ်ကြည့်နေသော ဒေါ်သီတာရှိရာဘက် သို့ အရှိန်ဖြင့် ဦးပြန်လှည့်သွားလေရာ ဒေါ်သီတာလဲ 'အောင် မလေးတော့' ဟု အော်ပြီး ဒရောသောပါး အိမ်ပေါ်တက်ပြေး၏။ ပြီးနောက် အိမ်ရှေ့ဝရံတာလက်ရမ်းကလေးကိုဖက်ပြီး မျက်လုံး ကြီးပြူး၊ ဒူးတွေ တဂတ်ဂတ်တုန်ကာ မချောနှင့် ဆိုင်ကယ်ကို ကြောင်ငေးကြည့်နေ၏။ သူ့ခမျာလည်း မည်မျှကြောက်လန့် သွားသည်မသိ။ ဝရံတာကို ကျစ်ကျစ်ပါအောင် ဖက်ထားတာ ကလည်း မလွှတ်တော့။ အကယ်၍များ ဆိုင်ကယ်လှေခါးငါး ထစ်ကိုကျော်ပြီး အိမ်ပေါ်တက်လာလျှင် ဝရံတာတံခါးငယ်ကို ဖြုတ်၍ ဒိုင်းသဖွယ်ကာကွယ်ရန် အသင့်ပြင်ထားပုံ ရ၏။

သို့သော် သူကံကောင်းသွားပါသည်။ မချော၏ ဆိုင်ကယ်

www.burmeseclassic.com
အရှေ့ဘီး သူ့အိမ်လှေခါးကိုသာ ဝုန်းခနဲတိုက်ပြီး ဒုန်းခနဲ ပြန်ခုန်ထွက်သွားသည်။ နောက် . . . မချောနှင့် ဆိုင်ကယ်သည် သံပတ်ပေးထားသောကားနှယ် (တစ်ခုခုနှင့် တိုက်မိတိုင်း ပြန်ကွေ့သွားတတ်သော သံပတ်ကား) ဟိုလူ့အိမ်ဝင်နိုးနိုး၊ ဒီလူ့အိမ်ဝင်နိုးနိုးနှင့်ကွေ့၊ ဆရာဝန်မစီးသွားရာ မြင်းလှည်းနောက်သို့ အရှိန်ပြင်းစွာ ပြေးလိုက်သွားလေတော့၏။

ဒီတစ်ခါတော့ လွတ်လောက်ပြီ အမှတ်နှင့် မြင်းလှည်းပေါ်တွင် သက်မကိုချ၊ လှလှပပ သွေးပေါင်ပြန်ကျသွားသော ဆရာဝန်မ မချော၏ ဆိုင်ကယ်သံ တထိန်းထိန်းကြားသောအခါ ခေါင်းထောင်သွားသည်။ နောက် မသက်သာ၍ လှည့်ကြည့်လိုက် ရာ ခါတ်တိုင်ကို ရေမြောင်းနှုတ်ခမ်းဘက်မှနေ ပွတ်ဆွဲကျော်တက်လာသော မချောနှင့် ဆိုင်ကယ်ကိုမြင်တော့ လန့်သွားပြီး မြင်းလှည်းဆရာကို . . .။

'ဟဲ့ . . . မြန်မြန်မောင်းပါဟဲ့ . . . မြန်မြန်မောင်းပါ . . . ဟိုမှာ လာနေပြီ . . . ပုဏ္ဏက လာနေပြီ . . .'

ဟု အော်ဟစ်လေတော့၏။ မြင်းလှည်းဆရာကလည်း မြင်းလှည်းကိုဇက်ကုန် ဖွင့်မောင်းလျက် . . .

'ဒီထက်မြန်လို့ မရတော့ဘူး . . . ဒေါက်တာ . . . ဒါအမြန်ဆုံးပဲ' ဆိုသည်ကို ဆရာဝန်မက . . .

'ဟာ . . . ဘာလို့ မမြန်ရမှာလဲ . . . ကဲဟာ . . . ကဲဟာ . . .'

ဟုဆိုပြီး မြင်းလှည်းခေါင်မိုးတွင် ထိုးထားသော ကြာပွတ်ကို ဆွဲယူပြီး ဆေးထိုးအပ်နှင့် လူ့အသက်ကယ်နေသော သူ့လက်ဖြင့် မြင်းကို ဒလကြမ်း ဆွဲရိုက်နေလေတော့သည်။ မချောနှင့် ဆိုင်ကယ်က နီးလာပြီကိုး . . .

www.burmeseclassic.com

'ဘီယာနောက်တစ်ခွက် . . .'

လူကြီးသည် စကားစကို ဖြတ်ပြီး ဘီယာနောက်တစ်ခွက် ထပ်မှာလိုက်သည်။ သူ့နားတွင်ထိုင်ပြီး သူ့ကို ငေးကြည့်နေသော စားပွဲထိုးလေးက မထချင်ထပြီး ဘီယာတစ်ခွက်ထယူ ပေးသည်။ ဘီယာခွက် သူ့ရှေ့ရောက်လာသောအခါမှ လူကြီး စကားကို ပြန်ဆက်လိုက်သည်။

'အဲဒါနဲ့ မပြီးသေးဘူးကွ . . .'

'ဆရာဝန်မကတော့အိမ်ကို ဘယ်လိုပြန်ရောက်သွားတယ် တော့ မပြောတတ်ဘူး။ မချောကတော့ အိမ်ကို သော့တယမ်း ယမ်းနဲ့ လေကလေးချွန်ပြီး ပြန်လာတာပဲ . . .'

'လက်မှာလည်း ပတ်တီးတွေနဲ့။ ဆိုင်ကယ်တော့ ပါမလာ တော့ဘူး'

'ဒါနဲ့ ဆိုင်ကယ်ရော မေးကြည့်လိုက်တော့ ဆိုင်ကယ်စီးရ တာ သိပ်မကောင်းလို့ ပြင်ဆိုင်ခဏပို့ထားတယ်တဲ့ . . .'

'ပြင်ဆိုင်သွားကြည့်တော့ ဆိုင်ကယ်ကို ဘယ်လိုလုပ် ထည့် လိုက်တယ်တော့ မပြောတတ်ဘူး။ အရှေ့ဘီးကြီး ခွင်နေ တဲ့အပြင် အင်ဂျင်ပါအတုံးလိုက် ပြုတ်ကျနေပြီ . . .'

'ဆရာဝန်ခမျာလည်း ဘယ်လောက်သွေးတက်သွားတယ် မသိဘူး။ (၇) ရက်လောက် အပြင်မထွက်တော့ဘူး။ ဆရာဝန်မ မပြောနဲ့လေ . . . ဒုရဲအုပ်ကတော် ဒေါ်သီတာတောင် မချောရဲ့ ဆိုင်ကယ်နဲ့ တစ်ချက်လေး ဖြစ်သလိုလေး ကြုံလိုက်တာ နှစ်ရက် လောက် ဘယ်သူနဲ့မှ စကားမပြောတော့ဘူး။ အဲ . . . တစ်ခွန်းတော့ ပြောပါတယ်။ 'ကျီးကြည့် ကြောင်ကြည့်နဲ့ . . .'

'မသေကောင်း မပျောက်ကောင်း . . . တဲ့'

❖ ❖ ❖

www.burmeseclassic.com

'သူ့အမေ မရွှေနွယ်က စိတ်ဆိုးတာပေါ့။ ဆိုင်ကယ်စီးတာ ကောင်းကောင်းမစီးဘူး။ မိန်းကလေးပဲ အိနြွေရရစီးပေါ့။ ခပ်ဖြည်း ဖြည်းစီးပေါ့။ ခပ်ဖြည်းဖြည်းစီးရင် ဘာဖြစ်မှာလဲ'

'စသည်ဖြင့် ဆူတာပေါ့ကွာ . . . အဲဒါကိုတောင် မချော က ဘာပြန်ပြောတယ်မှတ်သလဲ . . .'

အို . . . မေမှ မစီးဖူးတာတဲ့ . . .'

'သူ့လေကျကြီးနဲ့။ ဒါနဲ့ . . . သူ့အမေက စိတ်ဆိုးတာပေါ့။ ဆိုင်ကယ်စီးတာပဲ . . . ဘာခက်လဲ . . . ငါစီးပြမယ် . . . ကြည့် နေဆိုပြီး . . .'

'ကိုအုပ်ကို ခေါ်လိုက်တယ် . . .'

❖ ❖ ❖

www.burmeseclassic.com

'ဟဲ့ . . . ကိုအုပ်'

'ဗျာ . . . မေ . . .'

'လာစမ်း . . . ဆိုင်ကယ်စက်နှိုးစမ်း . . .'

'ဘယ်သွားဖို့လဲမေ . . . လိုက်ပို့ပေးရမှာလား . . .'

'စကားမရှည်နဲ့ ဆိုင်ကယ်စက်သွားနှိုး . . .'

တစ်ခါမှမမာစဖူး မာနေတဲ့ အမေရဲ့ ငေါက်ဆတ်ဆတ် စကားကြောင့် ကိုအုပ်ဘာမှ ဆက်မမေးဝံ့တော့ဘဲ ဆိုင်ကယ်စက်ကို နှိုးပေးလိုက်သည်။ နောက် . . . ကိုအုပ်ကို 'ဖယ်စမ်း' ဟုဆို၍ ဆိုင်ကယ်မောင်းသူနေရာမှာ သူ့ကိုယ်လုံးဝဝကြီးနဲ့ 'အိ' ခနဲ ဝင်ထိုင်လိုက်သည်။ နောက် ကိုအုပ်ကို ကပ်ပြီး

'ဆိုင်ကယ် ဘယ်လို မောင်းရသလဲ ပြောစမ်း . . .'

ဟု ဆိုလိုက်ရာ ကိုအုပ်က

'လက်ကလီဗာ ဘယ်ဘက်ခြေထောက်မှာ ဂီယာ၊ ညာခြေမှာ ဘရိတ်၊ လီဗာလျှော့ပြီး ဂီယာထိုး၊ ဂီယာက သုံးချက်ရှိတယ်။ ပြီးရင် လီဗာဖြည်းဖြည်းချင်း တင်လိုက်ရင်ရပြီမေ . . .' ဆိုပြီး ပြောပြလိုက်သည်။ ကျွန်တော့ အမေက ကိုအုပ် စကားကို နားထောင်ပြီး . . .'

'အေး . . . ရပြီ . . .'

www.burmeseclassic.com

ဟု ဆိုကာ အိမ်ဘက်သို့လှည့်၍ မချောကိုကြည့်ကာ

'ဟဲ့ . . . ဟိုမျောက်လောင်း . . . ဒီမှာကြည့် ငါမောင်းပြမယ် . . . ဆိုင်ကယ်မောင်းတာများ ဘာခက်တာလိုက်လို့ . . .'

ဟုဆိုပြီး လီဗာကိုလျှော့ ဂီယာကိုထိုးပြီး ဆိုင်ကယ်ကို ဖြည်းဖြည်းချင်း မောင်းထွက်သွား၏။

ဟုတ်ပါသည်။ ကျွန်တော့အမေ ဆိုင်ကယ်မောင်းသွားတာမှ ညက်နေရောဟုပင် ဆိုရမည်။ သူက အသက်လည်းကြီးတော့ လူငယ်တွေထက်တော့ အများကြီးပိုတည်ငြိမ်သည်။ နောက် သူကဆိုင်ကယ်မမောင်းဖူးလင့်ကစား၊ စက်ဘီးကို ငယ်စဉ်ကတည်းက ကျွမ်းကျွမ်းကျင်ကျင် နင်းခဲ့သူဆိုတော့ ဒီစူပါကပ်ဆိုင်ကယ်လောက်တော့ အေးဆေးပေါ့။

ရဲစခန်းဘောလုံးကွင်းကို တစ်ပတ်ပတ်ပြီး အိမ်ဘက်ပြန်လှည့်လာသည်။

အိမ်ရှေ့ရောက်သည်နှင့် မချောကိုကြည့်ပြီး . . .

'ဟဲ့ . . . မျောက်လောင်း . . . မြင်တယ် မဟုတ်လား . . . နောက်တစ်ပတ်ထပ်ကြည့် . . .'

ဟု ခပ်မာမာဆိုပြီး ဆိုင်ကယ်ကို ဘောလုံးကွင်းဘက်ပြန်လှည့်၍ တစ်ပတ်ပြန်လှည့်စီးပြန်သည်။

သည်တစ်ပတ်တွင်တော့ ဘောလုံးကွင်းဘေးတွင် ဆောက်လုပ်ထားသော ရဲသက်သာ လှောက်ရည်ဆိုင်တွင် ထိုင်နေသော တပ်သားများကပါ မြို့နယ်မှူးကတော် ဘာစိတ်ကူး ပေါက်ပြီး ဆိုင်ကယ်တက်မောင်းနေတာလဲဟူသော အကြည့်ဖြင့် အံ့အားသင့်စွာ လိုက်ကြည့်ကြသည်။ ဒါကိုပင် ကျွန်တော့်အမေက ရွှင်လန်းစွာဖြင့် ဆိုင်ကယ်ပေါ်မှ အော်ဟစ်နှုတ်ဆက်သွားသေး၏။

www.burmeseclassic.com

'ဆရာဦးမြစိန် . . . ယောက္ခမကြီးနေကောင်းသွားပြီလား . . .'

'ကောင်းသွားပြီဒေါ်လေး . . . အခုပြန်တောင် ပြန်သွားပြီ' (အမေ့ကို အားလုံးက ဒေါ်လေးဟုသာ ခေါ်ကြသည်။)

လက်ဘက်ရည်ဆိုင်တွင် ထိုင်နေသော ဒုရဲအုပ်ဦးမြစိန်မှ ပြန်နှုတ်ဆက်သည်။

'ဟဲ့ . . . မောင်ချို နင်မနေ့က ဝင်းစိန်ရွာသွားတယ်ဆို . . .'

အမေ၏ အမေးကို ဆားပုလင်းမောင်ချိုကလည်း

'ဟုတ်ကဲ့ . . . ဒေါ်လေး . . . မနေ့ညနေကတည်းက ပြန်ရောက်တယ် . . .'

'ဟဲ့ . . . မောင်ကို . . . လက်ဘက်ရည်ဆိုင်ရော ရောင်းကောင်းရဲ့လား'

လက်ဘက်ရည်ဆိုင်တာဝန်ခံ တပ်ကြပ်မောင်ကို ကို လှည့်မေးပြန်၏။ အမေ့ရဲ့ အမေးကို လက်ဘက်ရည်ခွက်များ သိမ်းဆည်း နေသော တပ်ကြပ်မောင်ကိုမှ . . .'

'ဟုတ်ကဲ့အရင်လိုပါပဲ ဒေါ်လေးကောင်းပါတယ်' ဟု ပြန်ဖြေသည်။

ဤသို့ဖြင့် ကျွန်တော့်အမေဆိုင်ကယ်ကို တစ်ပတ်ပြီး တစ်ပတ် ပတ်ကာ တွေ့သမျှလူကို အလာပ သလာပပြောရင်း ဆိုင်ကယ်စီးလို့ 'ဝ' မှ အိမ်ရှေ့ပြန်လှည့်လာခဲ့သည်။

အိမ်ရှေ့ပြန်ရောက်သည်နှင့် မချောကို

'ဟဲ့ . . . မျောက်လောင်း ဒီမှာတွေ့လား ငါစီးပြတာ. . .'

ဟုဆိုပြီး ဆိုင်ကယ်ကို စက်ဘီးလိုပဲ အရှိန်မသေသေးခင် ခုန်ဆင်းရသည်မှတ်ပြီး ဖုတ်ခနဲ ခုန်ဆင်းလိုက်ရာ ဆိုင်ကယ်က

www.burmeseclassic.com
ဂီယာဝင်နေသဖြင့် ဝုန်းခနဲ ပြန်ခုန်ထွက်သွားပြီး . . .

'ဟဲ့ . . . ဟဲ့ . . . လုပ်ကြပါဦး . . . လုပ်ကြပါဦး ဆိုင်ကယ်ပြန်ထွက်သွားပြီး လုပ်ကြပါဦး'

ဟုဆို၍ ဆိုင်ကယ်လက်ကိုင်ကို ကိုင်ကာ ဆိုင်ကယ် ဘေးမှ ပြေးလိုက်နေရလေတော့၏။

'ဟဲ့ . . . ဟဲ့ လာကြပါဦးဟဲ့ . . . ဒီမှာ ဒီမှာထွက်နေပြီ ဆိုင်ကယ် ဆိုင်ကယ် . . .'

အမေ ဆိုင်ကယ်နောက်ပြေးလိုက်နေရာမှ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ အသည်းအသန်အော်သည်။ ဆိုင်ကယ်ကိုလည်း လွှတ်မချရဲ . . . သူ့ခမျာ ဆိုင်ကယ်တစ်ခုခု ဖြစ်သွားမှာကိုလည်း စိုးရိမ်ပုံရ၏။ ထို့ကြောင့် ဆိုင်ကယ်လက်ကိုင်ကို ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ရင်း ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းကာ ဆိုင်ကယ်ဘေးမှ ဒရောသောပါး ပြေးလိုက်နေလေ၏။

သူ၏ အော်သံကြောင့် ကိုအုပ်ကြားပြီး အိမ်ထဲမှ ပြေးထွက်လာ၏။ ထိုအချိန်တွင် ဆိုင်ကယ်က ဘောလုံးကွင်းပြန်ရောက်နေပြီ။ အမေက ဆိုင်ကယ်လက်ကိုင်ကို ကိုင်ရင်းဘေးမှ ပြေးလိုက် နေရတုန်း . . .။ အမေနှင့် ဆိုင်ကယ်ကို လှ္ဘက်ရည်ဆိုင်မှ လူများကလည်း ဘာဖြစ်တာလဲဆိုပြီး ကြောင်ငေးကြည့်နေကြသည်။

'ဟဲ့ . . . လာကြပါဦး . . . လာကြပါဦး . . . ဒီမှာ ဆိုင်ကယ်လိုက်သွားနေလို့ လာကြပါဦး' ဟု ကျွန်တော့်အမေက ဆိုင်ကယ်ဘေးမှ အားကုန်ပြေးလိုက်ရင်း အော်သည်။

ထိုအော်သံကြားတော့ ဘယ်က ဘယ်လို အရက်မူးပြီး ရောက်လာမှန်းမသိသော ကျွန်တော့်အစ်ကို ကိုစျာန်မှ အိမ်ဘေး

www.burmeseclassic.com

တွင် အဝတ်လှမ်းရန် လုပ်ထားသော ကြိုးတန်းကို လှစ်ခနဲ ဆွဲဖြုတ်ပြီး ကွင်းလျှောလုပ်လိုက်သည်။ နောက် ကြိုးကွင်းတယမ်းယမ်းနှင့် အမေနဲ့ ဆိုင်ကယ်ရှိရာ ပြေးဝင်သွားသည်။

သူ့ကိုမြင်တော့ အိမ်ပေါ်မှ ကြောင်ငေးကြည့်နေသော ကျွန်တော့်အဖေက

'ဟော့ကောင်မောင်ချောန် မင်းဘာလုပ်ဖို့လဲ. . .'

အဖေ့ရဲ့ အမေးကို ကိုချောန်က လှည့်မကြည့်ဘဲ . . .

'ဟိုမှာလေ . . . အမေနဲ့ ဆိုင်ကယ်ကို ပစ်ဖမ်းဖို့'

ဟု ဆိုလိုက်ရာ အဖေက ကမန်းကတမ်းပင် . . .

'အေး . . . အဲဒါဆို ဆိုင်ကယ်ကိုပဲဖမ်း . . . မင်းအမေတော့ မထိစေနဲ့' ဟူ၍ ပြန်အော်လိုက်သည်။ သိတယ်မဟုတ် လားကိုချောန်က ပေါက်ကရ . . . ဘောလုံးကွင်းထဲတွင် ကျွန်တော့်အမေနှင့် ဆိုင်ကယ် ဝိုင်းကြီးပတ်ပတ် ကစားသလို ဖြစ်နေပြီ။ ဆိုင်ကယ်ကိုလည်း လွှတ်မချရဲ။ သည်ကြားထဲ လီဗာကိုလည်း တစ်ဖက်က ကိုင်ထားသည်ဆိုတော့ သူခြေကန်ဆွဲလေ ဆိုင်ကယ်က အရှေ့သွားလေ ဖြစ်နေ၏။ လ္ဘက်ရည် ဆိုင်ထဲမှ လူများကလည်း အမေနှင့် ဆိုင်ကယ်ကို ဘာလုပ်လို့ လုပ်ပေးရမှန်း မသိဘဲ ကြောင်ငေးကြည့်နေကြသည်။

ကိုအုပ် ဒရောသောပါးပြေးသွားပြီး အမေနှင့် ဆိုင်ကယ်နား ရောက်သောအခါ သံကုန်အော်၍ သတိပေးသည်။

'မေ . . . လီဗာလျှော့လိုက် . . . လီဗာလျှော့လိုက်'

ကိုအုပ်အော်သံကို ကြားသည်နှင့် အမေလည်း 'ဟင်' ဆိုပြီး အနောက်လှည့်ကြည့်လိုက်ရာ . . . ဆိုင်ကယ်လီဗာကို ဆောင့်ဆွဲသလိုဖြစ်ပြီး ဆိုင်ကယ်က 'ဝုန်း'ခနဲ လ္ဘက်ရည်ဆိုင်ထဲ ခုန်ဝင်သွားလေသည်။ ထိုကဲ့သို့ လ္ဘက်ရည်ဆိုင်ထဲ အမေနှင့် ဆိုင်ကယ်

www.burmeseclassic.com
ခုန်ဝင်လာသည်ကို မြင်သည်နှင့် အမေ့ကို ပြူးတူးပြဲတဲ ကြည့်နေသူအားလုံး တဝုန်းဝုန်းနှင့် ဒရောသောပါး ထပြေးကြ၏။ အမေနှင့် ဆိုင်ကယ်ကလည်း လှော်ကျည်ဆိုင်ထဲမှ ခုံများကို ခုန်ပျံကျော်လွှား ရင်း ဆိုင်တွင်းဆိုင်ပြင် နှစ်ဌာနကို ပီပီပြင်ပြင် ထိုးစစ်ဆင်ရင်း ပတ်နေလေသည်။

ဤတွင် အနည်းငယ်သတိကောင်းသော မောင်ချိုမှ တရားခံဖမ်းလျှင် ဘယ်တော့မှ မလွတ်သော သူ့လက်နှစ်ဖက်ကို ဆန့်တန်းပြီး . . .

'ဆားပုလင်းမောင်ချိုကွ . . .'

ဟု ညာသံပေးအော်ဟစ်ပြီး ဒိုင်ဗင်ပစ်ဖမ်းလိုက်ရာ ဆိုင်ကယ်က လှစ်ခနဲ အရှိန်နှင့် ပြေးထွက်သွားသဖြင့် ဆိုင်ကယ်ကို မဖမ်းမိဘဲ လှော်ကျည်ခွက်များဆေးသော ဗွက်အိုင်ထဲ 'ဝုန်း'ခနဲ ပြုတ်ကျသွား ပြီး ဗွက်အိုင်ထဲမှ ကျောက်ပြားနှင့် သူ၏ မေးဖျားအရှိန်ပြင်းစွာ ဆောင့်မိသောကြောင့် 'ဆားပုလင်းမောင်ချိုကွ' ဟုပင်ထပ်မအော်နိုင်တော့ဘဲ ခွေခွေလေး သတိလစ်သွားရရှာ လေ၏။ ဆိုင်ကယ်က ထိုမျှနှင့် မရပ်ဘဲ ဒုရဲအုပ် ဦးမြစိန်ထံ ဦးတည်သွားပြန်ရာ ဦးမြစိန်လည်း ယောင်ပြီး သူ့ရှေ့က စားပွဲကို 'မ' ၍ သူ့ဗိုက်ပူကြီးနှင့် အရှေ့မှကော့တော့ကော့တော့ လိုက်ပြေး၏။ ဆိုင်ကယ်က သူ့ နောက်မှလိုက်သည်။ နောက် ဆိုင်ကယ်က ခုံတစ်လုံးနှင့် တိုက်မိပြီး လှော်ကျည်ဆိုင်တာဝန်ခံ တပ်ကြပ်မောင်ကိုထံ ပြန်လှည့် ပြေးဝင်သွားသည်။ လှော်ကျည်ဆိုင်တာဝန်ခံ တပ်ကြပ်မောင်ကိုလည်း ဘယ်အချိန်က ဘယ်လိုခုန်တက်သွားသည်မသိ။ လှော်ကျည်ဆိုင် ရှိုးကေ့စ်ပေါ်တွင် တင်ထားသော ဘိန်းမုန့်ဘန်းပေါ်တွင် ဆောင့်ကြောင့်ထိုင်ပြီး အမေနှင့်ဆိုင်ကယ်ကို ကြောင်ပြီး လိုက်ကြည့်သည်။ သူ့လက်ထဲ

www.burmeseclassic.com
တွင်လည်း အီကြာကွေးတစ်ဖက် တစ်ချောင်းနှင့် . . .

ထိုအချိန်တွင် အဝတ်လျှန်းသည့်ကြိုး တရမ်းရမ်းနှင့် ပြေးလာသော ကိုစျာန်မှ ဆိုင်ကယ်မှန်ထောင်ရှိရာကို မှန်းဆပြီး ကြိုးကွင်းနှင့် လှမ်းပစ်လိုက်ရာ ဆိုင်ကယ်မှန်ထောင်ကို မမိဘဲ ဘိန်းမုန့်ဗန်းပေါ်တွင် ထိုင်နေသော လ္ဘက်ရည်ဆိုင်တာဝန်ခံ တပ်ကြပ်မောင်ကိုလက်ထဲ ကိုင်ထားသော အီကြာကွေးကို 'စွတ်' မိပြီး၊ ကြိုးကို ဆောင့်ဆွဲလိုက်ရာ အီကြာကွေးက သူ့လက်ထဲ ဖျတ်ခနဲ ပါသွားသည်။ တပ်ကြပ်မောင်ကိုလည်း မထင်မှတ်သော အခြေအနေမို့ ယောင်ပြီး အနီးတွင်ရှိသည့် အီကြာကွေး နောက်တစ်ချောင်းကို ထပ်ဆုပ်ကိုင်ထားလိုက်ပြန်သည်။

ဒီကြားထဲ အမြဲတမ်း အလေးမနေတတ်သော ဝိတ်ပေါမောင်ဦးမှ 'ရဟူး ရဟူး' နှင့် ညာသံပေး၍ ဆိုင်ကယ်မှန်ထောင်ကို သူ့ ကြီးမားကျယ်ပြန့်သော လက်နှစ်ဖက်နှင့် ဆောင့်တွန်းလိုက်၏။ သူတွန်းလိုက်သော အရှိန်ကြောင့် ဆိုင်ကယ်မှန်ထောင် နှစ်ဖက်လုံး ပြုတ်ထွက်သွားပြီး ဆိုင်ကယ်က သူ့ပေါင်ခြံတည့်တည့် ပြေးဝင်လာသဖြင့် 'ရဟူး' ဟုပင် မအော်နိုင်တော့ဘဲ 'အောင် မလေးဗျ' ဟု အော်ကာ မှန်ထောင်နှစ်ဖက်ကိုင်ပြီး ပြန်လှည့် ပြေး၏။ နောက်တပ်ကြပ်မောင်ကိုရှိရာ ရှုံးကေ့စ်ပေါ် ခုန်တက် ကာ တပ်ကြပ်မောင်ကိုထိုင်နေသော ဘိန်းမုန့်ဗန်းဘေးရှိ အီကြာကွေးဗန်းပေါ် ဆောင့်ကြောင့်လေးထိုင်ပြီး နှစ်ယောက်သား ဆိုင်ကယ်ကို ကြောက်လန့်တကြား ငေးကြည့်နေကြသည်။

ဤတွင် ဆိုင်ကယ်မှန်ထောင် ခရေဇီ (CRAZY) ကိုစျာန်မှ ပြေးလာပြီး သူ့လက်ထဲမှ ကြိုးကွင်းနှင့် ဝိတ်ပေါမောင်ဦး လက်ထဲမှ မှန်ထောင်ကို လှမ်းပစ်လိုက်ရာ မှန်ထောင်ကိုမမိဘဲ တပ်ကြပ်မောင်ကို လက်ထဲမှ အီကြာကွေးသာ ကြိုးကွင်းနှင့်

www.burmeseclassic.com

ထပ်ပါသွားသဖြင့်တပ်ကြပ်မောင်ကိုလည်းယောင်ပြီး ဝိတ်ပေါ မောင်ဦး ဆောင့်ကြောင့်ထိုင်နေသော အီကြာကွေးဗန်းမှ အီကြာ ကွေးတစ်ချောင်း ထပ်ဆွဲလိုက်၏။ သို့သော် မည်သို့ဖြစ်မည်မသိ ဝိတ်ပေါမောင်ဦး၏ 'အား' ခနဲ အော်သံနှင့်အတူ လှက်ရည်ဆိုင် အနောက်ဘက်သို့ ခုန်ချ ထွက်ပြေးသွားသည်ကို တွေ့ရ၏။ ဝိတ်ပေါမောင်ဦးကို ကြည့်ရင်း တပ်ကြပ်မောင်ကို သူ့လက်ဖဝါးကို ဆုတ်ချည် ဖြန့်ချည်လုပ်သည်။ လက်ထဲတွင် အီကြာကွေးတော့ ပါမလာ။ ထိုအချိန်တွင် အမေနှင့် ဆိုင်ကယ်က ဘောလုံးကွင်း ဘက် ပြန်လှည့်သွားပြီ။

နောက်ဆုံး ကာလပေါက်စျေး သုံးထောင်ဖိုးခန့်အထိ ညက်ညက်ခြေဖျက်ပြီးချိန်၌ လူအယောက်သုံးဆယ်ခန့် လယ် ကွင်းထဲ ဝရုန်းသုန်းကား ဝိုင်းဖမ်းမှ အမေနှင့် ဆိုင်ကယ်ကို လက်ရ ဖမ်းမိသွားလေသည် ။

❖ ❖ ❖

www.burmeseclassic.com

'မရွှေနွယ်ဆိုတာ မောလွန်းလို့ စကားတောင် ကောင်းကောင်းမပြောနိုင်ရှာတော့ဘူး။ တစ်ပတ်လောက်လည်း ထိုင်လို့ထလို့ မရတော့ဘူး။ ခြေထောက်တွေတောင့်ပြီး အကြောတွေတက်နေလို့'

လူကြီးသည် စကားစကို ဖြတ်ပြီး အရှေ့မှ ဘီယာခွက်ကို လှမ်းယူကာ အားရပါးရ သောက်ချလိုက်လေသည်။ ပြီးမှ . . .

'မချောက ငယ်ငယ်တုန်းကတော့ သိပ်လည်တဲ့ မိန်းကလေး ပေါ့ကွာ . . . သူက ကလေးမပြောနဲ့ သူ့ထက်ကြီးတဲ့ လူကြီးတွေကိုတောင် လှည့်ပတ်နိုင်တယ်။ ယုတ်စွအဆုံး သူ့ညီအစ်ကိုတွေကအစ သူ့ရဲ့လုပ်ရပ်တွေကို ဖမ်းလို့မမိနိုင်ခဲ့ဘူး။

ဥပမာ ပြောရရင် . . . သူဘိန်းမုန့်ဝယ်တဲ့ ဇာတ်လမ်းဆိုပါတော့။ အဲဒီတုန်းက သူ (၆) နှစ်သမီးပဲ ရှိသေးတယ်။ အဲဒီထဲက . . .'

❖ ❖ ❖

www.burmeseclassic.com

'မချော . . . ဘိန်းမုန့်သွားဝယ်စမ်း . . .'

'သမီးမသွားချင်ဘူး မေမေ . . .'

'ဘာ မသွားချင်တာလဲ . . . မိန်းကလေးဖြစ်ပြီး ဘာမှ ကူလို့ ခိုင်းလို့ မရဘူး . . . သွားဝယ်စမ်း ရော့ပိုက်ဆံ၊ နင်တို့ မောင်နှမ (၇)ယောက်စာ ဘိန်းမုန့် (၇) ခု ဝယ်ခဲ့'

မချော . . . အမေပေးသော ပိုက်ဆံကို မယူချင် ယူချင်နှင့် ဆွဲယူလိုက်ပြီး၊ မသွားချင် သွားချင်ပုံစံမျိုးနှင့် ဘိန်းမုန့်ဆိုင်ရှိရာ ဈေးတန်းဘက် ထွက်သွား၏။ အိမ်ရဲ့ မျက်ကွယ်ရောက်သည်နှင့် မချောအနောက်ဘက်တစ်ချက် ပြန်လှည့်ကြည့်ပြီး လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ကာ ကွေးနေအောင် ကတော့၏။

အမှန်တော့ ဘိန်းမုန့်ဆိုင်ကို သူမသွားချင်လို့ မဟုတ်၊ သွားချင်သည်။ သို့သော် သွားချင်လျက် နန့်နန့်တက်ပုံစံမျိုးလုပ်နေ၍ မဖြစ်၊ သူ့အကြံကို အားလုံးရိပ်မိသွားနိုင်သည်။ ထို့ကြောင့် မသွားချင်သွားချင် ပုံစံမျိုး တမင်ဖမ်းထားခြင်း ဖြစ်၏။

သူ့အကြံက ဒီလို . . .

ခန ကြာတော့ မချော ဘိန်းမုန့်ကလေးတွေကိုင်ပြီး ပြန်ရောက်လာသည်။

'ရော့ . . .'

'ဟဲ့ . . . နင့်ကို ဝယ်ခိုင်းလိုက်တာ (၇) ခုလေ၊ အခု ဘယ့်နှယ် (၅) ခုထဲ ပါလာတာတုန်း . . .'

'နှစ်ခုက လမ်းမှာ ပြုတ်ကျခဲ့တယ် မေမေ . . .'

မချော၏ စကားကို အမေက သက်ပြင်းချပြီး . . .

'နင်ဟာလေ . . . လုပ်လိုက်ရင် အမြဲရှုပ်ပျာ ရှုပ်ပျာနဲ့ . .'

'ကဲ . . . ရော့ဟော့ . . . ဒီမှာ ဘိန်းမုန့် (၅) ခုကို (၇) ယောက် ဝေစားလိုက် . . .'

www.burmeseclassic.com

ဘိန်းမုန့်ငါးခုကို မောင်နှမ (၇) ယောက်ဝေစားလိုက်ရသည်။ သို့သော် မချောကို သိပ်မကျေနပ်ကြ . . . ဒါ . . . မချောတမင်အကွက်ဆင်ပြီး နှစ်ခုဝါးလာတာမှန်း လူတိုင်းသိ၏။

နောက်တစ်နေ့ . . .

'မချော . . . ဘိန်းမုန့်သွားဝယ်စမ်း . . .'

'သမီး မသွားချင်ဘူးမေမေ . . .'

'ဘာ မသွားချင်တာလဲ . . . မိန်းကလေးဖြစ်ပြီး . . .'

မချော မသွားချင်သွားချင် ပုံစံမျိုးနှင့် ထွက်သွား၏။ အိမ်၏ မျက်ကွယ်ရောက်သောအခါ က၏။

ပြန်လာတော့ ဘိန်းမုန့်က ငါးခုတည်း . . .

'ဟဲ့ . . . ဘယ့်နှယ့် ငါးခုထဲ ဝယ်လာတာလဲ နောက်နှစ်ခုရော . . .'

'ပြုတ်ကျသွားပြီ မေမေ . . .'

'ဘယ်နား ပြုတ်ကျသွားတာလဲ . . . ငါ့ကိုလိုက်ပြ . . .'

မချောစကားကို အစကတည်းက မသင်္ကာဖြစ်နေသော ကိုအုပ်က ဝင်ပြောသည်။

'မရှိတော့ဘူး'

'ဘာဖြစ်လို့ မရှိရမှာလည်း . . . နင်ပြုတ်ကျခဲ့ရင် ရှိကို ရှိရမယ်'

'မရှိတော့ဘူး။ ချော ဒီကသွားကတည်းက ခွေးနှစ်ကောင်က ချောနောက်ကို လိုက်တာ။ အသွားတုန်းကတော့ လူကလည်း အိပ်ယာထစ အားရှိနေတုန်းဆိုတော့ လွတ်အောင်ပြေးနိုင်တာ ပေါ့ . . .'

'နောက် ဟိုမှာ ဘိန်းမုန့်စောင့်ရင်း မီးဖိုနားနေရတော့ ချွေးတွေထွက်ပြီး အားကကုန်ပြီးတော့ ဘိန်းမုန့်ကလည်း

www.burmeseclassic.com
ခုနစ်ခုဆိုတော့ လေးကလည်းလေးနဲ့ ရွက်ပြီးပြန်လာတုန်း ခွေးနှစ်ကောင်က ထပ်လိုက်တယ်။ ချောလွတ်အောင် ပြေးပါသေးတယ်။ ဒါပေမယ့် ဦးပန်းညွန့်တို့အိမ်ရှေ့က အပွေးကိုင်းကြီးနဲ့ တိုက်မိပြီး ဘိန်းမုန့်နှစ်ခု ပြုတ်ကျသွားတော့ . . .'

'ပြုတ်ကျတာနဲ့ ခွေးနှစ်ကောင်ပြေးလာပြီး စားလိုက်တာ ကုန်ပြီ . . . ကုန်သွားပြီ . . . အစလေးတောင် မကျန်တော့ဘူး။ ကုန်သွားပြီ . . .'

'တောက် . . .'

ကိုအုပ်က ဘာမှ မတတ်နိုင်တော့ . . .

ဘိန်းမုန့်ကို ခွေးစားလိုက်သည်ဆိုမှဖြင့် သဲလွန်စ မည်သို့ ရှာ၍ ရတော့မည်နည်း။

ဤသို့ဖြင့် နောက်တစ်နေ့ . . .

'မချော ဘိန်းမုန့်သွားဝယ်စမ်း . . .'

. . . . . . . . . . . .

. . . . . . . . . . . .

မချောဈေးသို့ ထွက်သွား၍ . . . သိပ်မကြာပါ။ မချောဘိန်းမုန့် ငါးခုနှင့် ပြန်ရောက်လာသည်။

'ဘယ်လိုဖြစ်ပြီး ငါးခုတည်း ပါလာတာလဲ . . .'

'ပြုတ်ကျသွားပြီ မေမေ . . .'

'ဘယ်မှာ ပြုတ်ကျသွားတာလဲ . . .'

ကိုအုပ်က နေ့စဉ်ခံနေရသည်မို့ ဒေါသတကြီး ဝင်ပြောသည်။ မချောက အေးအေးဆေးဆေးပဲ . . .

'ဗွက်အိုင်ထဲမှာ . . .'

'ဘယ်ဗွက်အိုင်လည်း . . . ငါသွားနှိုက်မယ်။ မရှိလို့က တော့ကွာ . . .'

www.burmeseclassic.com

'ရှာလည်း တွေ့တော့မှာ မဟုတ်ဘူး . . .'

'ဘာလို့မတွေ့ရမှာလဲ . . .'

'ဗွက်အိုင်ထဲ ကျသွားလို့ ကျရကောင်းလားဆိုပြီး ချော လည်း စိတ်တိုပြီး ဗွက်အိုင်ထဲ ဘိန်းမုန့်တွေ အားလုံးကြေသွား အောင် ဖနောင့်နဲ့ ပွတ်ချေလိုက်တယ်။ မရှိတော့ဘူး။ ပွတ်ချေ လိုက်ပြီ'

ဟု ဆို၍ သူ့ကိုယ်လုံး ပြားပြားကြီးနှင့် ဒစ္စကိုကသလို ဖနောင့်တစ်ဖက်ပွတ်ပြီး ဘိန်းမုန့်ခြေက 'ကပြ၏။'

နောက်တစ်နေ့ . . .

နောက်တစ်နေ့တွင် ညီအစ်ကိုအားလုံးစုပြီး တိုင်ပင်ကြ သည်။

မချောနှင့် ဘိန်းမုန့်ကို အမိဖမ်းမည်။ ဘာပဲဖြစ်ဖြစ် မချောဘိန်းမုန့်ဝယ်ပြီး လမ်းတစ်နေရာရာတွင် သေချာပေါက် ခိုးစားမည်။ အဲဒီတော့မှ သူတို့အားလုံး မချောကို လက်ပူး လက် ကြပ်ဖမ်းပြီး၊ နားပန်ဝိုင်းကျင်းမည်။

'ကောင်းပြီ . . .'

ဘယ်သူက ဘယ်နေရာမှာစောင့်၊ ဘယ်သူက ဘယ် ထောင့်ကနေ၊ ဘယ်သူက ဘယ်လို မသိမသာ ချက် စသည်ဖြင့် တာဝန်ခွဲဝေယူလိုက်ကြသည်။

လာပြီ . . . ဘိန်းမုန်းဝယ်ပြန်လာသော မချော ပြန် လာပြီ။

လေတချွန်ချွန်နှင့် ပါးစပ်လည်းမလှုပ် . . . သွားကြား လည်း မညှပ်၊ သူ့ကို စောင့်ကြည့်နေသော ညီအစ်ကိုအားလုံးက သာ အံ့အားသင့်နေကြသည်။

အိမ်ရောက်တော့ မချောထံမှ ဘိန်းမုန့်ကိုယူပြီး ရေတွက်

www.burmeseclassic.com
ကြည့်သည်။ ဘိန်းမုန့်က ၇ ခုအတိ၊ သို့သော် သေးသေးလေးတွေ ဥပမာ တစ်ကျပ်တန် ဝယ်ခိုင်းလိုက်သည်ကို ငါးမူးတန်လောက် သာ ပါလာခြင်း ဖြစ်သည်။ မချော၏ ဘိန်းမုန့်ကိုကြည့်ပြီး အား လုံး မျက်လုံးပြူးသွားကြသည်။

'ဟင် နင့်ဘိန်းမုန့်က ဘာလို့ သေးသွားရတာလဲ'

မချောက ခပ်တည်တည်ပဲ။

'အို . . . လေသလပ်ပြီး ကျုံ့ဝါး (သွား) တယ်ဖြစ်မယ်'

အားလုံး ဘာမှ မတတ်နိုင်တော့။ ဘိန်းမုန့်က ကျုံ့သွား သည်မဟုတ်ဘဲ မချောကျုံးဝါးခဲ့မှန်း လူတိုင်းသိသည်။

❖ ❖ ❖

ဒီလိုနဲ့ မချောဟာ ဘိန်းမုန့်ဝယ်ပြီး၊ (၆) လကြာတော့ ပေါင်ချိန်ပါ (၄) ပေါင်လောက် တက်သွားတယ်။ သူတို့ ညီအစ်ကိုတွေလည်း မချောကို နေ့တိုင်းစောင့်ဖမ်းတယ်။ ဒါပေမယ့် တစ်ခါမှ မမိခဲ့ဘူး။ နောက်ဆုံးတော့ အားလုံး လက်လျှော့လိုက်ရသည်။

'ကဲ မချောကို ဘိန်းမုန့်လည်း သွားဝယ်ခိုင်းမနေနဲ့တော့ ငါကိုယ်တိုင် တစ်နေ့တစ်မျိုး မုန့်လုပ်ကျွေးမယ်'ဆိုပြီး ကိုမိုးရဲ့ တစ်နေ့တစ်မျိုး မုန့်လုပ်ကျွေးတဲ့ ဇာတ်က စလာပါတော့တယ်။

❖ ❖ ❖

www.burmeseclassic.com

ကိုမိုးရဲ့ မုန့်လုပ်နည်းကို မဖော်ပြခင် သူနဲ့ခပ်ဆင်ဆင်တူတဲ့ (Antonio Amuri ရဲ့ Take Four Children ...and a pinch of salt) ကို အရင် ပြောပြပါမယ်။

ကျွန်တော့်ဇနီးသည်ဟာ အရသာအရမ်းရှိတဲ့ ကိတ်မုန့် တွေ ဖုတ်တတ်တယ်။ သူ့ရဲ့ ကိတ်မုန့်လုပ်နည်းက ဒီလိုပါ။

သူဟာ မုန့်ဖုတ်ဖို့ ဒယ်အိုးကြီးကြီးကို အရင်ရှာတယ်။ ရှူးဆိုပြီး မီးဖိုချောင်ထဲက ခွေးကို မောင်းထုတ်လိုက်ဦး။ အငယ်ဆုံးကောင် ဂျွန်ရဲ့ (ကစားစရာ) အိမ်ဆောက်အုတ်တွေကို စားပွဲပေါ်က ဖယ်လိုက်။ ဒယ်အိုးကို ထောပတ်ကောင်းကောင်းသုတ်၊ ပြီးရင် စပျစ်ခြောက်နဲ့ ဂျုံမှုန့် ၇ အောင်စကို ချိန်တွယ်ပြီးထည့်။ အဲဒီအချိန်မှာ ဂျုံဒယ်အိုးထဲရောက်နေတဲ့ ဂျွန်ရဲ့ လက်ကို ဆွဲဖယ်လိုက်။ ဂျွန်ကြောင့် ကျသွားတဲ့ ကြမ်းပြင်ပေါ်က ဂျုံမှုန့်တွေကို လှဲကျင်းရမယ်။ ပြီးမှ ဘေးအိမ်ကို ဖုန်းဆက်ပြီး လိုနေတဲ့ဂျုံနည်းနည်းချေးဖို့ လှမ်းပြောဦးပေါ့ . . .

နောက်ပြီး ဂျုံမှုန့်ကို ဆန်ကာချနေချိန်၊ ကြမ်းပြင်ပေါ်မှာရှိနေတဲ့ ရစ်ချက်ရဲ့ ကားကလေးကို လှမ်းမြင်ရတယ်။ ကြက်ဥဖောက်ထည့်ဖို့ ခွက်တစ်လုံးကို ထုတ်တယ်။ ရေခဲသေတ္တာထဲက ကြက်ဥတွေ ထုတ်ခဲ့ဖို့ သားအကြီးကောင် ရောဘက်တာကို လှမ်းပြောလိုက်။ ရောဘက်တာကြောင့် လွတ်ကျသွားတဲ့ ကြက်ဥတွေကို ရှင်းလင်းပစ်ရသေးတယ်။ နောက်ဆုံး ကိုယ်တိုင်ပဲ ကြက်ဥတွေကို သွားယူဦး။ ဖုန်းသံကြားတယ်။ ဖုန်းသွားဖြေဖို့ ရစ်ချက်

www.burmeseclassic.com
ကိုလှမ်းပြောလိုက်။ ဖုန်းဆီကို ရစ်ချက်မရောက်ခင် ကိုယ်တိုင်ပဲ ဖုန်းပြောပါဦး။ ဖုန်းလက်ကိုင်ခွက်က ဂုံမှုန့်နဲ့ ထောပတ်တွေကို ပြန်ပြီး သုတ်ပစ်ပါဦး။ ပြီးမှ မီးဖိုချောင်ဝင်။

ဂွန်ရဲ့လက်ကို မုန့်ဒယ်အိုးထဲက လှမ်းပြီးဆွဲဖယ်။ပြီးတော့ ဂွန်ရဲ့လက်ကို ဆေးကြောပေးဖို့ ရေခွက်ကိုယူ။ တံခါးခေါက်သံ ကြားလို့ ရောဘက်တာကို သွားကြည့်ပေးဖို့ လှမ်းပြောလိုက်ဦး။ ရောဘက်တာ မရောက်ခင် ကိုယ်တိုင်ပဲသွားပြီး တံခါးကို ဆွဲဖွင့်လိုက်။ ပြီးတော့ တံခါးလက်ကိုင်မှာ ပေနေတဲ့ ဂျုံမှုန့်နဲ့ ကြက်ဥတွေကို ပြန်သုတ်ပစ်ဦး။ နောက်မှ မီးဖိုချောင်ထဲ ပြန်ဝင်။

ထောပတ်သုတ်ထားတဲ့ ဒယ်အိုးထဲကို ဂွန်ပစ်ထည့်ထား တဲ့ ဆားအထုပ်သေးသေးလေးကို အရင်ဆုံး ဖယ်ပစ်။ ကြက်ဥ နဲ့ ဂျုံမှုန့်တွေကို စားပစ်လိုက်တဲ့ ခွေးကို ညစာမကျွေးဖို့ ဘယ်လာ ရီ (အိမ်ဖော်) ကို လှမ်းပြောလိုက်။ ပြီးတော့ ကြက်ဥနှစ်လုံး ထပ်ယူပြီး ဂျုံမှုန့်အသစ်တစ်ထုပ်ကိုဖောက် ဂွန်ရဲ့လက်ကို ဂျုံ အိတ်ထဲက ဆွဲဖယ် နောက်မလုပ်ဖို့ သူ့ရဲ့ လက်ဖဝါးကို ရိုက်၊ ဂွန်ကိုတော့ စိတ်မကောင်းပါဘူးလို့ပြော။ ပြန်ချော့။ နောက်ပြီး သူ့ကို ဂျုံအပြည့်တစ်ခွက်နဲ့ နို့တစ်ခွက်ပေးပြီး သူ့ကိုယ်ပိုင် ကိတ်မုန့်ဖုတ်ခွင့် ပေးလိုက်မှ အေးမယ် . . .

အဲဒီအချိန်မှာ ထောပတ်သုတ်ထားတဲ့ ဒယ်အိုးထဲ ရစ်ချက်ရဲ့ ကားလေးတွေက လျှောဆင်းနေပြီ။ ရစ်ချက်ရဲ့ ကား လေးတွေကို ပြန်ဆယ်ထုတ်ပြီး မင်းကို ကျောင်းအိပ်ကျောင်းစား ပို့ပစ်မယ်လို့ ခြိမ်းခြောက်၊ ပြီးတော့ နောက်ဒယ်အိုးတစ်လုံးကို ထောပတ်ထပ်သုတ်။

စပျစ်ခြောက်တွေ ယူပြေးသွားတဲ့ ရောဘက်တာကို မိ အောင်လိုက်ဖမ်း၊ စပျစ်ခြောက်တွေ ပြန်ပေးအောင်လုပ်၊ မုန့်ဖုတ်

www.burmeseclassic.com
ပေါင်ဒါကို လိုက်ရှာ။ မတွေ့တဲ့အခါကျတော့ အနီးက ကုန်စုံ ဆိုင်ကို ဖုန်းဆက်ပြီး လှမ်းမှာ။ သူ့လက်ကြောင့် တယ်လီဖုန်းမှာ ပေသွားတဲ့ ဂုံ့မှုန့်နဲ့ ကြက်ဥတွေကို ပြန်သုတ်ပစ်။ ပြီးတော့ မီးဖို ချောင်ထဲ ပြန်ဝင်။

အဲဒီအချိန်မှာ အရာရာအားလုံးဟာ ကြမ်းပြင်ပေါ် မွစာ ကျဲနေတာကို တွေ့ရတယ်။ ဂွန်ရဲ့ မျက်ခုံးပေါ်မှာ ဂျုံမှုန့်တွေ စပျစ်ခြောက်တွေလည်း ပေနေပြီပေါ့။ ဒါကြောင့် ညစ်ပတ်နေတာ တွေကို လျှာနဲ့လျက်ပေးဖို့ ခွေးကို တောင်းပန်။

နောက်ဆုံးဆိုရင်တော့ ကိတ်မုန့်ဆိုင်ကို အကောင်းဆုံး ကိတ်မုန့်တစ်လုံးလောက် ပို့ပေးပါလို့ ဖုန်းဆက်ပြောလိုက် . . . ကိုင်း မကောင်းပေဘူးလား . . .

ကိုမိုးရဲ့ မုန့်လုပ်နည်းကလည်း အဲဒီအတိုင်းပဲ။ ပထမဆုံး မောင်မောင်နဲ့ မောင်ကြည်ကို မုန့်ကြိတ်ဖို့ ဆန်ထုတ်ပေးပြီး၊ လမ်း ထိပ်မှာ မုန့်ကြိတ်ခိုင်း။ တော်တော်ကြာတဲ့အခါ သူတို့ ပြန်မလာ လို့ လမ်းထိပ်ကို လိုက်သွား။ မုန့်ကြိတ်ဆိုင်မှာ မောင်မောင်တို့ ပစ်သွားတဲ့ ဆန်အိတ်ကိုယူ၊ ကိုယ်တိုင်ကြိတ် မုန့်အိတ်ကိုပြန်ယူ လာ။ ကိုဆန်းကိုခေါ်ပြီး မုန့်အိတ်ဖိဖို့ ကျောက်ပျဉ်ရှာခိုင်း၊ အဲဒီကျောက်ပျဉ်နဲ့ မုန့်အိတ်ကို ဖိထား။ အဲဒီ အချိန်မှာ အပြင်က ကစားပြီး ပြန်လာတဲ့ မောင်မောင်နဲ့ မောင်ကြည်ကို မုန့်အိတ် ရေစစ် မစစ် သွားကြည့်ခိုင်း သူတို့နှစ်ယောက် တော်ကြာပြန်မလာ တော့ လိုက်သွား၊ မောင်ကြည်နဲ့ မောင်မောင်နပန်းလုံးနေတာ ကိုဖြေ . . . ကျောက်ပျဉ်နဲ့ အဖိခံထားရသော မုန့်အိတ်ကို ဖိုးဝရုပ်ပုံဆွဲနေသော ကိုဆန်း၏ ဘောပင်များကို ယူပြီးလွှင့်ပစ်၊ မောင်မောင်ကို မုန့်ကျိုရန် ဒန်အိုးကို သွားယူခိုင်း။ ဒန်အိုးကို ခေါင်းမှ ဆောင်းလာသည့် မောင်မောင် မမြင်မစမ်းနဲ့ တိုက်ချ

www.burmeseclassic.com

လာသော ဖန်ခွက်အကွဲများကို လိုက်သိမ်း၊ အိမ်ရှေ့တွင် ထိုင်နေသော မချောကို အုန်းသီးခြစ်ထားရန်ပြော။ မုန့်အိတ်ဘေးတွင် အရုပ်ရေးနေသော ကိုဆန်းကို ဒန်အိုးထဲ မုန့်ရည်ထည့်ရန်ပြော။ အုန်းသီးကို ခြစ်တံနဲ့ မခြစ်ဘဲ သွားနဲ့ ထိုင်ခြစ်နေသော မချောဆီက အုန်းသီးခြမ်းကိုယူပြီး မှတ်လောက် သားလောက်ဖြစ်အောင် ခေါင်းကိုထု။ တစ်ဆက်တည်း မောင်ကြည်ကို မီးမွှေးဖို့ပြော။ ဒန်အိုးထဲမှ မုန့်ရည်များကို အရုပ်လုပ်ရန်အတွက် ခပ်ယူနေသော ကိုဆန်းကိုဖမ်းပြီး လက်ထိပ်ခပ်ထားရမလားလို့ ခြိမ်းခြောက်။ မုန့်ကျိုရန် ဝယ်ထားသည့် သကြားများကို နှိုက်စားနေသော မောင်မောင်ကို သွားပိုးစားပြီး သွားကျိုးကြီး ဖြစ်သွားမယ် လှမ်းပြော။ ပြီးတော့ မုန့်ဒန်အိုးကို မီးဖိုပေါ်တင်။

ကိုဆန်းနဲ့ မောင်ကြည်ကို မုန့်အဆက်မပြတ် မွှေနေဖို့ ပြော၊ တစ်ဆက်တည်း အုန်းသီးကို သွားနဲ့ထိုင်ခြစ်နေသော မချော ကို အုန်းသီးရပြီလားဟု လှမ်းမေး။ မောင်မောင်ကြောင့် ကုန်သွား သည့် သကြားထုပ်ကို ထပ်ဝယ်ရန် မောင်မောင်ကို ပိုက်ဆံပေး ပြီးခိုင်း။ မုန့်အိုးမှာ ကွက်မီးတန်းနေပြီဖြစ်၍ မောင်မောင်ပြန် အလာကို မစောင့်တော့ဘဲ သကြားအစား အချိုမှုန့်ကို အထုပ် တစ်ဝက်ထည့်၊ အုန်းသီးခြစ်နေသော မချောက ဆားမပါလျှင် စားမကောင်းဟု ဆို၍ ဆားတစ်ကြုံး လာပစ်ထည့် အားလုံး ပြီးပြီဆိုမှ မီးဖိုပေါ်မှ မုန့်အိုးကိုချ။ ပြီးအပေါ်က တူးကျွတ်ပြီး အောက်က မကျက်တဲ့ ဘိန်းမုန့်ငံကွက်ကို မြည်း . . .

နောက်မှ တစ်ယောက်ကို မုန့်ဖိုး တစ်ကျပ်စီပေးပြီး ကိုယ်ကြိုက်ရာမုန့် သွားဝယ်စားခိုင်းလိုက် . . . ကောင်းလိုက်တဲ့ ကိုမိုးရဲ့ မုန့်လုပ်နည်း . . .

နောင် အလျဉ်းသင့်မှ ကိုမိုးရဲ့ ခရမ်းချဉ်သီးယိုထိုးနည်း၊

www.burmeseclassic.com

ကျောက်ဖရုံသီးထန်းလျက်ကြော်၊ ပဲတီစိမ်းဟာလဝါလုပ်နည်း စသဖြင့် ကိုမိုးရဲ့ ချက်နည်း၊ ပြုတ်နည်းစာအုပ် ပြုစုပေးပါဦးမယ်။

။ ။ ။ ။ ။ ။

။ ။ ။ ။ ။ ။

'သူတို့ညီအစ်ကိုတွေထဲမှာ အမြဲတမ်းပေါက်ကရလုပ်နေတဲ့ သူကတော့ ကိုစျာန်ပေါ့ကွာ ... အဆိုးဆုံးကလည်း သူပဲ ထင်တယ်။'

သူက မဟုတ်က ဟုတ်ကဆို ဉာဏ်က သိပ်ကောင်းတာ။

'တစ်ခါကလည်း အင်္ဂလိပ်ရုပ်ရှင်ဇာတ်ကားသွားကြည့်ပြီး ဘာလုပ်တယ် ထင်သလဲ ...'

❖ ❖ ❖

www.burmeseclassic.com

'ဇာတ်လမ်းက အဲသည်လိုကွ သိပ်ကောင်းတယ်။ နောက်ဆုံး သူ့အစ်ကိုလေဖြတ်နေတာ ဘယ်လိုမှ ကုမရတဲ့အဆုံး . . . သူ့ညီက ကားရှေ့ဖြတ်ပြေးတာ၊ အဲဒီမှာ အစ်ကိုက စိုးရိမ်ပြီး ထတွန်းလိုက်တော့ အောက်ပိုင်းသေနေတာ ကောင်းသွားရော. .'

ကိုစျာန်၏ စကားကို ကိုဆန်းမှ ငေးရင်း နားထောင်နေသည်။ ပြီးတော့ အဖြေရှာမရသလို သူ့ခေါင်းကို သူခပ်ဖွဖွကုပ် ပြီး . . .'

'အဲဒီတော့ . . .'

'အဲဒီတော့ ဒို့နှစ်ယောက်လည်း သူ့ရဲကောင်းဖြစ်ပြီကွ သူရဲကောင်းဖြစ်ပြီ ဟား ဟား . . . ဒို့အိမ်ဘေးက ဦးကြာနုကြီးလည်း အောက်ပိုင်းသေနေတာ မဟုတ်လား . . .'

ကိုစျာန်၏ အားတက်သရော စကားကို ကိုဆန်းက နားမလည်နိုင်စွာ ခေါင်းကိုကုပ်ပြီး . . .

'ဦးကြာနုကြီး အောက်ပိုင်းသေတာနဲ့ . . . ဆန်းတို့သူရဲကောင်းဖြစ်တာနဲ့ . . .'

ကိုဆန်း၏ စကားမဆုံးမီ ကိုစျာန်က စိတ်မရှည်တော့ သလိုဟန်မျိုးနှင့် . . .

' မင်းအတော်တုံးတဲ့ကောင်ကွာ . . . ငါ့အကြံက ဒီလို . . .'

❖ ❖ ❖

www.burmeseclassic.com

မိုးတဖွဲဖွဲရွာနေသောနေ့တစ်နေ့ကို ကိုစျာန်၊ ကိုဆန်း၊ ဦးကြာနုကို လောင်းလှေကလေးတစ်စင်းနဲ့ မုတ္တမပင်လယ်ကွေ့ အဝင်ချောင်းထဲလှော်ချသွားသည်ကို တွေ့ကြရ၏။ လှေဦးမှ ကိုဆန်းနှင့် ပဲ့ကိုင်ကိုစျာန်တို့၏ မျက်နှာတွင် မျှော်လင့်ချက်များ နှင့် ပြုံးရွှင်နေပြီး အလယ်တွင် ထိုင်နေသော ဦးလေးဦးကြာနု၏ မျက်နှာပေါ်တွင်လည်း ပီတိတို့လွှမ်းခြုံလို့။

ဦးကြာနုခမျာလည်း အောက်ပိုင်းသေ ဝေဒနာဆိုးကြောင့် အိမ်ထဲ အိမ်ပြင်မှအပ မည်သည့်ဒေသမှ ရောက်ဖူးသူမဟုတ်၍ ယခု ကိုစျာန်နှင့် ကိုဆန်းတို့ ပတ်ဝန်းကျင်ကို လှေလှော်ပြီး လိုက်ပြသည်ဆိုတော့ သူ့အတွက်တော့ တကယ့်မဟာအခွင့်ထူးကြီး မဟုတ်ပါလား . . . ရေကလေးတွေကြည့်လည်းလှ၊ ငှက်ကလေးတွေကြည့်တော့လည်းလှ၊ သစ်ပင်ပန်းပင်ကလေးတွေကြည့်တော့လည်းလှ၊ အရာရာကို လှပနေလေတော့သည်။ နောက်ပြီး သူ့ကိုဤကဲ့သို့ ပတ်ဝန်းကျင်အလှအပများကို စိတ်ရှည်လက်ရှည် လိုက်လံပြသပေးသော ကိုစျာန်နှင့် ကိုဆန်းကိုလည်း ပြောမပြနိုင်လောက်အောင် ကျေးဇူးတင်နေမိသည်။

ကိုစျာန်နှင့် ကိုဆန်းကတော့ သူ့ကို ဘာမှမပြောဘဲ မျှော်လင့်ချက်ရင့်သန်သော မျက်နှာပေးနှင့်သာ လှေကို ဂရုတစိုက် လှော်ခပ်လာသည်။ လှေကလေး ကမ်းနှင့်အနည်းငယ်ဝေးသော နေရာရောက်တော့ ကိုစျာန်က ကိုဆန်းကို 'ရွှတ်' ခနဲ အသံပြု၍ သတိပေးသည်။ ကိုဆန်းကလည်း 'ကျွန်တော်သိတယ်' ဟူသည့် ပုံမျိုးနှင့် ခေါင်းကိုငြိမ့်ပြသည်။ ဦးကြာနုကတော့ သူ့အတွေးနှင့် သူ ပီတိဖြစ်နေသူမို့ ထိုအဖြစ်ကို မရိပ်မိ။

နောက် သိပ်မကြာခင် အချိန်အတွင်း ကိုစျာန်၏'တစ်' ဟူသော အော်သံကြားရ၏။ ဦးကြာနုက ဘာဖြစ်တာလဲဟူသော

www.burmeseclassic.com
အကြည့်မျိုးနှင့် ကိုစျာန်ကို ပြန်လှည့်ကြည့်သည်။ ကိုစျာန်က ဦးကြာနုကို ပါးစပ်ပေါ်လက်ညှိုးထောင်ပြီး ရှူး တိတ်တိတ်ဟု လက်အသာ လှုပ်ပြရင်း 'နှစ် . . . 'ဟု ထပ်အော်သည်။ ထို အော်သံနှင့်အတူ လှေဦးတွင် ထိုင်နေသော ကိုဆန်းမှ လှေလှော်တက်ကို မြှောက်လိုက်သည်။ ဦးလေးဦးကြာနုက ယောင်တောင်တောင်နှင့် ကိုဆန်းကို ပြန်လှည့်ကြည့်သည်။ ထိုစဉ် 'သုံး'ဟူသော ကိုစျာန်အော်သံနှင့်အတူ လှေက 'ဝုန်း'ခနဲ ရေထဲမှောက်ကျသွားပြီး ဦးကြာနုလည်း ရေထဲကို ဖုန်းခနဲ ပြုတ်ကျသွားလေရာ . . .

'အောင်မလေးဗျ . . . လုပ်ကြပါဦး . . . '

ဟူသော အော်သံနှင့်အတူ ဦးကြာနုရေထဲတွင် ယက်ကန်ယက်ကန် ဖြစ်နေသည်။ ရေဆိုတာကလည်း လူကောင်းတောင် မကူးတတ်လျှင် နစ်တတ်ပေသေးရာ သူ့ခမျာ အောက်ပိုင်း ကလည်း သေနေတော့ ရေလည်းကူးလို့ရပုံမပေါ် ရေထဲတွင် မြုပ် ချည်တစ်ခါ ပေါ်ချည်တစ်လှည့်နှင့် ဖြစ်နေသည်။ နောက်ကိုစျာန် တို့ဘက် သူ့လက်ကို ကမ်းပေးပြီး . . .

'ကယ် . . . ကယ်ကြပါ။ အာဝု . . . ကယ်တော် . . . ဖရူး . . . ဖရူး' နှင့် အကူအညီတောင်း၏။ အကြံသမားကိုစျာန်နှင့် ကိုဆန်းက မကယ်သေးဘဲ လှေဝမ်းကိုဖက်ပြီး ရေထဲယက်ကန် ယက်ကန်ဖြစ်နေသော ဦးကြာနုကိုမျှော်လင့်ချက်တောက်ပသော မျက်လုံးမျိုးနှင့် စောင့်ကြည့်နေကြသည်။

'ကယ်တော်မူကြ . . . အာဝု . . . ကယ်တော် . . . ဖရူး . . . မူ . . . အာဝု . . . ကယ် . . . ဖရူး'

အော်ရင်း အော်ရင်း ဦးကြာနု ရေမွန်းလာသည်။ ကိုစျာန်နှင့် ကိုဆန်းက လှေဝမ်းလေးဖက်ပြီး သူ့ကို စိုက်ကြည့်နေသည်။ ဦးကြာနု သူတို့ဘက် ကပ်လာလျှင်ပင် ရေနှင့်ပက်ထုတ်

www.burmeseclassic.com
၍ လှေဝမ်းကိုဖက်ပြီး အနောက်သို့ ဆုတ်သွားသေး၏။ ကြည့်ရင်း ကြည့်ရင်း ဦးကြာနု နှုတ်ခမ်းများ ပြာလာသည်။ မျက်ဖြူလန် လာသည်။

'ကယ် . . . ကယ် . . . ဖရူး . . . ဖရူး . . .'

ဟူသော အသံနှင့်အတူ ဦးကြာနု ရေထဲစွတ်ခနဲ မြုပ်ကျ သွားမှ . . .

'ဟ . . . ဟ . . . လုပ်ပါဟ . . . လုပ်ပါဟ . . . ရေထဲ နစ်ကျသွားပြီ . . . လုပ်ပါဦး . . .' ဟုဆို၍ နှစ်ယောက်သား ရေထဲပြိုင်တူ ငုတ်ချလိုက်လေသည်။

❖ ❖ ❖

'အဲဒီထဲက ဦးလေးဦးကြာနုဟာ သူတို့တစ်ဆွေတစ်မျိုးလုံး ကို စကားမပြောတော့ဘူး။ သူ့ကို သေကြောင်းကြံလို့တဲ့လေ။ အမှန်တော့လည်း ရေကလည်း သိပ်နက်တာတော့ မဟုတ်ပါဘူး။ လူတစ်ရပ်စာလောက်ပဲ ရှိတာ၊ ဒါပေမယ့် ဦးကြာနုက အောက် ပိုင်းသေနေတာဆိုတော့ အရပ်က ဘယ်ထောက်လို့ ရမှာလဲ. . .'

'သူတို့ ညီအစ်ကိုကလည်း စေတနာနဲ့ လုပ်တာပါပဲ။ ရုပ်ရှင် တွေထဲကလို အက်ဆီးဒင့်ဖြစ်ရင် လန့်ပြီးပြန်ကောင်းမလားလို့'

'ဘယ်ဟုတ်မှာလည်း ဦးကြာနုက မွေးရာပါအောက်ပိုင်း သေနေပြီး ခြေသလုံးကျူရိုးလောက်ရှိတဲ့ လူဆိုတော့ ခြေထောက် ပြန်မကောင်းတဲ့အပြင် ရေအောက်မှာ ကြောက်အား လန့်အားနဲ့ ကျောက်တုံးကြီးဖက်ထားလို့ မနည်း ပြန်ခွာယူလာရတယ်'

လူကြီးသည် မောသွားဟန်နှင့် သူ့ရှေ့က ဘီယာလက် ကျန်ခွက်ကို ငွပ်ခနဲ မော့သောက်လိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

'ကိုစျာန်အကြောင်းပြောရရင်တော့ အများကြီးပေါ့ ကွာ . . . သူ့လုပ်ရပ်တွေက ပြောမကုန်နိုင်လောက်အောင် ရှိတာပေါ့။

သူက ပေါက်ကရအကြံဉာဏ်ဆို သိပ်ထွက်တာ။ ဥပမာ ကိုအုပ်က ကဗျာလေးတွေ ရေးထားတယ်ဆိုပါတော့။ ကိုအုပ်ကဗျာလေးတွေက အနုပညာဆန်ဆန် နုနုရွရွလေးတွေ။ သူအဲဒီတုန်းက သူက (၁၇) နှစ်သားလောက်ဆိုတော့ ရေးတတ်တဲ့ ပုံစံက'

'သစ္စာလက်တွင်း
မေတ္တာကိုဖွင့်
အချစ်တွေ့သည်
ကျွန်တော်ယူသင့် မယူသင့်'

'ဆိုတာမျိုး အနုအလှလေးတွေ ရေးတတ်တယ်။ အဲဒါကို ကိုစျာန်က တွေ့တော့ ဘာလုပ်တယ်မှတ်သလဲ . . . အဲဒီကဗျာဘေးနားကနေပြီး သံတူကြောင်းကွဲ ကဗျာတစ်ပုဒ် ထပ်ရေးသွားသေးတယ်။ သူရေးသွားတာက'

'ပတ္တာကလပ်ရင်း
သေတ္တာကိုဖွင့်
နှစ်ရာတွေ့သည်။
ကျွန်တော်ယူသင့် မယူသင့်' . . . ဆိုတာမျိုး
နောက်ပြီး ကိုအုပ်က
'ယုံမယ်လားဟင်
ကျော့ကျော့မော့မော့
လေနုနေ့၍

www.burmeseclassic.com

ဆံလျှော့သွားသည်။
ရှက်သွေးလေးပင် ဖျန်းတက်သေး'
ဆိုတာကို ကိုစျာန်က
'ခြုံကွယ်နားတွင်
ထန်းရည်ကိုမော့
လုံချည်လျှော့၍
အပေါ့ သွားသည်။
ကြက်သီးများပင် ဖျန်းတတ်သေး'
ဆိုပြီးပြန်ရေးထားတတ်တယ်။
နောက်ပြီး ကိုအုပ်ရဲ့
'ချစ်ရည်စွတ်လူး
မောင့်ချစ်ဦးရယ်
ဘယ်ဆီပုန်းရှာင်နေပြီလဲ'
ကို ကိုစျာန်က
'ဝက်ဆီစွတ်လူး
ကြက်ဆီဗူးရယ်
ဘယ်ဆီပုန်းရှောင်နေပြီလဲ'
ဆိုပြီး ပြန်ရေးတာမျိုး . . . နောက်ပြီး . . .

'အို . . . စုံလို့ပါပဲကွာ . . . နောက်ဆုံး သံဝေဂတရားသံကိုတောင် ကိုစျာန်က'

'အရိုးများလှ ငါးပြေမကိုသာ
စိတ်မှာရည်စူး ချက်စားချင်တာ
ဆီကမရှိ ချက်မိလေတာ
အာလာလား အရိုးစူးပေါ့တစ်ခါ'
'ဆိုပြီး ပြန်ရေးတတ်တယ်။ အောင်မာ အသံအသွားက

www.burmeseclassic.com
ညီတယ်ဗျ။ မယုံရင် ဓမ္မစကြာသံနဲ့ ဆိုကြည့်ပါလား . . . ကွက်တိ ပဲ . . . အဲသည်လို . . .'

ကိုအုပ်က ကဗျာစာအုပ်ထဲမှာ အပုဒ်နှစ်ရာရေးထားရင် ကိုချာန်က အဲဒီကိုအုပ်ကဗျာအသံအသွားအတိုင်း ကဗျာအပျက် အပုဒ်နှစ်ရာ ပြန်ရေးထားတတ်တယ်။

လူကြီးသည် ပြောရင်းနှင့် မောသွားဟန်နှင့် ဘီယာခွက် ကို မယူပြီး တစ်ကျိုက်ကျိုက်လိုက်သည်။ ပြီးနောက် သူ့ကို ဝိုင်း ကြည့်နေကြသော စားပွဲထိုးများဘက်လှည့်ပြီး . . .

'မင်းတို့ ဘီယာက မအေးတော့ဘူးကွ . . . စည်ဘီယာ က မအေးရင် သောက်လို့ မကောင်းဘူး . . .'

ဟု လှည့်ပြောလိုက်သည်။ စားပွဲထိုးကလေးများက လူကြီး ကို ဘာမှ ပြန်မပြောဘဲ ငေးမြဲသာ ငေးနေကြလေသည်။ လူကြီးက ကုန်ခါနီး ဘီယာခွက်ကို လှည့်လိုက်ပြီး . . .

'သူတို့အိမ်နားမှာက ဇာတ်ထောင်တဲ့ အိမ်ရှိတယ်ကွ. . .'

ဟုဆိုပြီး စကားပြန်ဆက်လိုက်သည်။

'ဇာတ်ထောင်တဲ့အိမ်က ဇာတ်တိုက်ပြီဆို ဇာတ်မင်းသား တွေက ကိုချာန်ကို အရင်ဆုံးလာတောင်းပန်ထားရတယ်။ ကိုချာန် က သူတို့ကို နှောင့်ယှက်အားကြီးလွန်းလို့ . . .'

'ကိုချာန်နှောင့်ယှက်တာကလည်း တခြားလိုတော့ မဟုတ်ဘူး။ ဥပမာ ဟိုဘက်ကဇာတ်တိုက်နေတုန်း မင်းသားက မင်းသမီးကို . . .'

'ချစ်မှာလားဟင်' . . . ဆိုပြီး . . . မင်းသားသံ ချွဲချွဲလေးနဲ့ ခေါ်လိုက်ရင် ကိုချာန်က ဒီဘက်က

ချစ်မှာပေါ့ . . . ငါ့ကောင်ကြီးရ . . .'

'ဆိုပြီး ယောကျ်ားသံဟိန်းဟိန်းကြီးနဲ့ ပြန်အော်တတ်တာ။

www.burmeseclassic.com
မင်းသားတွေဆိုတာ ကိုစျာန်အသံကြားရင် တွန့်တွန့်သွားတတ်တယ်။ ကိုစျာန်က သူတို့တွေထက် ဌာန်ကရိုင်းကျအောင် ပိုဆိုတတ်သေးတာကိုး . . . နောက်ပြီး အသံကလည်း အောင်တယ်။ လူရှင်တော်တွေက အစ . . . သူ့ကိုမြင်ရင် ဆရာစျာန်လို့ ခေါ်ကြတယ်'

'ဘာဆရာလည်းတော့ မသိဘူး။ ဒါပေမယ့် သူ့ကိုတော့ ဆရာစျာန် . . . တဲ့ . . .'

'အဲ . . . အဲဒီအထဲကမှ . . . သူတို့ရွာမှာ စတိတ်ရှိုးလုပ်ကြတုန်းက သူမွေခဲ့တဲ့အကြောင်း ပြောပြမယ် . . .'

❖ ❖ ❖

www.burmeseclassic.com

စတိတ်ရှိုးလုပ်မယ်ဆိုတဲ့ စကား ကျွန်တော်တို့ ဘီလူး ကျွန်းကို ဟီးထသွားစေတယ်။

စတိတ်ရှိုးဆိုတာ အဲဒီတုန်းက ကျွန်တော်တို့ ကျွန်း တစ်ကျွန်းလုံး ဘယ်သူကမှ မျက်ဝါးထင်ထင် မမြင်ဖူးကြဘူး။ မော်လမြိုင်မြို့ပေါ်မှာတော့ ရှိတယ်။ ဒါပေမဲ့ ဒါလည်း တစ်ခါ တလေရယ်။ အခုတော့ အဲဒီလို တွေ့ရခဲ၊ ကြည့်ရခဲ စတိတ်ရှိုး ကို ဘီလူးကျွန်းရဲ့ ချောင်းဆုံမြို့လေးမှာ ခြိမ့်ခြိမ့်သဲသဲ ကျင်းပ မယ်တဲ့။ နောက်ပြီး ဒီအကြံအစည်ကို စတင် အကောင်အထည် ဖော်သူတွေက တခြားလူတွေမဟုတ်ဘူး။ ကျွန်တော်တို့ ညီအစ် ကိုတွေပဲ။ ပြောရဦးမယ်။ ကျွန်တော်တို့ ညီအစ်ကိုက (၇) ယောက်။ အဲဒီ (၇) ယောက်ထဲမှာ မိန်းကလေးက တစ်ယောက် ပဲ ပါတယ်။ အားလုံး (၂) နှစ်ခြားတွေချည်း လူကောင်တွေ ကလည်း အကောင်ကြီးမျိုးတွေဆိုတော့ အားလုံးအပြိုင်းအရိုင်း မတိမ်းမယိမ်းတွေချည်း အဖေတို့ အမေတို့ကတော့ ပြောပါတယ်။ ဒါတောင် သူတို့မတည့်လို့ (၇) ယောက်တည်း မွေးတာတဲ့။ တည့်များ တည့်လို့ 'အင်း' ထားပါတော့။ ကျွန်တော်ပြောချင်တာ စတိတ်ရှိုးကိစ္စ၊ အဲဒီတုန်းက စတိတ်ရှိုးဆိုတာ ဘယ်သူမှကြည့်ဖူး ကြတာမဟုတ်တော့ လာလာမေးကြတယ်။

www.burmeseclassic.com

နင်တို့ စတိတ်ရှိုးမှာ မင်းသားက ဘယ်သူလဲ။ မင်းသမီးက ဘယ်သူ ကမှာလဲ။ မင်းသမီးကို မြို့ကငှားမယ်ဆိုရင် သီတာဦးကို ငှားပေါ့။ သူက ကာလသားတွေကြိုက်တယ်ဟဲ့။

နောက်ပိုင်းဇာတ်ထုတ်ကိုတော့ ဝေဿန္တရာဇာတ်က ပေါ့။ ငါ့ယောက်ျား ကိုငယ်လေးကိုလဲခေါ်နော်။ သူက သိပ်အငို ထူတာ။ မယုံရင် ငါနဲ့ ရန်ဖြစ်တိုင်း ရန်ဖြစ်တိုင်း ငိုတာကြည့်ပါ လား။ ဆို၊ ငို၊ ပြောဆိုသူနဲ့မှ ဖြစ်မှာ။ ကဏှာနဲ့ ဇာလီနေရာ ငါ့သားဝက်ပု နဲ့ ဆိတ်ပုခေါ်ပေါ့။ သူတို့က ရုပ်သာ ချစ်မွေးမပါ တာ သောက်ကျင့်ကလည်း ခပ်ပျက်ပျက် စသည်ဖြင့် ဗျာ စသည် ဖြင့် ဇာတ်ပွဲလိုထင်ပြီး လာလာပြောကြတာ။ အဲဒါနဲ့ ကျွန်တော်တို့ ကလည်း ရှင်းပြရတယ်။ မဟုတ်ဘူး စတိတ်ရှိုး ဆိုတာ . . .

ထားပါတော့ ကျွန်တော်ပြောချင်တာ စတိတ်ရှိုး အကြောင်း . . .

နောက်ပိုင်းတော့ ကျွန်တော်တို့ ဘာမှ ဆက်မပြော တော့ဘဲ သီချင်းချည်းပဲ လိုမ့်တိုက်တာ တစ်ည ခဲ (ဂဲ) နှစ်လုံးနဲ့ ငါးလုံးကြား ကျတဲ့အထိ။ စတိတ်ရှိုးဆိုတာ ဘာလဲ လာမေးရင် လည်း တစ်ခွန်းပဲ ပြန်ဖြေလိုက်တော့တယ် 'စတိတ်မှာ ရှိုးမယ်' ဒါပဲ ဆက်မေးရင်လည်း မဖြေတော့ဘူး။ ဒီလိုနဲ့ စတိတ်ရှိုး ရက်က တဖြည်းဖြည်း ကပ်လာတယ် ဆိုပါတော့။ အဲ . . . အဲဒီမှာ ပြဿနာတစ်ခုက ပေါ်လာတယ်။ တီးကြခတ်ကြမယ့် ပလေယာ (Player) တွေအတွက် တူညီဝတ်စုံ ဘယ်လိုလုပ်ကြမလဲ။

အဲဒီတုန်းက နိုင်ငံတကာ (Betales) တို့ ပြည်တွင်းက (Play Boy) တို့ဆိုတာ တူညီဝတ်စုံနဲ့ တီးကြတာကိုး။ ဒါ့ကြောင့် အားလုံးက တူညီဝတ်စုံနဲ့ တီးချင်ကြတယ်။ ဒါပေမယ့် သိပ်တော့ မခက်ခဲလိုက်ပါဘူး။ အင်္ကျီက ကျောင်းအင်္ကျီအဖြူနဲ့ ဘောင်းဘီ

www.burmeseclassic.com
က ရဲအိုဂျီဘောင်းဘီတွေ အကူအညီတောင်းလိုက်တော့ ပြေလည်သွားတယ် (အဲဒီတုန်းက အဖေက မြို့နယ်မှူးကိုး) မပြေလည်တာက lead (လိဒ်) ဂစ်တာတီးမယ့် ကျွန်တော့်ညီ မောင်မောင်ပဲ သူက အဲဒီတုန်းက အသက် (၁၂)နှစ် သာသာ ရှိသေးတဲ့ ကလေးကိုး။ အိုဂျီနဲ့ ဘယ်တော်ပ့ါမလဲ။ ဒါပေသည့် ကျွန်တော့်အမေကလည်း ဉာဏ်ကောင်းတယ် ဘောင်းဘီကို ရင်ခေါင်းလောက်အထိ ဆွဲတင်ပေးလိုက်ပြီး ဂုန်နီအိတ်ကြိုး အစုတ်တစ်ချောင်းနဲ့ ဖမ်းချည်ပေးထားလိုက်တယ်။ အရှေ့ဘက် ကတော့ ဂစ်တာကွယ်နေတော့ မသိသာပေမယ့် အနောက်ဘက် ကကြည့်ရင် ပြောင်နေသလိုကြီး၊ ဒါပေမဲ့ ဒီကောင်က ကလေးကိုး ဘယ်သိပ့ါမလဲ မျက်နှာမှာတောင် သနပ်ခါးနဲ့ ပါးကွက်ကြား ရိုက်ထည့်ထားပြီး သူ့ရဲ့ နှာပြား (အဲဒီတုန်းက ဒီကောင် နှာခေါင်းပြားတယ်) ပေါ်မှာတောင် သနပ်ခါးနဲ့ အစင်းကြောင်းကြီး ဆွဲထားတယ်။ သူ့ပုံကို သူကတော့ သွားတဖြဲဖြဲနှင့် သဘောကျလို့။ စတိတ်ရှိုးလုပ်မယ့်နေ့ ရောက်လာတယ် ဆိုပါတော့။ ညနေကတည်းက လူစည်နေလိုက်တာဗျာ။ အံ့တောင် အံ့သြစရာ။ ကလေးတွေ ဖျာလုခင်းကြ အော်ကြဟစ်ကြနဲ့ ဆူညံလို့။ ကာလသားတွေလည်း ညနေကတည်းက မီးပေါင်တင်ပြီး စောင့်နေကြပြီ။ အဲဒီကာလသားတွေထဲမှ ကျွန်တော့်အစ်ကို ကိုစျာန်လည်း ပါတယ်။ သူက သီချင်းဆိုမယ့် အထဲမှာ မပါဘူး။

သူ့ကို သီချင်းဆိုတဲ့အထဲမှာ မထည့်ထားတာ သီချင်းမဆိုတတ်လို့ မဟုတ်ဘူး . . . အကြောင်းရှိတယ်။ သူက ပေါက်ကရ သိပ်လုပ်တတ်လို့ သူ့ကိုဆို အားလုံးက ခါတယ်။ ဒါကြောင့် သူ့ကို စင်ပေါ် ဘယ်သူမှ ပေးမတက်ဘူး။ ခါတိုင်းဆို ဒီလိုမျိုး သူတစ်ယောက်ထဲ ကွက်ချန်ထားရင် ကလန်ကဆန် လုပ်တတ်တဲ့

www.burmeseclassic.com
လူ။ ဒီတစ်ခါတော့ ငြိမ်ချက်သားကောင်းနေတာ ထူးခြား သလိုတော့ အရှိသား၊ ထားပါတော့ စတိတ်ရှိုးက စနေပြီ။

စတိတ်ရှိုး စတယ်ဆိုတာနဲ့ မောင်မောင်တို့က အဖွင့် တီးလုံး စတီးတယ်။ တီးတဲ့ သီချင်းက Deep Par Pal ရဲ့ Hight Way Star သီချင်းပေါ့ အဲဒီသီချင်းကို တီးနိုင်မှ အဲဒီခေတ်က ဂစ်တာသမားကောင်းအဖြစ် သတ်မှတ်ကြတာကိုး။ အဲဒီအချိန် မှာပဲ ဘုရားတကာအနေနောင်စာ ဦးဖြူက တီးတဲ့လူနဲ့ ပရိသတ် မိတ်ဆက်ပေးတယ်။ ဦးဖြူဆိုတာကလည်း အလှူခံတွေ ဘုရားပွဲ တွေမှာ အော်ဟစ်နေကြလူဆိုတော့ အလှူခံဟန်က မပျောက် သေးဘူး။ ကြည့်လေ. . . သူအခု ကြေညာပေးနေတာတောင်

'ဟယ်လို. . . အဟမ်း. . . သီရိသြတပွဲ၊ ချိုမြမြ သဒ္ဒါကို နားဆင် . . . ဖို့ လာကြတဲ့ စတိတ်ရှိုးလာ ပရိသတ်။ ညာဘက်က တစ်ဆုပ်ကျဲလို့ ဘယ်ဘက်က တစ်လှည်းဝင်ကြ ပါစေလို့ . . . ဒီကနေ့ ညမှာဖြင့် အသံဖြင့် သဒ္ဒါဖြူဖွေး လှူပေးကြမှာကတော့ . . . နှင်းဆီဖြူဆိုတဲ့ တေးဂီတဝိုင်းပါ ပရိသတ်၊ ဒါကြောင့် ရေတွင်းပေါင်းက ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်းက ရှစ်သောင်းလေးထောင် . . . မှာ" ဆိုပြီး အလှူခံတွေမှာ အော်သလို အော်တယ် သူကို ကြည့်နေတဲ့ သူကြီး ဦးကွန်ဘလိုင်က မကျေနပ်တော့ဘူး။

ဦးကွန်ဘလိုင်ဆိုတာကလည်း မွန်လူမျိုး၊ နောက်ပြီး ခပ်ပြတ်ပြတ်သမား၊ သူကအနေအထိုင်လည်း တိကျသလို စကား ပြောလည်း ပြတ်တယ်။ ဒါကြောင့် ဘုရားတကာ ဦးဖြူဆီက မိုက်ခွက်ဆွဲယူလိုက်ပြီး သူ့မွန်သံဝဲဝဲကြီးနဲ့ -

**"ကဲ. . . လာတဲ့သူအားလုံး နားထောင်. . . . အခုတီး တဲ့ဝိုင်းကတော့ နှင်းဆီဖြူ (မွန်ဆိုတော့ စကားမပီပါ)ဆိုတဲ့တီး**

www.burmeseclassic.com
**ဝိုင်းပဲ၊ သီချင်းလုံးပေါ် အောင်တီးနေတဲ့ကောင်ကတော့ မြို့နယ်မှူးသား အငယ်ကောင် . . . ဒီကောင်က လူသာငယ်တယ်။ ငယ်ငယ်ထဲက မျောက်လက်လိုပဲ သွက်အောင်တီးနိုင်တဲ့ ပါရမီရှင် ဆိုလားပဲ သူ့အဖေပြောတယ်. . . အဲ . . . သူ့နာမည် ငါ မေ့နေတယ် . . . စင်ဘယ်ဘက်ထောင့်မှာ ဂီတာအမည်းနဲ့ ဦးထုပ် ခပ်ငိုက်ငိုက် ဆောင်းထားတဲ့ကောင်က ရွာလယ်ပိုင်းက ဒေါ်စိန်သောင်းတူ ဖြူတုတ်၊ ဒါပေမယ့် သူ့ကို ဒီပွဲမှာ ဂျင်မီရမ်းဆိုလား၊ ဂျင်မီဘမ်းဆိုလား နာမည်ပြောင်းထားတယ်။ ဟို ကြိုးလေးချောင်းနဲ့ ဂီတာတီးတဲ့ကောင်က ဒို့ရွာမှာ တီးတဲ့လူမရှိလို့ မြို့ကနေ (၇၅)ကျပ်နဲ့ ငှားလာတဲ့ကောင်။ နာမည်တော့ ငါမသိဘူး။ နောက်မှမေးပြီးပြောပြမယ်။ ဒလဝမ်(ဒရမ်)တီးတဲ့ ကောင်ကလည်း မြို့နယ်မှူးသားပဲ၊ သူ့နာမည် ကိုဆန်း။ နင်တို့လည်း သိမှာပေါ့ သစ်ပင်ပေါ် တက်ဆော့လို့ လက်ခဏာခဏာ ကျိုးတဲ့ကောင်။ အခု သူ့ကို ဒရမ်ပေါ်တင်ပေးလိုက်တော့ မျောက်လက်ထဲကို သစ်ကိုင်းခြောက်ထည့်ပေးလိုက်သလိုပဲ”**

အဲဒီအချိန်မှာပဲ သူကြီး ဦးကွန်ဘလိုင်လက်ထဲက မိုက်ကို ဦးဖြူက ဖျတ်ခနဲ ပြန်လုလိုက်ပြီး . . .

‘ပရိသတ်နဲ့ မိတ်ဆက်ပေးတယ်ဆိုတာ အဲသည်လို ပြောလို့ ဖြစ်မလား။ အသံအစ ချိုရမယ်၊ ကြည်ရမယ်။ အီရမယ်ဗျ။ ကျုပ်ပြောပြမယ် နားထောင်’ ဆိုပြီး ခုန ပြောတဲ့ စကားကိုပဲ ပြန်ဆက်တယ် . . .

“ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်းကရှစ်သောင်းလေးထောင်. . . ပေါင်း တစ်သိန်း ခြောက်သောင်းရှစ်ထောင်ကို အလှူပေးတဲ့ အာသောက မင်းကြီးထံ အနာတပိတ်ထံ ဘုရားရှင်ကိုယ်တော်မြတ်က ဗျက် . . . ဗျက်. . .

www.burmeseclassic.com
ဗျက် . . . ဆို ရောက်အလာ ရွှေပွဲလာ ပရိသတ်တို့ရေ”

ဦးဖြူလက်ထဲ မိုက်ခွက်ကို သူကြီး ဦးကွန်ဘလိုင်က ဆတ်ခနဲ ပြန်ဆွဲယူလိုက်ပြီး -

“အို စတိတ်ရှိုးလုပ်ပါတယ်ဆိုမှ ဘုရားရှင် ကိုယ်တော်မြတ်က ဘယ်က ကြွလာရတာလဲ။ ဒီလို တိုတိုထိထိ အော်လည်းရပါတယ်။ ငါအော်ပြမယ်။ ကြည့်နေ” ဆိုပြီး . . .

“ပွဲကြည့်လာ ပရိသတ်အားလုံး နားထောင်”

မောင်မောင်တို့အဖွဲ့ကလည်း ဒီလောက်မြန်တဲ့ Hight Way Star သီချင်းကို တီးရတော့ လက်အံပါ သေနေပြီ . . . သူတို့ပြောနေတာ မပြီးသေးဘူး။ သူကြီး ကွန်ဘလိုင်ကတော့ အေးအေးဆေးဆေးပဲ . . . အတီးသမားတွေကို ဂရုမစိုက်ဘဲ သူပြောချင်ရာဆက်ပြောတယ်။

“ပွဲကြည့် ပရိသတ်အားလုံး နားထောင်၊ စတိတ်ရှိုးကြည့်ရင် . . . ကန်ပေါင်ရိုးပေါ် ဆောင့်ကြောင့်မထိုင်ရ ။ ဖစ်ဖစ်ဖစ်ဖစ် မမှုတ်ရ၊ သွားကြားထိုးတံကအစ တုတ်မယူရ၊ အပ်ကအစဓားမယူရ။ အဲဒါတွေ တွေ့ရင် ထိပ်တုံးစာမိမယ်။ နောက်ပြီးမနက်ဖြန် သူကြီးအိမ်မှာ ဝဲရှိတယ်။ ဝဲလာထုတ် ဝဲထုတ် နောက်ကျ သူကြီးရောင်းစား တာဝန်မယူ” ဆိုပြီး ဘုရားတကာဦးဖြူဘက်လှည့်လို့ -

“ကဲ တိုတိုနဲ့ လိုရင်း မရှင်းဘူးလား”ဆိုပြီး စင်ပေါ်ကဖောက်ဖောက်နဲ့ ဆင်းချသွားတယ် (မှတ်ချက်။ ဝဲဆိုသည်မှာ စပါးစိုက်ရန်အတွက် ဓာတ်မြေသြဇာကို ပြောခြင်းဖြစ်၏) တစ်ရွာလုံးမှာ လယ်သမားအများစုဖြစ်သောကြောင့် သူကြီးအိမ်မှ ပေးသောခွဲတမ်းဝဲကိုသာ အားကိုးကြရ၏။ သူကြီးမှာ တကယ်ရောင်းစားသည်မဟုတ်သော်လည်း သူ့ထံမှ ဝဲထုတ်နောက်ကျမှာ စိုး၍

www.burmeseclassic.com

ဤကဲ့သို့ သတိပေးခြင်းဖြစ်၏။

သူကြီးဆင်းသွားတော့မှ ဘုရားတကာ ဦးဖြူက ဆရာကြီးအထာနဲ့ ပြုံးပြီး ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းလိုက်ပြီး-

"အဲဒါပဲ ခက်တာ အချက်မသိတော့ သမက်သူခိုးထင်၊ ငှက်မသိတော့ ဇရက်ချိုးထင်" ဆိုပြီး -

"အော်တယ်ဆိုတော့ ဒီလို အော်လို့ ဖြစ်မလား၊ အကျိုးရယ် အကြောင်းရယ် ရှိမှပေါ့၊ ဟောကြည့်"

"နိတ္တိမေ သရဏံအညံဗုဒ္ဓေါသရဏံဝရံ။ ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေဇယမင်္ဂလံ၊ ဟောတု မေ အာယုဃုန။ ဟောတ မေ သုခဝဃန်"ဆိုပြီး ဘာမဆိုင် ညာမဆိုင် တရားစာတမ်း တစ်ပိုဒ်ရွတ်ချလိုက်တယ်။ ဘာဆိုင်လို့တုန်း စတိတ်ရှိုးနဲ့ ပါဠိ။

ဦးဖြူက ဒီလောက်နဲ့တင်မရပ်ဘဲ -

"အဲဒီတော့ ရေတွင်းပေါင်းက ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်းက ရှစ်သောင်းလေးထောင် ပေါင်း တစ်သိန်း . . "

သူ့စကားတောင် မဆုံးလိုက်ပါဘူး ပရိသတ်က သည်းမခံနိုင်တော့လို့ ထင်တယ်၊

'တော်ကြပါဗျို့ . . . ရေတွင်းရေကန်တွေလည်း ပြည့်နေပါပြီဗျို့'

'ဘုရားရှင် ကိုယ်တော်မြတ်ကလည်း ဗျက် ဗျက် ဗျက်နဲ့ ပြန်ကြွသွားပါပြီ'

'စတိတ်ရှိုးပွဲ ဆိုတာကြီးလည်း ကြည့်ပါရစေဗျို့'

စသည်ဖြင့် တစ်ယောက်တစ်ပေါက်နဲ့ ဆူညံစွာ ထအော်ကြတယ်။ ဟုတ်တယ်လေ သူတို့ကလည်း စတိတ်ရှိုးလာကြည့်ကြတာ အလှူခံထွက်လာတာမှ မဟုတ်ဘဲ။ အလှူခံ

www.burmeseclassic.com

ချင်ရင် ဒီကို ဘယ်လာမလဲ မြင့်မိုရ်တောင် (ချောင်းဆုံမြို့ အထင်ကရစေတီ) သွားပြီး အလျှုခံမှာပေါ့။

မောင်မောင်တို့အဖွဲ့ကလည်း လက်အံသေနေပြီမို့ အတီးကို ရပ်လိုက်တယ်။ သူကြီးလည်း အဲဒီတော့မှ အခြေအနေကို ရိပ်မိသွားပုံရတယ်။ ဒါ့ကြောင့် ဦးဖြူလက်ထဲက မိုက်ခွက်ကို ဆွဲယူလိုက်ပြီး -

'ခင်ဗျားသွားတော့။ နောက်တစ်ခါ မိုက်ခွက်နား လာရင် စတိတ်ရှူးမှာ မူးပြီး သောင်းကျန်းနေတယ်ဆိုပြီး ကျုပ် ဖမ်းချုပ်မယ်'

ဆိုတော့မှ ဦးဖြူလည်း ဘာမှ မပြောတော့ဘဲ စင်ပေါ်ကနေ ကုတ်ချောင်း ကုတ်ချောင်းနဲ့ ဆင်းရတော့တယ်။ မဆင်းလို့မရဘူးလေ ဦးကွန်ဘလိုင်က ခပ်ပြတ်ပြတ်သမား ပြောရင်ပြောတဲ့အတိုင်းလုပ်တတ်တဲ့လူမှန်။ ဦးဖြူလည်း စင်ပေါ်က ဆင်းလာတာမြင်ရော စတိတ်ရှူးကြည့် ပရိသတ်အားလုံးက -

"ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်းက ရှစ်သောင်းလေးထောင်"ဆိုပြီး သံပြိုင် အော်ဟစ် အားပေးကြတယ်။

"အခု သီဆိုဖျော်ဖြေဖို့ အလှည့်ကျသူက မောင်ယဉ်ထွေးဖြစ်ပါတယ်။ သူသီဆိုမယ့် သီချင်းက အရိုင်းလေး..ပါ" ဝေးခနဲ ပရိသတ်က အားပေးကြတယ်။ မောင်ယဉ်ထွေး ဆိုတဲ့ ကောင်က တကယ့် "ငရွှ" ဒီအတိုင်းနေရင်တောင် ခေါင်း တလှုပ်လှုပ် ဒူးတနန့်နန့် နေတာ။ အခုစင်ပေါ်တက်ပြီး အရိုင်းလေး သီချင်းကို ဆိုမယ်ဆိုတော့ စဉ်းစားသာကြည့်။ အရိုင်းလေးဆိုတဲ့ သီချင်းကို သိမှာပေါ့။ သီချင်းကို ကိုသန်းနိုင်က Copy လုပ်ပြီး ဆိုထားတာ။ သန်းနိုင်ကိုက စာသားနှစ်မျိုးဆိုထားတော့ စာသား

www.burmeseclassic.com
တွေ ရောနေတယ်။ ဒါကို ဉာဏ်ကြီးရှင် မောင်ယဉ်ထွေးက သူ့ဖာသာ သူပေါက်တတ်ကရ စာသားတွေ ထပ်ဖြည့်ထားသေး -

"မောင်ယဉ်ထွေး ထွက်ပါတော့ဗျို့"

"ဆိုပါတော့ဟေ့ . . . ကြည့်ရတာ ခါးညောင်းလှပြီ"

ပရိသတ်က အော်ပြီး မောင်ယဉ်ထွေး စင်ပေါ် တက်မလာသေးဘူး။ ဘယ်တက်လာနိုင်ဦးမှာလဲ။ သီချင်းဆိုရင် ရဲရအောင်ဆိုပြီး ထန်းရည်တွေနဲ့ ရဲဆေးတင်ထားတာ၊ လက်လွန်ပြီး သေးခဏခဏ ထွက်နေလို့။

အခုလည်းကြည့်လေ။ သူ့အလှည့်ရောက်တာတောင် သေးထွက်နေလို့ စင်အနောက်ဘက်မှာ တရှူးရှူးမြည်သံပေးလို့ တစ်ယောက်တည်း အားထုတ်နေရတုန်း။ အတော်ကြာမှ -

"ပြီးပြီဟေ့ . . . တီးတော့ . . . ရပြီ"ဆိုပြီး စင်ပေါ်ကို ကမန်းကတန်း ပြေးတက်လာတယ်။ မောင်မောင်တို့ အဖွဲ့လည်း သူစင်ပေါ်ရောက်လာတာနဲ့ တီးတာပေါ့။ မောင်ယဉ်ထွေးကတော့ စင်ပေါ်မှာ ပရိသတ်ကို ကျောခိုင်းပြီး ကျော်ဟိန်း စတိုင်နဲ့ ခေါင်းဖြီးနေတယ်။ ဒါမျိုးလုပ်ဖို့ အိမ်မှာ သူအသေအချာ လေ့ကျင့်ခဲ့တာ သီချင်းအဆို အပိုဒ်ရောက်တော့မှ မိုက်ခွက်ကို ဆတ်ခနဲ ဆွဲယူပြီး စတိုင်နဲ့ စင်ရှေ့ ပြေးထွက်လာပြီး ဆိုလိုက်တယ်။

"ဒီလို ဒီလို ရိုင်းတယ် ဒီလို ဒီလိုပါကွယ်"

ဆိုပြီး ကွေးနေအောင် ကတော့တာ။ ပရိသတ် စိတ်ဓာတ်တက်ကြွလာအောင်လို့ ဒါပေမယ့် ပရိသတ်က သူထင်တဲ့အတိုင်း မဖြစ်ဘဲ သူ့ကို မျက်လုံးအပြူးသားနဲ့ကြည့်ပြီး

"ဟာ. . . ဒီကောင် တော်တော်ရိုင်းတဲ့ကောင်"

ဆိုပြီး ထပြောကြပါလေရော။ တချို့ဆို သည်းမခံနိုင် လို့ ထင်တယ်။ ဒေါသတကြီးနဲ့ . . .

www.burmeseclassic.com

"နင်ရိုင်းလို့ကတော့ ဒို့လည်း ခပ်ရိုင်းရိုင်းပဲဟေ့"

ဆိုပြီး ထဆဲကြ လုံချည်လှန်ပြကြတယ်။ ဘယ်လောက် ထိလည်းဆို ကလေးတွေကအစ -

"ကဲဟာ ရိုင်းဦး၊ ကိုင်းဟာ ရိုင်းဦး . . . လူယုတ်မာကြီး"

ဆိုပြီး နီးရာ သဲတွေ ခဲတွေနဲ့ ကောက်ပေါက်ကြပါ လေရော

သူလည်း သီချင်းဆိုရင်း ပရိသတ်ကိုကြည့်ပြီး ကြောင် သွားတယ်။ သီချင်းဆိုတာ ဘာမှားလဲပေ့ါ။ ဒါနဲ့ မသင်္ကာတာနဲ့ သူ့ကိုယ်သူ ပြန်ငုံ့ကြည့်လိုက်တော့ -

"ဟင်"

ဘောင်းဘီက ဇစ်ပြုတ်နေတယ်။ ခုန ရှူးပေါက်ပြီး စင်ပေါ်ကမန်းကတန်း ပြေးတက်လာတာ ဇစ်တပ်ဖို့ မေ့ခဲ့သူ။

ဒါကြောင့် ဒီလိုပုံကြီးနဲ့ ပရိသတ်ရှေ့ထွက်ပြီး "ဒီလို ဒီလိုရိုင်းတယ်"ဆိုပြီး ကပြနေတော့ ဘယ်ပရိသတ်က ခံနိုင်မလဲ နင်ရိုင်းရင် ဒို့လည်း ခပ်ရိုင်းရိုင်းပဲဟေ့ဆိုပြီး ဖြစ်ကုန်တာပေ့ါ။

ဒါနဲ့ သူလည်း ရှက်လို့ထင်တယ်။ မိုက်ခွက်ကို ဂလုံခနဲ ပစ်ချပြီး စင်အနောက်ဘက်ကို ထွက်ပြေးပါလေရော။ စင် အနောက်ဘက်မှာလည်း သိတယ်မဟုတ်လား။ ဒူးရင်းခြံကြီး။ မောင်ယဉ်ထွေးရှက်ရှက်နဲ့ ဒူးရင်းပင် တစ်ပင်ပေါ် တက်ပြီး ဒူးရင်းသီးကြီး ဖက်အိပ်နေတာ လင်းကြက်တွန်တာတောင် ပြန် ဆင်းမလာဘူး ဒူးရင်းသီးဆူးတွေလည်း စူး . . . လို့။ ဒီလို ဒီလို အရိုင်းကောင်းလို့လေ။

ဒါနဲ့ ပထမလူ မအောင်မြင်တော့ ဒုတိယလူ ခေါ်ရ တာပေ့ါ။

ဒုတိယလူက ကရင်ရွှေသန်း။ ကြောက်တတ်တာလည်း

www.burmeseclassic.com
မပြောနဲ့။ ကရင်ထဲမှာ သူ့လောက်ကြောက်တတ်တဲ့ လူတစ်ခါမှ မတွေ့ဖူးဘူး။ အခုတောင် စင်ပေါ် မနည်းတွန်းတင်ရတယ်။ ဒူးတွေက တဂတ်ဂတ်တုန်လို့ မျက်နှာလေးငယ်ပြီး ကျီးကြည့် ကြောင်ကြည့်နဲ့ သူဆိုမယ့် သီချင်းက စိုင်းထီးဆိုင်ရဲ့ လေညာ ရပ်ကအချစ် -

"ဟော့ကောင် . . . ဖြစ် . . . ဖြစ်ပ့ါမလား . . . ငါဆိုလို့ ဖြစ်မှာ မဟုတ်ဘူး ထင်တယ်"

ဒရမ်တီးတဲ့ ကိုဆန်းကို ကပ်ပြောတယ်။

"ဖြစ်ပါတယ်ကွာ. . . ရဲရဲသာဆို ဘာမှ မကြောက်နဲ့. . သီချင်းအစက မုတ်သုန်လေလိုနော် ဟော့ကောင် . . . မမေ့နဲ့" ဆိုပြီး

စင်ရှေ့တွန်းလွှတ်လိုက်တယ်။ ရွှေသန်းခမျာ မလှမ်း ချင် လှမ်းချင် ခြေလှမ်းမျိုးနဲ့ မိုက်ခွက်နားကပ်ပြီး ယောင်ပေ ယောင်ပေနဲ့ ပရိသတ်တွေကို လိုက်ကြည့်တယ်။

အဲဒီအချိန်မှာ သီချင်း အင်ထရိုက စတီးနေပြီ . . . ရွှေသန်း ကျီးကြည့် ကြောင်ကြည့် ကြည့်နေတုန်းပဲ အဆိုအပိုဒ် လည်းကျရော ရွှေသန်းကွက်တိပဲ ဝင်ဆိုလိုက်တာ -

"မုတ်"

တစ်လုံးထဲ . . . မိုက်ထဲက မုတ်ဆိုပြီး ထွက်လာတဲ့ အသံဟိန်းကြီးကိုကြားလို့ လန့်ပြီး ရပ်သွားတယ်။ အသံက ဆက်မထွက်လာတော့ဘူး။ ကြောက်လွန်းလို့ထင်တယ်။ ဆက်ပြီး ဆိုဖို့ အသံထပ်မထွက်တော့ဘူး။ ပြီးတော့ ပရိသတ်ကို ပါးစပ် ကလေးဟပြီး လိုက်ကြည့်နေတယ်။

သူ့သီချင်းကို ဆက်မဆိုတော့ မောင်မောင်တို့အဖွဲ့ လည်း အတီးကို ရပ်လိုက်တယ်။ ပြီးတော့ ရွှေသန်းကို ကြည့်

www.burmeseclassic.com

တယ်။ ရွှေသန်းက မိုက်ခွက်နားက မခွာသေးဘူး . . . ကြောင်တောင်တောင်နဲ့ လိုက်ကြည့်နေတုန်း။

ဒါနဲ့ မောင်မောင်တို့က သီချင်းကို အစကနေ ပြန်တီးတာပေါ့။ ရွှေသန်းကတော့ ယောင်ပေပေနဲ့ လိုက်ကြည့်နေတုန်း။ ဒီလိုနဲ့ အဆိုပိုဒ်လည်း ကျရော Music သန္ဓေမခေတဲ့ ရွှေသန်း သီချင်းကို ကွက်တိပဲ ဆိုလိုက်ပြန်တာက . . .

"မုတ်"

တစ်လုံးတည်းပါပဲ။ ဒါပေမယ့် မုတ်။ပြီးတော့ အသံထပ်မထွက်လာတော့ဘူး။ အမှန် သူဆိုရမှာက မုတ်သုန်လေလို မြောက်ပြန်လေလို အစချီဆိုရမှာ။ အခုတော့ မုတ်ဆိုတာ တစ်လုံးတည်း ထွက်တော့တယ်။

မောင်မောင်တို့ အတီးသမားတွေကလည်း ရွှေသန်း ဆက်မဆိုတော့ဘူးဆိုတော့ အတီးကို ရပ်လိုက်တာပေါ့။ ရွှေသန်းကတော့ ကြောင်စီစီနဲ့ ပရိသတ်ကို လိုက်ငေးကြည့်နေတုန်း။

အတော်ကြာတော့မှ သတိဝင်လာသလိုနဲ့ ခေါင်းကို ယမ်းလိုက်တယ်။ နောက် ယောင်တောင်တောင်နဲ့ "မုတ်"လို့ တစ်ခွန်းအော်ပြီး စင်ရှေ့ကို တစ်လှမ်းချင်း သွားတယ်။ ကြည့်ရတာ ကြောင်သွားတယ် ထင်တယ်။ သူ့မျက်စိထဲမှာလည်း ဘာမှ မြင်ပုံမရဘူး။ စင်ရှေ့ကိုလည်းရောက်ရော "ဝုန်း"ဆို အောက်ကို ကျွမ်းထိုးပစ်ကျသွားတယ်။

စင်အောက်ရောက်တော့မှ နည်းနည်းသတိပြန်ဝင်သွားပုံရတယ်။ ဒါတောင် အကျင့်ပါသွားတယ်ထင်တယ်။ "မုတ်" လို့ တစ်ခွန်းအော်ပြီး စင်အောက်လေးဘက်တွားဝင်သွားတယ်။ အဲဒီကမှ တစ်ဆင့် စင်အနောက်ဘက် ဒူးရင်းခြံထဲ ခေါင်းငိုက်စိုက်နဲ့ တွားဝင်သွားပြီး ယောင်တောင်တောင်နဲ့ ဒူးရင်းပင် တစ်ပင်ပေါ်

www.burmeseclassic.com

ဖက်တက်သွားတယ်။ သူ့ကိုလည်း မြင်ရော သူ့အရင် ဒူးရင်းပင်ပေါ် ရောက်နေတဲ့ မောင်ယဉ်ထွေးက ဒူးရင်းသီးကို ဖက်ပြီး ကြောင်တောင်တောင်နဲ့ -

"ဒီလို ဒီလို ရိုင်းတယ်"ဆိုပြီး ရေရွတ်တယ်။

ရွှေသန်းကလည်း လန့်ပြီး "မုတ်"ဆိုပြီး ပြန်အော်တယ်။

ဒုတိယတစ်ယောက်လည်း ကဂျိုးကဂျောင် ဖြစ်ပြန် တော့ တတိယတစ်ယောက်ထပ်ခေါ်ရတယ်။ အဲ့---တတိယတစ်ယောက်ကလည်း နည်းနည်းတော့ ပြဿနာရှိတယ်။ သူ့ပြဿနာက တခြားတော့မဟုတ်ဘူး။ အချစ်ပြဿနာ။ သူ့နာမည်က ဟလယ်ပကျွတ်။ ဟလယ်ပကျွတ်ဆိုတာ မွန်လိုခေါ်တာ။ ဟလယ်ဆိုတာ မြန်မာလို ကုလား။ ပကျွတ်ဆိုတာ သေးသေး လေး။ ဒါကြောင့် ဟလယ်ပကျွတ်ဆိုတာ မြန်မာလိုပြန်ရင် ကုလားလေးပေါ့။ အဲ့---သူ့အချစ်ပြဿနာက ဆရီမာ။ ဆရီမာက ဘီလူးကျွန်းမှာတော့ လူပျိုတိုင်းကြိုက်တဲ့ ကွမ်းယာပျို။ ဟလယ်ပကျွတ်လည်း ကြိုက်ပေါ့။ ဒါပေမယ့် ဆရီမာက သူ့ကိုမကြိုက်ဘဲ ရွာက ရေထမ်းရောင်းတဲ့ပြာလမွတ်ကို ပြန်ကြိုက်သွားတယ်။ တေပြီ။ ဟလယ်ပကျွတ် အသည်းကွဲပြီပေါ့။ ဒါကြောင့် ဒီပွဲမှာ သူအသည်းကွဲကြောင်းကို တစ်ရွာလုံးသိအောင် ကြော်ငြာမယ် ဆိုပြီး ကြုံးဝါးထားတယ်။ သူဆိုမယ့် သီချင်းကိုက လွမ်းလွမ်းဆွေး ဆွေး ရင်ကွဲနာအပြည့်ပေးမယ့်သီချင်း။ သီချင်း နာမည်က "အချစ်ရှုံးသမား ဒဿဂီရိ" ဒါမှ တိုတိုလေးနဲ့ထိမှာ။

သီချင်းအင်ထရိုစတီးတာနဲ့ ဟလယ်ပကျွတ်ဆွေးလှတဲ့ မျက်နှာနဲ့ စင်ပေါ်တက်လာတယ်။ အဆိုပိုဒ်လည်းကျရော မကြောင်မစီဘဲ သီချင်းကို စဆိုလိုက်တယ်။

"မယ်တီတာ၊ ဒတပေါ်မှာ အထင်တော်လွဲခဲ့လေတ

www.burmeseclassic.com
လား။ ဘယ်ဘဝရှေးရေစက်များ ဟရေ့---အချစ်ရှုံးတမား၊ ဒတာဂီရီ”

သူက ကုလားဆိုတော့ စကားမပီဘူး။ ဒီကြားထဲ ကုလားပီပီ “ဟရေ့” တို့ “ဟဂျား”တို့ အပိုထည့်ဆိုတာက လွဲလို့ပေါ့။

“ဂန္ဓဝင်မြောက်တဲ့ အချစ်ဇာတ်လမ်း၊ စံတင်လောက်တဲ့ အချစ်ဇာတ်လမ်း၊ ဆရီမာမုန်းတဲ့အချစ်လူကြမ်း၊မရဏမင်းနဲ့ အချစ်လက်ကမ်း---လက်ကမ်း---လက်ကမ်း”

အောင်မာကြားထဲ ဆရီမာတစ်လုံးပါ ထည့်ဆိုသွားသေးတယ်။ ဒီကြားထဲ စက်ဆရာကလည်း ကွက်တိဗျား---။ အက်ဂိုး ထည့်ရမယ့်နေရာ ခွေထဲကအတိုင်း ထည့်ပေးတယ်။ ဒီလိုလည်း ဟလယ်ပကျွတ်ကလည်း အသည်းနာနာ၊ အကဲပါပါနဲ့ နောက်ဆုံး အပိုဒ်ကို မျက်ရည်ထွက်လုနီးနီး ဟစ်ပစ်လိုက်တယ်။

အချစ်ရှုံးတမား ဒတာဂီရီ . . . အချစ်ရှုံး . . . သမား . . . ဒတာဂီရီ . . . ဆိုပြီး နောက်ဆုံးတစ်လုံးတည်းဆိုဖို့ ကျန် တော့မှ . . .

“အချစ်ရှုံးသမား ဟလယ်ပကျွတ် ---ပကျွတ်---ပကျွတ် --- ပကျွတ် ---”

ဟူ၏တည်း။ သူ့မူရင်းခွေထဲမှာက အချစ်ရှုံးသမား ဒသာဂီရီကို---ဂီရီ---ဂီရီဆိုပြီး အက်ဂိုးသံထွက်နေတာအကြောင်း မဟုတ်ပေမယ့် အချစ်ရှုံးသမား ဟလယ်ပကျွတ် ပကျွတ် ပကျွတ် ဆိုပြီး ထွက်နေတာက တစ်မျိုးကြီး။

ဟလယ်ပကျွတ်ကလည်း သူ့ဟာသူဆိုပြီး လော်က တစ်ဆင့် ပကျွတ် ပကျွတ် ပကျွတ်ဆိုတဲ့ ဟိုနားကလိုလို ဒီနား ကလိုလို ထွက်နေတဲ့ အသံတွေကို ကျီးကြည့် ကြောင်ကြည့်

www.burmeseclassic.com
လိုက်ကြည့်တယ်။ လော်ကလည်း ဘယ်ညာနှစ်လုံး ဆိုတော့ အသံက ဘယ်ဘက်လောက်ထွက်လိုက်၊ ညာဘက်လောက် ထွက်လိုက် ဆိုတော့ သူလည်း ဘယ်ဘက်ကြည့်လိုက် ညာဘက် ကြည့်လိုက်နဲ့ အံ့အားသင့်နေပုံရတယ်။ စက်ဆရာကလည်း စေတနာပိုပြီး အက်ဂိုးပိုတင်ထားမိတော့ အဲဒီအသံက တော်ရုံနဲ့ မပျောက်ဘူး။

ကြာတော့ ဟာလယ်ပကျွတ်လည်း ရှက်လို့ထင်တယ်။ စင်နောက်ဘက်ခုန်ချသွားတာပဲ။ အရင်လူတွေလို ဒူးရင်းခြံထဲ ရောက်မရောက်တော့မသိဘူး။ သူက အသားမည်းတော့ ညဘက် ဆို ပျောက်နေလို့။

စတုတ္ထတစ်ယောက်က ဟာလယ်ပကျွတ်နဲ့ ယှဉ်ပြိုင် အနိုင်ရသွားတဲ့ပြာလမွတ်။ ပြာလမွတ်ဆိုတာ ဘာအဓိပ္ပာယ် လည်းတော့ မသိဘူး။ ဒါပေမယ့် ပြာလမွတ်ကတော့ တကယ့်လူ လည်း။ ပြာလမွတ်က ရေသာထမ်းရောင်းစားတာ။ လူနေတော့ အကြော့ ဗျ။ ဒါကြောင့် ဆရီမာဆိုတဲ့ ကွမ်းယာပျိုကလေးသူ့ကို ကျတာ။ ပြာလမွတ်ကလည်း ဒီပွဲမှာ ဆရီမာနဲ့ပတ်သက်ပြီး အပြတ်ရင်ဖွင့် မယ်လို့ ကြုံးဝါးထားတယ်။

သူက ဒီပွဲမှာ ဆရီမာရဲ့ အချစ်ကို ရထားတဲ့ လူဆိုတော့ တစ်ပန်းသာနေတာပေ့ါ။ ဒါကြောင့် စင်ပေါ်တက်လာတယ်ဆိုရင် ပဲ ဆရီမာကွမ်းယာရောင်းနေတဲ့ဘက် ဖလိုင်းကစ်တစ်ချက်လုပ် လိုက်တယ်။ ဆရီမာကလည်း ဆရီမာပဲ။ သူ့ရည်းစားပြာလမွတ် ကို မြင်တာနဲ့ ရှက်ရမ်းရမ်းပြီး ဟိုလူ့ကို ကွမ်းယာတုတ်နဲ့ လျှောက် ထိုး၊ ဒီလူ့ကို ကွမ်းရွက်ရေနဲ့ လျှောက်ပက်နဲ့ ဖြစ်နေတာ၊ ဖြစ်နေတာ။

သူဖြစ်မယ်ဆိုလည်း ဖြစ်ချင်စရာ၊ ပြာလမွတ်ကလည်း စင်ပေါ်တက်ရမယ်ဆိုလို့ထင်တယ်။ အပြတ်ရှိုင်းထားတယ်။

www.burmeseclassic.com

အကျႌ အဖြူအကျပ်၊ ဘောင်းဘီအဖြူအပွနဲ့ မျက်နှာပါ ဖြူအောင် ဆိုပြီး ထုံးသုတ်ထားတယ်။ ရယ်လိုက်ရင် ထုံးဖတ်တွေပါ အဖတ် လိုက်ကွာကျလို့။ ဒီကြားထဲ မျက်စိထဲ ထုံးဝင်သွားမှာစိုးလို့ ထင်တယ်။ မျက်လုံးနေရာကွက်ပြီး ချန်ထားတာ ရုတ်တရက် ကြည့်လိုက်ရင် အထိုးခံထားရသလို။ မျက်ကွင်းကညိုလို့။ ဒါပေ မယ့် ပြာလမွတ်က ဉာဏ်ကောင်းတယ်။ ကိုင်းပဲပါပြီး မှန်မပါတဲ့ မျက်မှန်တစ်လက် တပ်ထည့်ထားလိုက်တော့ ကွက်တိဗျား။ ရုတ်တရက်ကြည့်ရင် နဂိုအသားကမည်းတော့ မျက်မှန်နက်ကြီး တပ်ထားသလို။

သီချင်းလည်း စတီးရော စည်းချက်နဲ့အညီ ကုလားက ကွေးနေအောင်ကတော့တာ။ သူဆိုတဲ့ သီချင်းကလည်း ငြိမ့်ငြိမ့် ကလေးနဲ့ကောင်းတဲ့ သီချင်း Black Magic Woman မြန်မာပြည်က မင်းမင်းလတ်တို့ နောက်ဇော်ဝင်းထွဋ်တို့တောင် ပြန်ဆိုထားသေး တယ်။ "ညဆိုလျှောက်လို့သာလည်ချင်၊ နေ့ကိုမုန်းတဲ့ စိတ်တွေ ဝင်" ဆိုပြီးတော့။ ဒါပေမယ့် ပြာလမွတ်က အဲဒီစာသားမသုံးဘူး။ ပေါ့လို့တဲ့။ သူ့ဖာသာသူ Own Tune ပြန်ရေးထားတယ်။ တိုတိုလေးနဲ့ ထိအောင်။

အဆိုပိုဒ်လည်းကျရော ကွက်တိပဲ အကမပျက်ဆိုလိုက် တယ်။

"မင်းကို တိတ်ချစ်တယ် ဆရီမာ (ကလွီရှာ)မှာ တစ်ခါ ချိန်းတွေ့စဉ်က" သူ့စာသားလည်းကြားရော ဆရီမာပိုအရှက် သည်းသွားပြီ။

"ဟယ်---တူတိတ်ကဲတာပဲ"ဆိုပြီး ထုံးတုတ်နဲ့ ဟိုလူ တုတ်လျှောက်ထိုး၊ ဒီလူ့လျှောက်ထိုး၊ သူ့နှာခေါင်းထဲ ပြန်ထိုးလို့ ထိုး၊ ထမီနဲ့ ပြန်သုတ်လို့သုတ်၊ ပြီးတော့ ထုံးအိုးထဲပြန်နှစ်လို့ နှစ်နဲ့

www.burmeseclassic.com
လုပ်နေတာ ရှက်ရမ်းရမ်းနေတာ။ ပြာလမွတ်ကလည်း အပီပဲ။ ဆရီမာကို စိမ်းစိမ်းကြီးကြည့်ပြီး သံကုန်ဟစ်နေတယ်။

"မင်းကို သိပ်ချစ်တယ် ဆရီမာ---ကလွိမှာ တစ်ခါချိန်း တွေ့စဉ်က လူမြင်တွားမလားလို့ ထင်နေစဉ်၊ မင်းအစ်ကိုရောက် လာတာ။ဘယ်မှာပုန်းလို့ ဘယ်မှာဝင်၊ ကာဆင်ဘိုင် မြင်းလှည်းနဲ့ ပြင်"

သူ့စာသားနဲ့သူ့အဆိုကတော့ ကွက်တိပဲ အပိုအလိုကို မရှိဘူး။ စာသားကလည်းဗျာ သိပ်မမှတ်မိတော့ဘူး။ ဒါပေမယ့် အဖြစ်အပျက်တစ်ခုလုံးအပြည့်အစုံပဲ။ သူ့အမေခါတမာ အကြော် ရောင်းတဲ့အကြောင်းရော။ ဆရီမာတို့အစ်ကို ရာကွတ်အရက်မူး ပြီး သူ့ကို အရက်တိုက်ခိုင်းတဲ့အကြောင်းရော၊ ဆရီမာတို့အမေ မာဉာဏ်ကြက်သားရောင်းပြီး ဓနဂုဏ်မောက်မာတဲ့ အကြောင်း ရော---အစုံအစုံပါပဲဗျာ---သံစဉ်တစ်မျိုးထဲကို စာသားတစ်မျိုးပြီး တစ်မျိုး မရိုးနိုင်အောင် ဆိုသွားတာ။ သီချင်းကလည်း သိတဲ့ရှိုး မှာဆိုတော့ Fine ဆုံးရတာဆိုတော့ Fine လိုက်တိုင်း ပြာလမွတ်က

"မင်းကို တိတ်ချစ်တယ် ဆရီမာ"

ဆိုပြီးတော့ စဆိုတော့တာပဲ။ သူဆိုတော့ မောင်မောင် တို့ အတီးသမားတွေကလည်း ဘယ်ရပ်လို့ရမလဲ။ ဆက်တီးရတာ ပေါ့။ ပြောရရင် သီချင်းကလည်း အတီးသမားကြိုက် သီချင်းပဲ လေ။ ဆက်တီးတာနဲ့ ပြာလမွတ်ကလည်း စာသားနောက်တစ်ချိုး ပြောင်းဆိုတော့တာပဲ။

ကြာတော့ပရိသတ်က ဘယ်သည်းခံနိုင်တော့မှာလဲ . .

"တော်ပါတော့ဗျို့"

"သိပါပြီဗျို့၊ ဆရီမာတို့ အမေကြက်သားရောင်းတဲ့ အကြောင်း"

www.burmeseclassic.com

"လူပြောင်းပါတော့ဗျို့"

"ဒေါ်ခါတမာရေ ခင်ဗျားသားကို မပြောတော့ဘူးလား" စသည်ဖြင့် ဆူညံကုန်ရော မညံခံနိုင်မလား၊ သံစဉ်က တစ်မျိုးထဲ ကို စာသားသုံးအုပ်စာလောက်ဆိုနေတော့ ပရိသတ်က "ခါ" ပြီပေါ့။ ပရိသတ်မပြောနဲ့ မီးစက်မောင်းတဲ့လူတောင် ပြာလမွတ်ကို အမြင်ကတ်ပြီး မီးစက်ကို ဝုန်းခနဲ ပိတ်ပစ်လိုက်တယ်။ ဒါတောင် ပြာလမွတ်က သီချင်းကို Fine လုပ်တယ်ထင်ပြီး "မင်းကို တိတ် ချစ်တယ်ဆရီမာ" လို့ ထပ်အော်သေးတယ်။ နောက်မှ မီးဖြတ် လိုက်မှန်းသိသွားတယ်။ ဒါတောင် စင်ပေါ်က ရုတ်တရက်ဆင်း မသွားသေးဘူး။ အူကြောင်ကြောင်နဲ့ ဟိုကြည့်သည်ကြည့်လုပ်နေ သေးတယ်။ နောက်မှ သူမဆင်းမချင်း မီးပြန်မဖွင့်တော့မှန်းသိ လို့ထင်တယ် ကုပ်ချောင်းချောင်းနဲ့ ဆင်းသွားတယ်။

တကယ်ပဲ သူဆင်းသွားမှ မီးက ဝုန်းခနဲ ပြန်လင်းလာတယ်။

ဒီတစ်ခါတော့ ပရိသတ်ကို ထိန်းရတော့မယ်။ ဘာလို့လည်းဆိုတော့ စတိတ်ရှိုးစတီးကတည်းက လေးယောက်မြောက်တဲ့အထိ တစ်ယောက်မှ အဆင်မပြေခဲ့တာ။ ပွဲထိန်းဖို့ လိုပြီ။ ဒါကြောင့် ကျွန်တော်တို့ အစ်ကိုကြီးကိုအုပ်ကို တောင်းပန်ပြီး စင်ပေါ်တွန်းတင်လိုက်ရတယ်။

ကိုအုပ်ကိုလည်းမြင်ရော ကာလသားတွေ လက်ခုပ်ဝိုင်းတီးကြတယ်။ ဟုတ်တယ်။ ကိုအုပ်က အဲဒီတုန်းက ဥက္ကာဆိုပြီး နော်လီဇာနဲ့ တွဲပြီး မိမုန်းဆိုတဲ့ စီးရီးတစ်ခွေ ထွက်ထား တယ်။ နောက်သူက မော်လမြိုင်အကြိုက်အဆိုတော်။

သူ့ကိုလည်းမြင်ရော ကာလသားတွေက အရှေ့တိုးလာ

www.burmeseclassic.com
ကြတယ်။ ဟုတ်တယ်လေ။ အဆိုတော်တစ်ယောက် ဒီလို သီချင်းဆိုတာမြင်ရဖို့ ဘီလူးကျွန်းလိုနေရာမျိုး လွယ်တာမှတ်လို့။

ကိုအုပ်ကလည်း သူ့စီးရီးထဲက တိုင်တယ် (title) သီချင်းဖြစ်တဲ့ မိမုန်းဆိုတဲ့ သီချင်းကိုဆိုတယ်။ သီချင်းကရော့ခ်ကင်ရိုးသီချင်းအမြူးကလေး။

"ဟေး----မိမုန်းတွေ့လိုက်ရင်ပြုံး၊ အလိမ္မာသုံး၊ စကားအလှသီကုံးကွေ့ရှောင်ပုန်း မိုးမင်းလို ချုန်း ရွာလိုက်ဦး---မုန်းမေ့မိမုန်းမောင့်မိမုန်း"

သူ့သီချင်းသံနဲ့အတူ ကာလသားတချို့နဲ့ ကိုစျာန်ပြေးထွက်လာပြီး စင်ရှေ့ကွေးနေအောင်ကတော့တာ။ ပွဲက အဲဒီတော့မှ ရုတ်တရက် စည်ထွက်သွားတယ်။ စင်ပေါ်တီးနေတဲ့ လူတွေကလည်းရွှ စင်အောက်က လူတွေလည်း "က"ပေါ့။

"ဟေး---မိမုန်းအသည်းစွဲကျင့်ထုံး အလိမ္မာသုံး"

သူ့သီချင်းကိုရတဲ့ ကာလသားတချို့က တပျော် တပါးလိုက်ဆိုကြတယ်။ ဒါကို စင်အောက်မှာကနေတဲ့ ကိုစျာန်က သူ့ဆီမိုက်ခွက်ထိုးပေးဖို့ လှမ်းတောင်းတယ်။ (နိုင်ငံခြားစတိတ်ရှိုးတွေမှာလိုပေါ့)

ကိုအုပ်ကလည်း သူ့ညီကိုစျာန်ကိုကြည့်ပြီး သနားသွားပုံရတယ်။ အော်--သူ့ခမျာ ဆိုချင်ရှာမှာပဲလေဆိုပြီး အဆိုပိုဒ်လည်းကျရော စင်အောက်မှာ တပျော်တပါး ကနေတဲ့ ကိုစျာန်ဆီမိုက်ခွက်လှမ်းထိုးပေးလိုက်တယ်။ ဒါကို ကိုစျာန်ကလည်း သူ့အကြံအတိုင်း မိုက်ကို ဆတ်ခနဲဆွဲယူထွက်ပြေးသွားတယ်။ အဲဒီတော့မှ ကိုအုပ်လည်း မျက်လုံးပြူးပြီး

"ဟ---ဟ---ဟေ့---လုပ်ပါဦး ကိုစျာန်မိုက်လုပြေးပြီ" ဆိုပြီး ထအော်ရော။ အဲဒီအချိန်ကျတော့ ကိုစျာန်က လှစ်ခနဲ

www.burmeseclassic.com

ပျောက်သွားပြီ။ ပွဲကလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။ မဖြစ်လို့မရဘူးလေ။ တစ်စင်လုံးမှာရှိတာ မိုက်က နှစ်လုံးထဲ။ ဖြစ်ချင်တော့ မိုက်တွေက (FM) ကြိုးမဲ့မိုက်တွေ။ နောက်ပြီး မိုက်နှစ်လုံးစလုံးကို ပလပ်ပေါက်တစ်ပေါက်ထဲ ထိုးထားတော့ တစ်လုံးက အသံထွက်ရင် နောက်တစ်လုံးကလည်း လိုက်ပြောလို့ရတယ်။ ကိုစျာန်ကိုလည်း ဘယ်လိုမှ ပြန်ရှာလို့ မတွေ့တော့ဘူး။ ပွဲက လည်း ရုတ်ရုတ်သဲသဲနဲ့ ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိအောင် ဖြစ်နေကြတယ်။

အတော်ကြာတော့မှ ကိုအုပ်က မိုက်တစ်လုံးထဲနဲ့လည်း ဆိုလို့ရတယ်။ ဆက်ဆိုကွာ---ဆိုပြီး စင်ပေါ်က ဆင်းသွားတယ်။ အဲဒီမှာ ပြဿနာက စတာပဲ။

ကိုအုပ်လည်း ဆင်းသွားရော မောင်မောင်ကပဲ အနောင်စာလုပ်ပြီး ကြော်ငြာပေးတယ်။

**“အခုအလှည့် ကျတေးသံရှင် ကိုမြင့်ကျော် ဖြစ်ပါတယ် ခင်ဗျား”**

လာပြီ ကိုမြင့်ကျော်---မြင့်ကျော် ဘိုကေကို အကြော့ဖြီးပြီး အင်္ကျီလည်ကတုံးနဲ့ စင်ပေါ်တက်လာတယ်။ သီချင်းဆိုရမယ်ဆိုတော့ မျက်နှာကလည်း ပြုံးလို့။ သူလည်း စင်ရှေ့ရောက်ရော ထွက်လာတဲ့အသံက ---

“ဟော့ကောင် နာနတ်သီးသူခိုး”လော်က ထွက်လာတဲ့ ကျယ်လောင်တဲ့အသံကြောင့် မြင့်ကျော်တွန့်သွားတယ်။ ပြီးတော့ ဘယ်က အော်နေတာလည်းဆိုပြီး ဘေးဘီဝေ့ကြည့်တယ်။ ဘယ်သူမှ မတွေ့ဘူး။ အသံက ကိုစျာန်အသံ။ သူ့ဆီမှာ ရှိနေတဲ့ မိုက်ခွက်တစ်ဆင့် အော်နေတာဖြစ်မယ်။ မိုက်ကလည်း (FM) မိုက်ဆိုတော့ အတော်ဝေးဝေးကနေ ကြိုးမပါဘဲ အော်လို့ရတာကိုး။

www.burmeseclassic.com

"ဟော့ကောင်---မင်းဦးလူဝခြံထဲဝင်ပြီး နာနတ်သီးဝင်ခိုးတယ်။ ငါမြင်တယ် မြင့်ကျော်---။ အခုမှ ကြောင်သူတော်လို ပုံစံမျိုးနဲ့ လုပ်မနေနဲ့"ဆိုတော့ မြင့်ကျော် အထိနာသွားပုံရတယ်။ ဒါကြောင့် ရှက်ရမ်းရမ်းပြီး မိုက်ကတစ်ဆင့် "ဟော့ကောင်ကိုဈာန် အဲဒီတုန်းက မင်းကိုငါခွဲတမ်းတစ်လုံး ပေးခဲ့ပြီးပြီမဟုတ်လား။ မင်းဘယ်သူ့မှ မပြောဘူးဆို။ ဘာအခုမှ သစ္စာဖောက်တာလဲ"

"မင်းငါ့ကို နာနတ်သီးအပုပ်ကြီးပေးခဲ့လို့ ပြောရတာကွ။ ပြောရတာ။ မင်းအကောင်းပေးခဲ့ရင် ငါပြောပါ့မလား။ မင်းဘုန်းကြီးကျောင်းမှာ ပန်ဲသီးတက်ခိုးတာ ငါဘာပြောလဲ။ အစွမ်းကုန်ကွာ --- ရပ်ကွက်လူကြီး ဦးကွန်ဘလိုင်သမီး မိသိန်းအေးနဲ့မင်း သူ့အဖေအိပ်တုန်း ခြံအနောက်ဘက်မှာ ခိုးတွေ့တာ ငါပြောရင် ငါ့အပြစ်"

ပေါ်ကုန်ပြီ။ ငယ်ကျိုးငယ်နာတွေ ပေါ်ကုန်ပြီ။ မြင့်ကျော်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ စင်ပေါ်မှာ မျက်နှာငယ်ကလေးနဲ့ ဟိုကြည့် ဒီကြည့် ဖြစ်နေတယ်။ သူ့ငယ် ကျိုးငယ်နာတွေ ပေါ်ကုန်တော့ ရှက်လည်းရှက်နေတယ် ထင်တယ်။ ကြောင်ပြီး ပရိသတ်ကို လိုက်ကြည့်တယ်။

အဲဒီအချိန်မှာပဲ ဦးကွန်ဘလိုင်လုံချည်ကြီး မပြီး စင်ပေါ်တက်လာပြီး

"အော် . . . ငါ့သမီးကို လာလာချိန်းတာ မင်းကို . . . တွေ့ကြသေးတာပေါ့"

ဆိုပြီး မြင့်ကျော်ကို နားရင်း ဖုန်းခနဲနေအောင် အုပ်လိုက်တော့

"အောင်မလေးဗျ။ နောက်မလုပ်တော့ပါဘူး"

ဆိုပြီး စင်ပေါ်က ခုန်ချထွက်ပြေးသွားတယ်။

www.burmeseclassic.com

မြင့်ကျော်လည်းထွက်ပြေးသွားရော ပွဲကလည်း အစော ကြီးရှိသေးတယ်ဆိုတော့ နောက်တစ်ယောက်ထပ်ခေါ်ရတာပေါ့။ နောက်တစ်ယောက်က အမျိုးသမီးအဆိုရှင် နာမည်က စိန်စိန်အေး . . . စိန်စိန်အေးကလည်း သိတဲ့အတိုင်း။ သူက ဒါမျိုးဆို သိပ်ကဲတာ။ ပွဲမဖြစ်ခင်သုံးလေးရက်ထဲက အိမ်မှာ အကကျင့်နေ တယ်ဆိုပါရော့လား . . . ။ အခုလည်း ကြည့်လေ။ မျက်နှာမိတ်ကပ်တွေ လူးထားတာရဲလို့။ စင်ရှေ့ထွက်လာတာ တောင် ဟိုလှုပ် ဒီလှုပ် တလှုပ်လှုပ်နဲ့ ဂိုက်ပေးကြမ်းလာတယ်။ ဒါပေမယ့် သူလည်း စင်ရှေ့ရောက်ရော . . .

"ဟေ့ကောင်မ . . . နင့်အကြောင်း ငါပြောလိုက်ရ မလား" ဆိုတဲ့ ကိုဈာန်အသံလည်းကြားရော စိန်စိန်အေး မျက်နှာပျက်သွားပြီး . . .

"ဟင့်အင်း . . . ကျွန်မ မဆိုတော့ဘူး"ဆိုပြီး စင်ပေါ် က ကသုတ်ကယက်ပြန်ပြေးဆင်းသွားတယ်။ 'သိပ်ကြောက်သွား သလား မမြဝင်း . . . ဗိုလ်အောင်ဒင် ဘောင်းဘီချွတ်တာ ရေချိုးသွားမလို့ပါ . . . ဟားဟား . . .' တဲ့ . . . 'ကိုဈာန်က ဗိုလ်အောင်ဒင် လေသံထက် တစ်ပြားသားမှ မရောတဲ့ လေသံနဲ့ ပြောနေတာ . . .' ကိုဈာန်ပြောမယ့် အကြောင်းက ဘာ အကြောင်းဆိုတာတော့ သူတို့ပဲ သိမှာပေါ့။ ဒါပေမယ့် စိန်စိန်အေး ကြောက်သွားတာတော့ အမှန်ပဲ။

ဒီလိုနဲ့ ဘယ်သူမှ စင်ပေါ်မတက်ရဲတော့ဘူး။ စင်ပေါ် တက်တာနဲ့ ကိုဈာန်က သူ့မှာရှိတဲ့ (FM) မိုက်နဲ့ လှမ်းလှမ်းပြီး အော်နေတာကိုး။ ဒီကြားထဲ သူက မထင်ရင် မထင်သလို သီချင်း တွေ ဟစ်နေသေးတာ။ သူ့ လေကျကြီးနဲ့။

နောက်ဆုံး ဘယ်လိုမှ လုပ်မရတဲ့အဆုံး ကျွန်တော်တို့

www.burmeseclassic.com
အဖေကို သွားခေါ်လာရတယ်။ အဖေပြောရင်တော့ ကိုဈာန် ဘာတတ်နိုင်မှာလည်းပေ့ါ။ ကျွန်တော်တို့အဖေလည်း စင်ပေါ် တက်ပြီး မိုက်ခွက်ကတစ်ဆင့်

"ကဲ . . . သားမောင်ဈာန် မင်းလည်း နှောင့်ယှက်လို့ ဝလောက်ရောပေ့ါ။ မိုက်ခွက်ကလေးတော့ ပြန်ပေးပါကွာ. . . ဒီမှာ စတိတ်ရှိုးဆက်လုပ်ချင်လို့ . . ."

ဆိုတာကို ကိုဈာန်က

"ဟား . . . ဟား . . . ဦးဘချစ်ခင်ဗျား ပုလိပ်ကျင့် ပုလိပ်ကြံနဲ့ ဒီလို အပျော့ဆွဲလုပ်လို့မရဘူးလေ။ ကျုပ်ကို လွယ် လွယ်နဲ့ တရားချလို့ ရမယ်မှတ်နေလား"

ဆိုတော့ ကျွန်တော်တို့အဖေလည်း စိတ်ဆိုးပြီး . . .

"ဟေ့ကောင် . . . ဦးဘချစ်မဟုတ်ဘူးကွ . . . မင်း အဖေကွ . . . မင်းအဖေ"

'ဒါက ပုလိပ်အမြင်ကိုး ဦးဘချစ်တဲ့'

'ဟေ့ကောင်မောင်ဈာန် . . . မင်း ခု (၅) မိနစ်အတွင်း မိုက်လာပေးရင်ပေး မပေးရင် ငါ့အဆိုး မဆိုနဲ့ . . .'

'မလုပ်နဲ့ . . . ကိုကိုချစ်ရယ် ကျွန်မ မမာလို့ပါ . . .'

'ဟေ့ကောင်!' အဖေက မျက်နှာကြီးနီပြီး အတော့ကို ဒေါသ ဖြစ်နေပြီ။

ဒါတောင် ကိုဈာန်က အလျော့မပေးသေးဘဲ . . . ပွဲထဲက ပြဇာတ်မင်းသားလေသံနဲ့ . . .

"ဟင် . . . အဖေ . . . အဖေ . . . သားကို . . . သားကို . . . အဖေလို့ တစ်ခွန်းတည်းခေါ်လိုက်ပါလား အဖေရယ်"

ဆိုတော့ . . . အဖေလည်း အကြီးအကျယ် စိတ်ဆိုး သွားပြီး . . .

www.burmeseclassic.com

"ဟော့ကောင် . . . မင်းကို ငါဘာကိစ္စအဖေခေါ်ရမှာလဲ . . . မင်းထွက်ခဲ့စမ်းဟော့ကောင် . . ."

"အို . . . အဖေကလည်း . . . လူကြားထဲ ထွက်ရမှာ ရှက်စရာကြီး . . . ထွက်ချင်ပေါင်"

ဆိုတော့ Father ကြီး စိတ်ဆိုးပြီး စင်ပေါ်က "ဝုန်း"ဆို ခုန်ချသွားတယ်။ ကိုစျာန်ကို လိုက်ရှာဖို့ ဖြစ်မယ်။ မိရင်တော့ မချောင်လောက်ဘူး။

ဒါပေမယ့် ကိုစျာန်ကိုတော့ ဘယ်လိုမှာ ရှာလို့မရဘူး။ ဘယ်နားပုန်းနေတာရယ်တော့ မသိဘူး။ တချို့ကလည်း ဘုန်းကြီးကျောင်းအိမ်သာထဲမှာ တွေ့လိုက်သလို၊ တချို့ကလည်း အနောက်က ဒူးရင်းခြံထဲမှာ လိုလိုနဲ့။ ဒါပေမယ့် ဘယ်မှာမှတော့ မတွေ့ဘူး။

ဒါနဲ့ စက်ပိတ်ပြီး ခဏနေလိုက်ရင် ကိုစျာန်မူးနေတာဆိုတော့ အိပ်ပျော်သွားနိုင်တာပေါ့။ အဲဒီတော့မှ စတိတ်ရှိုးကို ပြန်စမယ်ဆိုပြီး စက်ကို ခဏပိတ်လိုက်တယ်။

စက်ပြန်ဖွင့်လိုက်တော့ ဟုတ်တယ် တွက်ကိန်းက မှန်တယ်။ ကိုစျာန်မူးပြီး အိပ်ပျော်နေပြီ။

အိပ်ပျော်တာတောင် မိုက်ခွက်ကြီးဖက်ပြီး အိပ်လို့ ထင်တယ်။

ခရူး . . . ခရူး

ဆိုတဲ့ ဟောက်သံကြီး ကြားနေရတုန်း။

❖ ❖ ❖

www.burmeseclassic.com

'ကိုဆန်းဆိုတဲ့ ကောင်ကလည်း တစ်မျိုးဗျ။ သူကလည်း အဲဒီလို အစ်ကိုတွေအစ်မတွေနဲ့ ပေါင်းလာတော့ သူ့မှာ အဲဒီလို ကချော်ကချွတ်ဉာဏ်မျိုးလည်း ရှိတယ်။ နောက်ပြီး သူက ပန်းချီဆရာဖြစ်လာမယ့် လူဆိုတော့ . . .'

အဲ . . . နောက်ပြီး သူအဲဒီ ဆယ့်လေးငါးနှစ်သားအရွယ်တည်းက ရပ်ကွက်ထဲက ဆိုင်းဘုတ်တွေ၊ ပုံတူတွေ၊ ကြော်ငြာတွေကို လက်ခံပြီး ရေးပေးနေပြီ။ သူ့တပည့်တွေကတော့ သူ့ထက်ငယ်တဲ့ ကလေးတွေပေါ့။ သူတို့တစ်တွေ အားပြီ၊ ကျောင်းပိတ်ပြီဆိုရင်ဖြင့် အိမ်အောက်မှာ ဆိုင်းဘုတ်တွေရေး ပုံတူတွေရေးနဲ့ ကလေးတွေအားလုံးဟာ အနုပညာကို ကစားနည်းတစ်ခုလို ကစားခဲ့ကြတယ်။ ဒါပေမယ့် သူတို့ရဲ့ လက်ရာက သေသပ်တော့ တစ်မြို့လုံးရဲ့ ပန်းချီရေးစရာအလုပ်ကို သူတို့ပဲ လုပ်ရတယ်။

တစ်ခါကလည်း မှတ်မိတယ်။ ရွာက ပိုက်ဆံနည်းနည်းချမ်းသာတဲ့ လူတစ်ယောက်က လှက်ရည်ဆိုင်ဖွင့်တယ်။ ဒါပေမယ့် သူက ပိုက်ဆံသာ တတ်နိုင်ပြီး လှက်ရည်ကျတော့ မဖျော်တတ်ဘူး။ ဒါကြောင့် သူ လှက်ရည်မဖျော်တတ်ဘူးဆိုတဲ့ အကြောင်းကိုလည်း အားလုံးသိအောင် လှက်ရည်ဆိုင်နာမည်ကို 'ရော်ဖျမ်း' ဆိုပြီး ပေးလိုက်တယ်။ သဘောကတော့ 'ရမ်းဖျော်' ပေါ့။

www.burmeseclassic.com

သူ့ဆိုင်ရဲ့ ဆိုင်းဘုတ်ကိုကျတော့ ပန်းချီကို ဘယ်သူ့ဆီ မှာမှ မသင်ဘူးလို့ ပန်းချီအကြောင်း ကောင်းကောင်းနားမလည် သေးဘဲ ထင်ရာရမ်းနေတဲ့ ကိုဆန်းကို အပ်လိုက်တယ်။

ကိုဆန်းကလည်း အပီပဲ ရော်ဖျမ်းဆိုတဲ့ ဆိုင်းဘုတ်ကို ကာတွန်းပုံတွေနဲ့ ရေးပေးလိုက်တယ်။ ပြီးတော့ ဆိုင်းဘုတ် အောက်မှာ သူ့လက်မှတ်ကို ထိုးလိုက်တယ်။

ရော်ဆန်းတဲ့ . . .

ရော်ဆန်းဆိုတော့ ရမ်းဆော်ပေါ့ . . .

အဲဒါနဲ့ပဲ အဲဒီလ္ဘက်ရည်ဆိုင်ကို ရော်ဖျမ်း၊ ရော်ဆန်း လ္ဘက်ရည်ဆိုင်လို့ ပဲ ခေါ်ကြတော့တယ်။

ရော်ဖျမ်း၊ ရော်ဆန်းဆိုတဲ့ လ္ဘက်ရည်ဆိုင်ကလည်း သူတို့ ရွာမှာ ဒီနေ့ထက်ထိအောင် မြင်နေတုန်း။

နောက်ပြီး . . . ကိုဆန်းက ဂစ်တာသင်တန်းလည်း ဖွင့်တယ်လေ။

ဂီတနဲ့ ပတ်သက်ပြီး သူတတ်သလောက် မှတ်သလောက် တွေကို သူ့ထက်ငယ်တဲ့ ကလေးတွေကို ပြန်ပြီးသင်ပေးခဲ့တာပေါ့။

အဲဒါကြောင့်လည်း . . . အဲဒီတုန်းက ကလေးငယ်တွေ ဆိုတာ ကျောင်းပိတ်ရက်တွေမှာ ဘယ်ကိုမှ လိုက်မသွားလိုက် မကစားဘဲ သူတို့ရဲ့ အိမ်အောက်မှာ ငြိမ်ငြိမ်လေး ဂစ်တာတစ်လုံး စုတ်တံတစ်ချောင်းနဲ့ ရှိနေတတ်ကြတယ်။

အဲ . . . ဒါပေမယ့် တစ်ခါတလေတော့ သူလည်း ကလေး ပီပီ . . .

လူကြီးသည် စကားကို ထပ်မဆက်တော့ဘဲ 'ဘီယာ နောက်တစ်ခွက်' ဟု လှမ်းမှာလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

ကိုဆန်း အိမ်ရှေ့တွင် ရပ်ထားသော အဖေ့ဂျစ်ကားကြီးကို ကြည့်ပြီး အသည်းတယားယား ဖြစ်နေသည်။ ဂျစ်ကားကြီးကိုကြည့်ပြီး သူ့မှာ ကားမောင်းချင်စိတ်များ တဖွားဖွားဖြစ်နေ သည်။ သို့သော် ကားဆိုသည်ကို တစ်ခါမှ မမောင်းဖူးတော့ သူ့ စိတ်ထဲတွင် မရဲ့မရဲ ဖြစ်နေလေသည်။ (ထိုကားကို ကျွန်တော် တို့အိမ်တွင် ကိုမိုးမှလွဲ၍ မည်သူမှ မမောင်းရဟု အဖေက အမိန့် ထုတ်ထားသည်။)

'ဟော့ကောင် . . . ဂျစ်ကားကို မမြင်ဖူးလို့ ကြည့်နေတာလား . . .'

အသံကြား၍ လှည့်ကြည့်လိုက်ရာ . . . 'မျိုးဝင်း'။ သူ့ သူငယ်ချင်း မျိုးဝင်း . . . မျိုးဝင်းဆိုသည့် ကောင်ကလည်း အမြောက်သမား။ တွေ့သည့်လူကို မြောက်ပြောရမှ ကျေနပ်သူ။ ကိုဆန်း မျိုးဝင်းကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ဂျစ်ကားကိုသာ တွေတွေကြီး ပြန်ငေးကြည့်နေပြန်သည်။ နောက်မှ ဖြည်းလေးစွာဖြင့် တစ်လုံးချင်းပြောလိုက်သည်။

'ငါ . . . ဒီဂျစ်ကားကြီး မောင်းကြည့်ချင်နေတာကွ . . .'

'ဟ . . . မောင်းချင်ရင် မောင်းပေါ့ကွ၊ ဒါ မောင်းသင့်တဲ့ ကိစ္စပဲ . . .'

www.burmeseclassic.com

မျိုးဝင်းက အသားလွှတ် ဝင်မြှောက်ပေး၏။

'ငါ . . . ငါမှ မမောင်းတတ်တာ . . .'

'ဟ . . . ကားဆိုတာ ဘယ်သူမှ မွေးကတည်းက မောင်းတတ်ခဲ့တာ မဟုတ်ဘူး။ ဒီလိုပဲ ကျင့်ယူရတာပေါ့။ လူငယ်ဆိုတာ စွန့်စားရတယ်ကွ . . . လူငယ်ဆိုတာ ခိုင်မာရဲရင့် စွမ်းရည်မြင့်မား ပြတ်သားထူးချွန် ကောင်းမွန်ရိုးသား ကြိုးစားထက်မြက် အနာဂတ်အတွက် ဖြစ်ရမယ်ဆိုပြီး မင်းပဲ ကဗျာရေးထားသေးတယ်လေ။ မင်းက ပါရမီရှင်ပဲ။ ခဏလေ့လာလိုက်ရင် တတ်ပါတယ်'

မျိုးဝင်း သူ့ဝသီအတိုင်း မရမက ကြံဖန်မြှောက်ပေး၏။

သူ၏ သွေးထိုးမြှောက်ပင့်မှုကြောင့် ကိုဆန်းအားတက်သွားပြီး . . .

'အေး . . . ဒါဆိုလည်း မောင်းမယ်ကွာ . . . မင်းပါလိုက်ခဲ့ . . .'

'လိုက်မှာပေါ့ကွာ . . . မင်းရဲ့ လုပ်ရည်ကိုင်ရည်ကို ငါမှ အနီးကပ်မကြည့်ရှုရင် ဘယ်သူက ကြည့်ရှုမှာလဲ'

နှစ်ယောက်သား အတိုင်အဖောက်ညီစွာ ကားပေါ်တက်လိုက်ကြသည်။ နောက်ကားစက်ကို ကိုမိုးမောင်းတုန်းက မြင်ဖူးသည့်အတိုင်း နှိုးလိုက်သည်။ ကလပ်ကိုနင်းပြီး ဂီယာကို ထိုးလိုက်သည်။ လီဗာကိုနင်းပြီး ကလပ်ကို ဖြည်းဖြည်းခြင်း လွှတ်လိုက်သည်။ ကားက တဂီးဂီးအော်မည်သံနှင့်အတူ မြွေတစ်ကောင်သဖွယ် လိမ်ကောက်လိမ်ကောက်နှင့် ဟိုလူ့အိမ်ဝင်းနိုးနိုး ဒီလူ့အိမ်ဝင်းနိုးနိုးနှင့် ထွက်သွား၏။ အခြေအနေကို ရိပ်မိသော မျိုးဝင်းက . . .

'ဟေ့ကောင် လူရှင်းတဲ့ဘက်သွားရင် ကောင်းမယ်ထင်တယ် . . .'

www.burmeseclassic.com

'ဘာဖြစ်လို့လဲကွ . . . စီးမကောင်းလို့လား . . .'

ကိုဆန်း၏ စကားကို မျိုးဝင်းက

'မဟုတ်ဘူးကွ . . . ကားက ဘယ်သူ့ကိုမှ မတိုက်ပေမယ့် လူတွေက ကားကိုဝင်တိုက်နိုင်တယ်ကွ . . . ငါ့မျက်စိထဲမှာ ဓါတ်တိုင်တွေတောင် နီးလာလိုက်၊ ဝေးသွားလိုက် ဖြစ်နေတယ်။ နောက် အိမ်တွေက ငါတို့ကားခေါင်းတည့်တည့် ရောက်ရောက် လာသလိုပဲ'

ဟုတ်လည်း ဟုတ်ပါသည်။ ကားက ဓါတ်တိုင်ကိုပဲ ဝင်တိုက်တော့မလို ကပ်သွားလိုက်၊ ပြန်ကွာသွားလိုက်၊ အိမ်ထဲ ဝင်သွားတော့မလို ဖြစ်လိုက်နှင့် ယိမ်းထိုးနေသည်။

'အေးကွ . . . ငါ့မျက်စိထဲမှာ တဲအိမ်တွေ ဓါတ်တိုင်တွေ က လိုက်ပြေးနေသလိုပဲ ဘာဖြစ်လို့လည်း မသိဘူး။ ငါ မောင်းတာ တော့ ဖြောင့်ပါတယ်နော် . . .'

'ဖြောင့်ပါတယ်ကွ ဖြောင့်ပါတယ်။ ဓါတ်တိုင်တွေ အိမ်တွေ လမ်းတွေကသာ ကောက်ပြီး ဒို့အရှေ့ရောက် . . . ရောက်လာတာ . . .'

ဟု မျိုးဝင်းက သူ့ဝသီအတိုင်း မြှောက်ပေးသည်။ ဤသို့ ဖြင့် သူတို့ကားကို မြို့ပြင်ဘက် ဦးတည်လိုက်သည်ဆိုပါတော့။

မြို့ပြင်သို့ ရောက်သောအခါ မျိုးဝင်းက သူ့ဝါသနာ အတိုင်း . . .

'ဟော့ကောင်ကိုဆန်း မင်းအနေးမောင်းကတော့ ဖြစ်သွား ပြီ။ အမြန်မောင်းလေး စမ်းကြည့်ပါဦး . . .'

ဟု မြှောက်ပေးသည်။ ကိုဆန်းကလည်း အမြှောက်သာ မက စိန်ပြောင်းပါ ကြိုက်သူမို့ မာန်တက်ပြီး

'အမြန်မောင်းမှာလည်း ငါက အိပ်စပါတ်ပါကွ။

www.burmeseclassic.com

မင်းကြည့်နေ . . .'

ဟုဆိုပြီး လီဗာကိုအားကုန်ဆောင့်နင်းချလိုက်ရာ ကားက 'ဝုန်း'ခနဲ ခုန်ထွက်သွားပြီး တောင်ဘက်ထိုးလိုက် မြောက်ဘက်ထိုးလိုက်၊ တိုးရင်းနဲ့ မြှောက်လိုက်၊ မြှောက်ရင်းနဲ့ တိုးလိုက်ဖြစ်ပြီး လမ်းဘေးရေကန်ကြီးထဲ ဝုန်းဆိုထိုးကျသွားပြီး ကန်ဘေးတွင် ကပ်ရပ်ပေါက်နေသော ထန်းပင်ကြီးနှင့် ဒုန်းခနဲတိုက်မိလေသည်။

ကားနှင့် ထန်းပင်တိုက်မိသောအရှိန်မှာ မည်မျှပြင်းသည် တော့မသိ။ ကိုဆန်းနှင့်အတူ ပါလာသော မျိုးဝင်းမှာ ကားနှင့် ထန်းပင်တိုက်မိချိန် ဘာဒဏ်ရာမှ မရရှိသော်လည်း တိုက်လိုက် သောအရှိန်ကြောင့် ထန်းသီးကြွေကျပြီး ခေါင်းကွဲသွားလေသည်။

နှစ်ယောက်သား ကားပေါ်မှ ကမန်းကတမ်းဆင်းပြီး ထန်းပင်ပေါ် မေးတင်နေသောကားကို တွေတွေကြီး စိုက်ကြည့် နေကြသည်။ ကားအရှေ့ဘီးက ထန်းပင်နဘေးတွင် ခွင်ကောက် ခွင်ကောက်နှင့် လည်နေတုန်း၊ ကားအရှေ့ ဘန်ကာကြီး တစ်ပေ ခန့် ချိုင့်ဝင်၍ ကားအနောက် လေးတစ်ဖုံလုံးပြုတ်ကျသွားပြီ။

'ကားထဲမှာ ထန်းရည်ကြိုက်တဲ့ကား ဒီတစ်စီးတွေ့ဖူးသေး တာ . . .'

မျိုးဝင်းကကားကို စိတ်မသက်သာစွာကြည့်ပြီး မြောက် ပြော ပြော၏။ သူ့လက်ထဲတွင်လည်း ခုန သူ့ခေါင်းပေါ်ကြွေကျ ထားသော ထန်းသီးကို အမှတ်တရအဖြစ် ပိုက်ထားသေးသည်။

'ဘယ်လိုလုပ်ကြမလဲ . . .'

ကိုဆန်း ရေရွတ်သည်။

'သင်္ခါရပေါ့ကွာ . . .'

မျိုးဝင်းက ကြံဖန်တရားချသည်။

'Father ကြီးသိရင်တော့ မချောင်ဘူး'

www.burmeseclassic.com

'ပျက်အစဉ် ပြင်ခဏပါကွာ။ ပြင်ကြတာပေါ့'

'အေး ဟုတ်တယ်'

ဟုဆိုပြီး နှစ်ယောက်သား ရွာထဲသွားပြီး ရွာထဲမှ လက်သမားဆရာများ၊ လက်သမားများခေါ်ချလာသည်။ နောက်သူတို့နှစ်ယောက်နှင့် ထိုလူများပူးပေါင်းကာ ကားကို ဟိုကလပ်၊ ဒီကလပ်၊ ဟိုဟာမ၊ ဒီဟာပြင်နှင့် လုပ်သည်။

ကိုဆန်းက အခါပေး။ သူက ပန်းချီမျက်စိရှိသူ မဟုတ်ပါလား။ ထို့ကြောင့် . . .

'ဟိုလိုလုပ်ပါလား' 'ဒီလို လုပ်ပါလား' နှင့် ဘေးမှကြည့်၍ ကွန်မန်းပေးသည်။

ဤသို့ဖြင့် အားလုံး Fine သွားတော့ ကားကို ဟန်မပျက်ပြန်တွန်းလာပြီး အိမ်ရှေ့တွင် ပြန်ထိုးထားလိုက်၏။ ထိုအချိန်တွင်လည်း အိမ်တွင် ဘယ်သူမှ မရှိ၍ သူ့လုပ်ရပ်ကို ဘယ်သူမှ မသိလိုက်ကြရ။ ထို့အပြင် သူတို့၏ လက်ရာ မည်မျှသပ်ရပ်သည် တော့မပြောတတ်။ ကားကို အိမ်ရှေ့တွင် ဤအတိုင်း ထိုးထား သည်ကိုပင်နှစ်ရက်၊ သုံးရက်ကြာသည်အထိ ဘယ်သူမှ သတိ မထားမိကြ။ (အိမ်မှာကလည်း ကားစီးခဲသည်ကိုး)

သို့သော် . . . သိပ်မကြာခင်တစ်ရက်မှာတော့ ကိုဆန်းတို့၏ မော်တော်ကားအကြောင်း ကွက်ကွက်ကွင်းကွင်းပေါ်တော့၏။

ထိုနေ့။

ထိုနေ့တွင် ကျွန်တော့်အဖေရုံးမှ ကမန်းကတမ်း ပြန်ရောက်လာပြီး ကိုမိုးအား . . .

'ကိုမိုးကား စက်နှိုးစမ်း၊ မြို့နယ်ရုံးသွားရမယ်။ မြန်မြန်လုပ်အစည်းအဝေးက ဆယ်နာရီ စမှာ' ဟု ကမန်းကတမ်းဆိုလိုက်သည်။ နာရီကြည့်တော့ (၉ း ၄၀)

www.burmeseclassic.com

ကိုမိုးအိမ်ပေါ်မှ ပြေးဆင်းလာပြီး ကားပေါ်အလျင်အမြန် တက်လိုက်သည်။ အဖေလည်း တက်လိုက်သည်။ နှစ်ယောက်လုံး ကားပေါ်ရောက်သည်နှင့် ကိုမိုးကားစက်နှိုးလိုက်သည်။ တဂီးဂီး အော်သံနှင့်အတူ ကားအနောက်ဘက်မှ ခလွမ်းခနဲ အသံတစ်ခု ကြားရ၏။ ထိုအသံနှင့်အတူ ကားကလည်း ချက်ချင်း တစ်ဖက် နိမ့်သွားသလို ခံစားရသည်။ ကိုမိုးလည်း မသင်္ကာ၍ ကားအောက် ဆင်းကြည့်ရာ . . .

'ဟင် . . .'

ကိုမိုး သူ၏နဂိုပြူးသောမျက်လုံး ပို၍ပြူးကျယ်သွား၏။ မပြူးခံနိုင်ရိုးလား။ သူတွေ့လိုက်ရသည်က မော်တော်ကား အနောက် 'လေး' တစ်ပုံလုံး မြေပေါ်ပုံကျလို့။ သူကြည့်နေစဉ် အချိန်အတွင်းမှာပင် နောက်ထပ်လက်ကျန်လေးတစ်ချောင်း ခလွမ်းခနဲ ထပ်ကျလာ၏။

'မောင်မိုး ကားပေါ်က ဘာတွေပြုတ်ကျနေတာလဲ ကွ . . .'

ကျွန်တော့်အဖေမှ ပြူးကြောင်ကြောင်နေသော ကိုမိုးကို မေးသည်။ ကိုမိုးက ကားလေးများကို လက်ညှိုးတထိုးထိုးနှင့် . . .

'ကားအနောက် 'လေး' တွေ ဖေဖေ။ အားလုံးပြုတ်ကျကုန် ပြီ'

ကျွန်တော့်အဖေ မျက်မှောင်ကျုံ့သွား၏။

'အဲဒါတွေ ထားစမ်းပါကွာ . . . အဲဒါတွေမပါဘဲ ဒီအတိုင်း မောင်းလို့ မရဘူးလား။ ဟိုမှာက အရေးကြီးနေပြီကွ . . .'

ဟုဆိုလိုက်ရာ ကိုမိုးက ဟုတ်ကဲ့ဖေဖေဟုဆိုပြီး ကားပေါ် ပြန်တက်ပြီး ကားစက်နှိုးရန် ဂီယာဖြုတ်လိုက်သည်။

'ခလစ်' ခနဲအသံနှင့် ဂီယာကပြုတ်တာမှ ဂီယာတံကြီးပါ

www.burmeseclassic.com
အချောင်းလိုက် သူ့ လက်ထဲပြုတ်ပါလာ၏။

'ဟင် . . .'

ကိုမိုး သူ့လက်ထဲပါလာသော ဂီယာတံကြီးကိုငေါင်ပြီး ကြည့်နေသည်။ ထိုအချိန်မှာပင် ကားက အနည်းငယ် လိမ့်သွားကာ ကားရှေ့ဘီးကြီး 'ပလွတ်'ဆို ကျွတ်ထွက်သွားပြီး အိမ်ဘက် ကွေ့ဝင်သွားလေရာ အခန့်သင့်ပင် အိမ်ထဲမှ ပန်းအိုးလဲရန်ထွက်လာသောကျွန်တော့်အမေ၊ ကားဘီးကြီးနှင့် ပက်ပင်းတိုးသဖြင့်အမေလည်းသူ့လက်ထဲကိုင်လာသော ပန်းအိုးလင်ဗန်းကို 'ခလွမ် 'ခနဲပစ်ချပြီး ကားဘီးကို သူ့ဝတုတ်တုတ် ခန္ဓာကိုယ်ကြီးနှင့် ဆီးပိုက်ထားလိုက်၏။ ထိုအချိန်မှာပင် အပြင်မှ ဆော့ကစား၍ 'ဝ' လို့ ပြုံးပြီး ပြန်လာသော အငယ်ဆုံး မောင်မောင်ကိုတွေ့၍ အမေက

'ရော့ . . . မောင်မောင် . . . နင့်အဖေသိမ်းခိုင်းတာလား မသိဘူး . . . သွားသိမ်းလိုက် . . .'

ဟု ဆို၍ မောင်မောင်ကို ကားဘီးကြီးပေးလိုက်သည်။ မောင်မောင်က သူကစားရန် အမေက ကားဘီးကြီးပေးလိုက်သည် မှတ်၍လားမသိ။ သူ့လက်ထဲ ပါလာသော တုတ်တစ်ချောင်းနှင့် ကားဘီးကို ခွေလှိမ့်သလို လှိမ့်ပြီး 'တဟေးဟေး'နှင့် အော်ဟစ်ရင်း ပျော်ရွှင်စွာ ပြေးထွက်သွားပြန်၏။

သို့သော် သူသိပ်မပြေးလိုက်ရပါ။ ကားဘီးက ရဲစခန်းရှေ့ ကင်းသံချောင်းကို 'ဒေါင်'ခနဲဆောင့်မိရာ စခန်းထဲမှ ရဲများက မြို့နယ်မှူး (ကျွန်တော့်အဖေ) တန်းစီရန် အချက်ပေးသည်မှတ်ပြီး ယူနီဖောင်းကိုယ်စီနှင့် ထွက်လာပြီး အဖေ့ရှေ့ညီညာစွာ တန်းစီကာ . . .

'ရှိရင်း (၂၈) တန်းစီ (၂၄) ပျက်ကွက် (၄) ယောက်၊

www.burmeseclassic.com

ပျက်ကွက် (၄) ယောက်မှာ တာဝန်အမိန့်နာခံရန်အသင့်'

ဟု သတိဆွဲ၍ သတင်းပို့သည်။ ကျွန်တော့်အဖေလည်း သူ့ကို သတိဆွဲသတင်းပို့နေသော ရဲသားများကိုမြင်တော့ ဘာဆက်လုပ်ရမှန်း မသိဘဲ 'ဆက်လုပ်' ဟု ကုန်းအော်၏။ 'ဟွန်း' မှလွဲ၍ အကုန် အသံမြည်တတ်သော သူ၏ ဂျစ်ကားကိုကြည့်ပြီး သက်ပြင်းချသည်။ ဂျစ်ကားက အခုမှ သူ့ကို မျက်စိတစ်ဖက် မှိတ် ခြေတစ်ပေါင်ကျိုးရပ်ပြီး သူ့ကိုပြောင်ပြနေသယောင်။ အတန်ကြာမှ ကိုမိုးဘက်လှည့်ပြီး . . .

'ကဲ . . . ကိုမိုး မင်းကတော့ ကားကိုပဲ ပြန်ပြင်ထား လိုက်။ အိမ်ထဲမှာ ဘယ်သူတွေရှိသေးလဲ။ ဆိုင်ကယ်နဲ့ လိုက်ပို့ခိုင်း မလို့ . . .'

'မချောရယ်၊ ကိုဆန်းရယ်ပဲ ရှိတယ်'

အဖေက တစ်ချက်စဉ်းစားလိုက်ပြီး။

'ကိုဆန်းဆိုရင်တော့ ငါ့ကိုယ်လုံးကို တင်မောင်းနိုင်မှာ မဟုတ်ဘူး။ မချောကိုပဲ လွှတ်လိုက်'

ဟုဆိုလိုက်ရာ၊ နဂိုဆိုင်ကယ်မောင်းချင်တာ ရှစိတက်နေသော မချောမှ . . .

'လာပြီ ဖေဖေ . . .'

ဟု ဆိုကာ ပြုံးရွှင်၍ ထွက်လာ၏။ နောက် ဆိုင်ကယ် ပေါ်တက်၍ ဆိုင်ကယ်စက်နှိုးလိုက်သည်။

'ကဲ . . . မချော အမြန်ဆုံးသာ ရောက်အောင်မောင်း'

အဖေက ဆိုင်ကယ်ပေါ်တက်ပြီး ထိုသို့ ပြောလိုက်သည် နှင့် မချောက . . .

'စိတ်ချဖေဖေ၊ မြန်စေရမယ် . . .'

ဟုဆိုပြီး လီဗာကို အဆုံးထိတင်လိုက်သည်။ ပြီးမှ ဂီယာ

www.burmeseclassic.com
ကို ဆောင့်နင်းချလိုက်ရာ ဆိုင်ကယ်က မြင်းရိုင်းသားပေါက်နှယ် နှစ်ဆင့်ခုန်ပြီး အရှေ့ဘီးထောင်ကာ တန်းစီနေသော ရဲသားများ ရှေ့ ပွတ်ကာသီကာ ဖြတ်ကျော်ရင်း ကဆုန်ပေါက်ထွက်ခွာသွား လေသည်။

အဖေက တန်းစီနေသော ရဲများကိုမြင်တော့ 'ဆက်လုပ်' ဟု ထပ်အော်သည်။ မချောက သူဆိုင်ကယ်နိုင်ပြီ ကိုမြင်၍ အဖေက အားပေးသည်အထင်နှင့် လီဗာစွတ်တင်လေရာ . . . အဖေ၏ ခံ့ညားထည်ဝါသော ဗလနှင့် ဆိုင်ကယ်နောက်မြီးပေါ် တွယ်လိုက်သွားပုံမှာ စူပါမင်းဇာတ်ကားထဲမှ ကမ္ဘာကြီးကို ဝင်ဆောင့်မည့် နယူကလိယဗုံးကို ကမ္ဘာနှင့်ဝေးရာ တွန်းထုတ် မည့် စူပါမင်းကဲ့သို့ ဆိုင်ကယ်နောက်မှ တန်းလန်း တန်းလန်းနှင့် ပါသွားလေသတည်း။

သိပ်မကြာခင်အချိန်အတွင်း . . . မချော ဆိုင်ကယ်သော့ တယမ်းယမ်းနှင့် ပြန်ရောက်လာပါသည်။ ထုံးစံအတိုင်း ဆိုင်ကယ် တော့ ပြန်ပါမလာ။ နှာခေါင်းတွင်သာ ပလာစတာကပ်၍ ခြေ ထောက်တွင် ပတ်တီးစီးလာသည်။ ဆိုင်ကယ်ကိုမေးတော့ . . .

'သိပ်စီးမကောင်းလို့တဲ့ . . . ပြင်ဆိုင်မှာ . . . တဲ့ . . .'

သွားကြည့်နေလျှင်တောင် ခြေထောက်ညောင်းဦးမည်။ ဆိုင်ကယ်က အင်ဂျင်တုံးပြုတ်ကျသွားပြီလား၊ အရှေ့ဘီး ကျွတ်သွားပြီလားဆိုတာ ခန့်မှန်းလို့ရ၏။

ညနေစောင်းတော့ အဖေပြန်ရောက်လာသည်။ အိမ်ပြန် ရောက်လာသော်လည်း အဖေမည်သူ့ကိုမှ စကားမပြောနိုင်ဘဲ အိမ်ရှေ့ကပြင်တွင် ငူငူကြီးထိုင်နေသည်။ အမြဲတမ်းတက်ကြွနေ တတ်သော အဖေ့ကို ဤကဲ့သို့ ငူငူကြီးတွေ့ရ၍ အမေက မသက်ာ ၍ 'ဘာဖြစ်လာလို့လဲ' မေးတော့ အဖေကတစ်လုံးသာ ပြန်ပြော

www.burmeseclassic.com

နိုင်သည်။

'မသေကောင်း မပျောက်ကောင်း . . . တဲ့ . . . '

မချောဆိုင်ကယ်နှင့် မည်သို့မွှေချလာသည်မသိ။

❖ ❖ ❖

'ကိုအုပ်ဆိုတဲ့ လူကလည်း ငယ်စဉ်ကတည်းက အနုပညာ ဗီဇက မသေးလှဘူး။ သူကိုးတန်းကျောင်းသားဘဝလောက် ကတည်း ကဗျာကို စာရွက်နှစ်ရာပါတဲ့ ဗလာစာအုပ်နဲ့ သုံးအုပ် လောက်ရေးပြီးပြီ။ နောက် ၈၂ ခုနှစ်မှာ နော်လီဇာတို့နဲ့ ခွေတစ် ခွေလုပ်ခဲ့တယ်။ အဲဒီအချိန်မှာ သူ့အသက်က ၁၈နှစ်လောက်ပဲ ရှိဦးမယ်။ အဲသည်လို အနုပညာဗီဇအခံကောင်းတဲ့ လူက အနု ပညာကြောင့် ဒုက္ခကြုံခဲ့ရတယ်။

အဲဒါက သူပထမဆုံး ရည်းစားထားစဉ်ကပေ့ါ။

သူကြိုက်တဲ့ ကောင်မလေးကလည်း စိတ်နုတတ်တာ လွန်ပါရောကွာ . . . ။ ကိုအုပ်ကိုဆို ဟိုကောင်မလေးနဲ့ အထင်လွဲ ဒီကောင်မလေးနဲ့ မသင်္ကာ၊ အဲသည်လို အမြဲတမ်းဖြစ်နေတတ် တယ်။ ငယ်သေးတာပဲ လာမှာပေ့ါကွာ . . .

အဲဒီနေ့ကတော့ကွာ . . . '

❖ ❖ ❖

www.burmeseclassic.com

ချစ်သူနှင့် ချိန်းထားသောနေရာသို့ ကိုအုပ် အစောကြီး ရောက်ခဲ့၏။ သူနှင့် ချစ်သူချိန်းတွေ့သောနေရာကို သူမှပဲ ကဗျာဆန်ဆန်ရွေးချယ်ခဲ့၏။

ရွာထိပ်က ခရေပင်ကြီးအောက်။ အချိန်က နံနက်ခြောက်နာရီ။ နှင်းမှုန်ကတဖွဲဖွဲ . . . လေတိုက်တိုင်းကြွေကျနေသော ခရေပွင့်ကလေးများက နှင်းမှုန်များလို တသုန်သုန်ကြွေကျလို့။ ဒီအချိန်မှာ ချစ်သူက အဖြူရောင်ဝမ်းဆက်ဂါဝန်လေးဝတ်လာမည် . . . အို . . . ဘယ်လောက်များလှလိုက်သလဲ . . .။

နှင်းမှုန်ဖြူဖွဲဖွဲကြား ကြွေကျသော ခရေပွင့်ကလေးများကို ချစ်သူက 'ကလေးသဖွယ် အပြေးအလွှား လိုက်ကောက်နေလိမ့်မည်။ သူက အနီးနားမှနေ၍ ချစ်သူကို ကြည့်ရင်းရယ်နေမည်။

ကြည့်စမ်း ချစ်သူရောက်လာချိန်တွင် အဆင်သင့်ကောက်ယူနိုင်ရန်အတွက် အလိုက်သိသော ခရေပွင့်ကလေးများက အလိုက်သင့်ကြွေကျ၊ မြေခပေးလို့။

ကိုအုပ်၏ စိတ်ထဲကဗျာဉာဏ်များ ကွန့်မြူးလာ၏။ နောက်သူ့အိပ်ကပ်ထဲတွင် အမြဲဆောင်ထားသော အိပ်ဆောင်စာအုပ်ကလေးနှင့် ဘောပင်ကို ထုတ်ယူလိုက်သည်။ ပြီးနောက် စိတ်ကူးထဲရှိသမျှကို စာရွက်ပေါ် အန်ချလိုက်သည်။

www.burmeseclassic.com

## ✧ သက်သေ ✧

ပင်ပေါ်မတက်
မြေထက်မကောက်
လေသက်လူးလာ
မောင်ဖမ်းပါသည်။
တစ်ပွင့်ခရေ . . .
ချစ်သက်သေ . . .။

ကိုအုပ် . . . သူ့ကဗျာလေး သူပြန်ဖတ်ရင်း ကြည်နူးစွာ ပြုံးလိုက်မိသည်။ ကြည့်စမ်း ဘယ်လောက်လှသည့် အကြောင်းအရာလဲ . . .

ချစ်သူအတွက် လက်ဆောင်ပေးရန် ခရေပွင့်ကလေးကို အပင်ပေါ်မှ ခွေချသည်လည်းမဟုတ်၊ မြေပြင်ထက် ကောက်ယူထားသည်လည်း မဟုတ်ဘဲ လေပြေဆော့မြူးမှုကြောင့် ကြွေကျလာသော ခရေပွင့်ကလေးကို မြေမခမီ ဖမ်းယူပြီး ချစ်သက်သေအဖြစ်ပေးခဲ့သည်တဲ့ . . .။

ကိုအုပ် . . . ပြုံးလိုက်သည်။ သူ့ကဗျာလေးကို သူကိုယ်တိုင်ပြန်ဖတ်ပြီး ကဗျာ၏ အဓိပ္ပါယ်ကို သဘောကျစွာ ပြုံးလိုက်သည်။

သို့သော် သူသိပ်ကြာကြာ မပြုံးလိုက်ရ။ သူ့လက်ထဲမှ ကဗျာစာအုပ်ကလေးဖျတ်ခနဲ ဆွဲယူခြင်း ခံလိုက်ရသည်။

လှည့်ကြည့်လိုက်တော့ ချစ်သူ အဖြူရောင် ဝမ်းဆက်နှင့် နှင်းနတ်သမီးလေးလို လှပသော ချစ်သူက သူရေးထားသော ကဗျာစာအုပ်ကလေးကို မျက်မှောင်ကျုံ့ပြီး ဖတ်နေ၏။ ပြီးနောက် သူ့ကို ကြည့်သည်။ ကိုအုပ်ခပ်ဖွဖွပြုံးပြလိုက်သည်။

www.burmeseclassic.com

ချစ်သူပြန်ပြုံးမပြဘဲ ကဗျာစာရွက်ကိုသာ သဲကြီးမဲကြီး ပြန်ဖတ်နေသည်။ ပြီးနောက် သူမ၏ မျက်နှာကလေး နီရဲလာပြီး

'လေသက်လူးလာမောင်ဖမ်းပါသည်တဲ့ . . . ဒါဘယ်သူ့ကို ပေးခဲ့လဲ . . .'

ကောင်မလေး၏ အမေးကို ကိုအုပ်မှုပြာပြာသလဲနှင့်

'နင့်ကိုပေးဖို့လေ . . .'

ကောင်မလေးက မျက်မှောင်ကို ပို၍ကျုံ့လိုက်ပြီး . . .

'နင်မလိမ်နဲ့ . . . နင်တခြားတစ်ယောက်ကိုပေးခဲ့တာ မဟုတ်လား . . .'

ကိုအုပ်စိတ်ညစ်သွားပြီး . . .

'ဟာ . . . ဘယ့်နှယ့်တခြားတစ်ယောက်ပေးရမှာလဲ . . . နင့်ကို ပေးဖို့ပဲ . . .'

'နင်အပိုတွေ ပြောမနေနဲ့ နင်ငါ့ကို ဘယ်တုန်းကများ ခရေပွင့်ကို လေထဲက ဖမ်းပေးဖူးလို့လဲ . . . နင်တခြား တစ်ယောက်ကိုသာ ခရေပွင့်လေထဲက ဖမ်းပေးခဲ့တာ မဟုတ်လား . . .'

ကောင်မလေး၏ ဒေါသတကြီးစကားကြောင့် ကိုအုပ်ပြာတောက်သွားပြီး

'ဟာ . . . မဟုတ်ရပါဘူးဟာ . . . ငါ့ရည်းစားက နင်တစ်ယောက်တည်းရှိတာ တကယ်ပေးမယ်ဆိုလည်း နင့်ကိုပဲ. . .'

'ဒါဆို . . . နင်အခုဖမ်းပေး'

'အန် . . .'

ကောင်မလေး၏ စကားကြောင့် ကိုအုပ်လန့်သွား၏။

'အန် . . . တွေ ဘာတွေ လုပ်မနေနဲ့ . . . နင်အခုဖမ်းပေး . . . ဖမ်းမပေးရင် နင်နဲ့ငါ ပြတ်ပြီသာမှတ် . . .'

ကိုအုပ် ခရေပင်ကို မော့ကြည့်လိုက်သည်။ ခရေပင်

www.burmeseclassic.com

ကလည်း သက်ရင့်ပင်မြင့်ကြီး ဖြစ်နေလေပြီ . . . ထိုအချိန်ကြ မှ လေက ကသုတ်ကယက်ကို ခပ်ကြမ်းကြမ်းတိုက်ခတ်နေလေ ၏။ ပေ ၆၀ ခန့်အမြင့် အပင်ထက်မှ ခရေပွင့်များ ကြွေကျနေပုံ ကလည်း တောင်တစ်ပွင့် မြောက်တစ်ပွင့်။

'ဖမ်းပေးလေ ဘာလဲ . . . ငါ့အတွက်ကျတော့ နင် ဖမ်းမပေးချင်ဘူး မဟုတ်လား . . .'

'မ . . . မ . . . မဟုတ်ပါဘူးဟာ ကဗျာ . . . ဆိုတာ က . . .'

'ဘာမှပြောမနေနဲ့ ဖမ်းပေးမလား မဖမ်းပေးဘူးလား။ ဒါပဲ ပြော . . . ဖမ်းမပေးရင်တော့ နင်နဲ့ငါ ပြတ်ပြီသာမှတ် . . .'

ကောင်မလေးခြေဆောင့်ပြီး တစ်ဖက်လှည့်သွားတော့ ကိုအုပ်ပြာပြာသလဲ ဖြစ်သွား၏။ ကောင်မလေး၏ ပုံကလည်း သူမှ ခရေပွင့် မဖမ်းပေးရင် တကယ်ပြတ်တော့မည့်ပုံ။ ကိုအုပ် ကလည်း သူပထမဆုံး ဦးဦးဖျားဖျား ရရှိထားသော ရည်းစားဦးမို့ ပြတ်ချင်ပုံမပေါ်။ ထို့ကြောင့် သက်ပြင်းချပြီး . . .

'အေးပါဟယ် . . . နင်လေသက်လူးလာတဲ့ ခရေပန်း ကိုမှ လိုချင်တယ်ဆိုရင်လည်း ငါဖမ်းပေးပါ့မယ်' ဟု ဆိုပြီး ကြွေကျ လာသော ခရေပွင့်ကို ဖတ်ခနဲ ပြေးဖမ်းလိုက်သည်။

သို့သော် ခရေပန်းကလေးက လေသရမ်းလှုံ့ဆော်မှု ကြောင့် လမ်းကြောင်းပြောင်းသွားပြီး သူနှင့် ကိုက်ငါးဆယ်အကွာ မှာသွားကျ၏။

ထိုစဉ် သူ့အနောက်ဘက်မှ ခရေပွင့်တစ်ပွင့် ထပ်ကြွေကျ လာသည်ကို မြင်၍ ချက်ချင်းအနောက်သို့ ပြန်လှည့်ပြေးပြီး ခရေ ပွင့်ကျလာနိုင်သည့်နေရာတွင် လက်ဝါးလေးနှစ်ဖက်ဖြန့်ပြီး စောင့် နေလိုက်သည်။ ခရေပွင့်ကလေးက ထုံးစံအတိုင်း သူ့လက်ပေါ်

www.burmeseclassic.com
တိုက်ရိုက်မကျဘဲ လေထဲတွင် သုံးပတ်လည်သွားသဖြင့် သူလည်း သုံးပတ်လှည့်ပြီး ခရေပွင့်ကလေးကို လက်ဝါးကလေးနှင့် ခံပြီး ကြိုးစားပမ်းစား ဖမ်းသည်။ ကံဆိုးစွာပင် ခရေပွင့်ကလေးက သူ့ လက်ကို ပုတ်ခတ်ထိကစားပြီး မြေပြင်ပေါ် ကြွေကျသွား၏။

ခရေ ပွင့်ကလေးရလုခါနီးကျမှ မြေပြင်ပေါ်သို့ ကျသွားသဖြင့် သူ မချင့်မရဲဖြစ်နေစဉ် လက်တစ်ကမ်းအကွာခန့်၌ နောက်တစ်ပွင့်ထပ် ကြွေကျလာသည်ကိုတော့ သူလည်း ဘာမှစဉ်းစားမရတော့ဘဲ ဟိုင်းယား ညာသံပေး၍ ခရေပွင့်ကို ဒိုင်ဗင်ပစ်ဖမ်းလိုက်သည်။

သို့သော် ခရေပွင့်ကလေးက သူ ဒိုင်ဗင်ပစ်လိုက်သော အရှိန် ကြောင့် လမ်းကြောင်းပြောင်းသွားပြီး၊ သူ့နောက်စေ့ပေါ် ကျသွား၏။

သူလည်း ခရေပွင့်ဘယ်ပျောက်သွားလဲဟူ၍ လိုက်ကြည့် လိုက်နေစဉ် နောက်တစ်ပွင့်က သူ့အနီးနား ထပ်ကြွေ ကျလာ သည်ကိုမြင်တော့ မတ်တပ်ရပ်နေလျှင် လက်လွတ်သွားမည်စိုး၍ မှောက်အိပ်နေရာမှ ဖတ် ဖတ် ဖတ်နှင့် အလျင်အမြန် မိချောင်း တက်တက်၍ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ဖမ်းလိုက်ပြန်သည်။

ကံဆိုးစွာပင် ခရေပွင့်ကလေးကို လေကဝှေ့ခနဲ တိုက်ခတ် လိုက်သောကြောင့် ခရေပွင့်ကလေးမှာ လမ်းကြောင်းပြောင်းသွား ကာ သူနှင့် အတော်လှမ်းလှမ်းတွင် ကျသွား၏။

သူစဉ်းစားလိုက်၏။ မလွယ်။ ဤအတိုင်း ဖမ်းနေလျှင် ခရေပွင့်ကလေးကို မိဖို့ကမလွယ်။ ခရေပွင့်ကလေးကို မမိပါက ရည်းစားနှင့်လည်း ပြတ်မည်။ ရည်းစားနှင့်တော့ အပြတ်မခံနိုင်။ ခရေပွင့်ကိုသာ ရအောင်ဖမ်းမည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။ ထို့ကြောင့် မတ်တပ်ထရပ်လိုက်သည်။ ဖတ်ခနဲ ခါးတောင်း

www.burmeseclassic.com

ဖမ်းကျိုက်လိုက်သည်။ ဒါမှ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်မှာ။

နောက်ခပ်လှမ်းလှမ်းကျလာသော ခရေပွင့်ကလေးကို ဖတ်ခနဲ ဂွမ်းထိုး၍ လှိမ့်ဖမ်းလိုက်သည်။ သို့သော် သူအနည်းငယ် နောက်ကျသွားပါသည်။ သူမိလုမိခင် အချိန်ကျမှ ခရေပွင့် ကလေးမှာ မြေခသွားရှာ၏။ သူ့အကျီကိုပါ ချွတ်ပစ်လိုက်၏။ ရှုပ်လို့။ နဖူးတွင်လည်း ဇောချွေးတချို့က နှင်းမှုန်များကို အံတုနေ ပြီ။

ကောင်မလေးက ကိုအုပ်ကြိုးစားနေပုံကို တအံ့တဩ ငေးကြည့်နေတုန်း။ ကိုအုပ် ကောင်မလေးကို တစ်ပွင့်ခရေ ချစ်သက်သေရစေမယ်ဟူသော အပြုံးမျိုးနှင့် ပြုံးပြပြီး ဗျူဟာပြောင်း လိုက်သည်။ ဒီအတိုင်းပြေးဖမ်းနေလျှင် သူ့လှုပ်ရှားသည့် အရှိန် နှင့် ခရေပွင့်များ လမ်းကြောင်းပြောင်းပြောင်းသွားပြီး တော်ရုံ မိနိုင်ဖို့ မရှိ။ ထို့ကြောင့် မြေပြင်ပေါ် ပြားပြားဝတ်မှောက်၍ တောက်တဲ့လို ငြိမ်နေလိုက်သည်။ မျက်စိကိုကျတော့ ဇီးကွက်လို ပြူးကျယ်ပြီး အလွတ်မပေးဘဲ ခရေပွင့်များကြွေကျနိုင်သော နေရာ များသို့ မပြတ်စောင့်ကြည့်နေ၏။ ခရေပွင့်ကြွေကျပြီဆိုသည်နှင့် ကမန်းကတမ်း မိချောင်းတက်တက်ပြီး ဖမ်းသည်။ မရ။ ဤနည်း လည်း အဆင်မပြေ။

လာပြီ . . . နောက်တစ်ဗျူဟာ . . .

သူ့ ပိန်ကိုင်းကိုင်း ခန္ဓာနှင့် ခရေပင်ပေါ် ကုပ်ကပ်တက် သည်။ ပြီးနောက် ခရေပွင့်ကြွေကျနိုင်မည် ထင်ရသောကိုင်းပေါ် မှောက်အိပ်ပြီး၊ ကြွေကျနိုင်သည့် ခရေပွင့်၏ အောက်တွင် လက်ဖဝါးခံ၍ စောင့်သည်။ တစ်ပွင့်ခရေ ချစ်သက်သေကား ကြွေကျမလာ။

ကြွေကျလာနိုးနိုးနှင့် ပါးစပ်အားကိုးပြီး ခရေပွင့်ကို လေနှင့်

www.burmeseclassic.com
တဖူးဖူး မှုတ်သည်။ လေကုန်ပြီး ခေါင်းမူးလာသည်သာ အဖတ်တင်၏။ ခရေပွင့်ကား ကြွေကျမလာ။

နောက်ဆုံး တကယ်ချစ်ခဲ့တယ်။ အချစ်စစ်မှန်ရင် လက်ပေါ်ကြွေဆိုပြီး သစ္စာဆို ခရေပင်ခြေမှာ အင်္ကျီခေါင်းမှာ ပတ်ပြီး မျက်စိစုံမှိတ် တင်ပလ္လင်ခွေပြီး ထိုင်နေလိုက်တာ လက်ထဲ မတ်စေ့တစ်စေ့ရောက်မှပဲ မျက်စိဖွင့်ကြည့်မိတယ်။ ချစ်သူ မလေးအစား တင်ပါးဆုံကြီး တလှုပ်လှုပ်နဲ့ ထွက်သွားတဲ့ စေတနာရှင် အဒေါ်ကြီးကိုပဲ တွေ့ရတော့တာပေါ့ . . .

ဤသို့ဖြင့် . . .

❖ ❖ ❖

'ဒီလိုနဲ့ သူလည်း ပထမရည်းစားနဲ့ ပြတ်တော့တာပဲကွာ . . .'

လူကြီးသည် ဘီယာနောက်တစ်ခွက်ဟု လှမ်းမှာလိုက်သည်။ ဘီယာခွက်လာချတော့မှ ခုနစကားကို ပြန်ဆက်ပြီး . . .

'ကံဆိုးစွာပဲ ခရေပွင့်က အဲဒီနေ့မှ သူ့လက်ပေါ် ကြွေကျမလာရှာဘူး'

❖ ❖ ❖

www.burmeseclassic.com

လူကြီးသည် မောသွားဟန်နှင့် စကားစကိုဖြတ်ပြီး သူ့ရှေ့က ဘီယာခွက်ကိုယူကာ တစ်ကျိုက်စုပ်သောက်လိုက်သည်။ ပြီးမှ အနီးနားလူများကို ဝေ့ကြည့်ပြီး . . .

'အဲသည်လောက်ဆိုးတဲ့ မချော အိမ်ထောင်ကျတော့ သူက အရင်ဆုံးကျသဗျ . . . ဟား ဟား . . .'

လူကြီးသည် သူ့စကားကိုသူ ပြန်သဘောကျသလို တစ်ချက်ရယ်လိုက်သည်။ နောက် ဘီယာခွက်ကို 'ဆ' လိုက်ပြီး . . .

'သူ အိမ်ထောင်ကျတော့ တစ်အိမ်လုံးက အံ့အားသင့်သွားကြတယ်။ အဲဒီတော့မှ မချောဆိုတာ မိန်းကလေးပါလားလို့ တိတိကျကျ သိကြတယ်။ မချောပြီးတော့ မချောအနောက်ကအိမ်ထောင်ကျတာက သူတို့အစ်ကိုအကြီးဆုံး ကိုအုပ်ပေါ့ကွာ . . .'

'ကိုအုပ်အိမ်ထောင်ကျတော့ ကိုအုပ်က အသက်သုံးဆယ်ကျော်နေပြီ။ သူယူမယ့် ကောင်မလေးက ဆယ့်ရှစ်နှစ်။ လူပျိုကြီးနဲ့ အပျိုဖြန်းကလေး ယူမယ်ဆိုတော့ စဉ်းစားသာကြည့်တော့ ဟားဟား . . .'

'ဒီကြားထဲ ကောင်မလေးက ကျောင်းတက်နေတုန်းဆိုတော့ ကောင်မလေးမိဘက ဒီလိုလူပျိုသိုးကြီးနဲ့ ဘယ်ပေးယူစေချင်မှာလဲ'

'ဒါတောင် ကိုအုပ်ကရအောင်ခိုးပြေးသဗျ။ ကိုအုပ်ကောင်မလေးကို ခိုးပြေးတာကလည်း ကဗျာဆန်တယ်။ ကိုအုပ်က ကဗျာဆရာလည်း ကဗျာဆရာ၊ အနုပညာသမားကလည်း အနုပညာသမားဆိုတော့ မိန်းမခိုးပြေးတာတောင် အနုပညာဆန် တယ်။ သူမိန်းမ ခိုးပြေးတဲ့ အစီအစဉ်က ဒီလိုကွ . . .'

❖ ❖ ❖

www.burmeseclassic.com

'နေ့လယ်ဆယ့်နှစ်နာရီမှာသူခိုးမယ့်မိန်းကလေးကကျောင်းလွှတ်တာကိုး။ ကျောင်းလွှတ်ရင် ကောင်မလေးက သူ့အိမ်ပြန်ပြီး ထမင်းစားမယ်။ ထမင်းစားပြီးရင် သမီးကိုအုပ်နဲ့ ခိုးရာလိုက်သွားပါပြီဆိုတဲ့ စာအိမ်မှာ ရေးခဲ့မယ်။ ကိုအုပ်က ကောင်မလေး ကျောင်းပြန်မတက်ခင် မုပ္ပန်စက်လှေဆိပ်ကို ခေါ်ခဲ့မယ်။ ပြီးရင် စက်လှေဆိပ်အပေါ်ဘက်နားမှာရှိတဲ့ တင်အောင် (အလှပြင် ခန်းမ)မှာ ကောင်မလေး အလှပြင်မယ်။ ကောင်မလေးက ကျောင်းကတိုက်ရိုက်ထွက်လာမှာဆိုတော့ ကျောင်းစိမ်းနဲ့ကိုး။ ကျောင်းစိမ်းကြီးနဲ့ တရားရုံးသွားပြီး လက်မှတ်ထိုးလို့ မသင့်တော်ဘူးလေ။ ဒါကြောင့် ဘာလုပ်လုပ် ပိပိရိရိ သေသေသပ်သပ်လုပ်တတ်တဲ့ ကိုအုပ်က ဒီလို ကြိုတင်ကြံစည်ထားတာ။ တင်အောင်အလှ ပြင်ခန်းမမှာကြိုပြီး သတို့သမီးဝတ်စုံတစ်စုံ သွားထားထားတယ်'

'အားလုံးပြင်ပြီးရင် ဘီလူးကျွန်းဘက်ကို စက်လှေနဲ့ကူးမယ်။ ဘီလူးကျွန်းမှာက သူ့အဖေရှိတယ်လေ။ ကောင်မလေးက မော်လမြိုင်ကဆိုတော့ မော်လမြိုင်တရားရုံးမှာ လက်မှတ်သွားထိုးရင် ကောင်မလေးမိဘတွေ မိသွားနိုင်တယ်။ ဒါကြောင့် သူ့အဖေရှိတဲ့ ဘီလူးကျွန်းဘက်သွားပြီး လက်မှတ်ထိုးတာ'

www.burmeseclassic.com

'အဲ . . . ဘီလူးကျွန်းဘက်မှာကလည်း ကိုမိုးနဲ့ ကိုဆန်းက တရားရုံးသွားဖို့အတွက် ဂျစ်ကားနဲ့ စောင့်နေကြမှာ။ ကိုအုပ်နဲ့ ကောင်မလေးဘီလူးကျွန်းဘက် ရောက်တာနဲ့ ဂျစ်ကားနဲ့ တစ်ခါတည်း တရားရုံးတန်းသွားပြီး တန်းလက်မှတ်ထိုးမှာ။ အဲ . . . သူ့အကြံအစည်ကိုသိပြီး ကောင်မလေးမိဘတွေ ဘီလူးကျွန်းကို လိုက်လာဦးတော့။ သူတို့လက်မှတ်ထိုးချိန်ကို မမီနိုင်တော့ဘူး လေ။ ဘာလို့လည်းဆိုတော့ မော်လမြိုင်ကနေ ဘီလူးကျွန်းသွားတဲ့ သင်္ဘောက နေ့ခင်းနှစ်နာရီမှ ရှိတာ။ အဲဒီသင်္ဘောနဲ့ လိုက်သွားတယ်ထား၊ ဘီလူးကျွန်းကို သုံးနာရီခွဲမှ ရောက်မှာ၊ အဲဒီအချိန်မှာ ကိုအုပ်တို့က တရားရုံးမှာ လက်မှတ်ထိုးပြီးနေပြီပေါ့'

'သူ့အစီအစဉ်နဲ့သူတော့ ညက်နေတာပဲ . . . ဒါပေမယ့် တကယ်ခိုးတဲ့အခါကြတော့'

❖ ❖ ❖

www.burmeseclassic.com

'အိမ်မှာစာရေးခဲ့လား . . .'

'အင်း . . . ရေးခဲ့တယ်ကိုကြီး . . . အမေတို့ တွေ့သွားပြီး လိုက်လာရင်တော့ ဒုက္ခပဲ . . .

'မလိုက်လာနိုင်ပါဘူး . . . ကိုကြီးတို့အစီအစဉ်သူတို့ သိတာမှ မဟုတ်ဘဲ . . . လာ . . . ဒီအလှပြင်ဆိုင်မှာ နည်းနည်း အလှပြင်လိုက်မယ်'

'ဟယ် . . . ရှက်စရာ . . .'

ကောင်မလေးရှက်ပြုံးပြုံးပြီး ဆိုင်းဘုတ်ကို မော့ကြည့် လိုက်သည်။ တင်အောင် (အလှပြုပြင်ရေး) တဲ့ . . . အဲဒီတုန်းက မော်လမြိုင်မှာ နာမည်အကြီးဆုံး အလှပြင်ဆိုင်ပေါ့။

ကိုအုပ် ကြိုတင်ကြံစည်ထားသည့်အတိုင်း ကောင်မလေး က သူဝတ်လာသော ကျောင်းဝတ်စုံနှင့် အဖြူရောင်ဝမ်းဆက် သတို့ သမီးဝတ်စုံကို လဲဝတ်လိုက်သည်။ လည်ပင်းမှာက လည်စည်း အပြာနှင့်။ ဒေါက်မြင့်ဖိနပ်ကလေးကလည်း လယ်သာ အဖြူရောင် . . . တစ်ကိုယ်လုံး အဖြူရောင်နတ်သမီးလေးလို လှလို့။ ဒီကြားထဲ အလှပြင်ဆိုင်က စေတနာပိုပြီး မိတ်ကပ်အလ ကား လူးပေးလိုက်တာ ရက်အင်ဒီယန်းလို ဖြစ်သွားသည်။ အသား ညို သူမို့ မိတ်ကပ်တင်ရင်း တင်ရင်း လက်လွန်သွားသည်ထင့်။

www.burmeseclassic.com

ထိုပုံအတိုင်းပင် စက်လှေဆိပ်ဆင်းလာတော့ လှေဆိပ်မှ လူများ သူတို့ကို ဝိုင်းကြည့်ကြသည်။ မကြည့်ခံနိုင်ရိုးလား။ ကိုအုပ်ကလည်း တရားရုံးတန်းသွားမည်ဆိုတော့ နွေခေါင်ခေါင် အနောက်တိုင်းဝတ်စုံအဖြူရောင်ဝမ်းဆက်ကြီး ဝတ်လာသည့် အပြင် ကောင်မလေးကလည်း အဖြူရောင်ဝမ်းဆက်နှင့် မျက်နှာ နီကြီးဆိုတော့ ထုံးတုတ်မှာ ငရုတ်သီးဖတ်ကပ်နေသလို ဖြစ်နေ သည်။ သူတို့ နှစ်ယောက်ကတော့ လူတွေသူတို့ကို ဝိုင်းကြည့်တာ အင်မတန် လိုက်ဖက်၍ ကြည့်ကြသည်များ မှတ်၍လားမသိ၊ ရုပ်ကြီးတွေက ပြုံးဖြီးကြီး ဖြစ်နေသည်။ ဒီကြားထဲ ကိုအုပ်၏ သူငယ်ချင်း ပန်းချီဆရာပေါက်စ အေးချိုက တစ်လမ်းလုံး တစ် ချက်မှ အလွတ်မပေးဘဲ မှတ်တမ်းတင် ဓါတ်ပုံကို (ဖလင်ပါလား၊ မပါလားတော့မသိ) တဖျတ်ဖျတ်ရိုက်လာသည်မှာ သူတို့ဘီလူး ကျွန်းသွားရန် စက်လှေပေါ်ရောက်သည်အထိ ဆိုပါတော့။

အောင်မာ လှေပေါ်ရောက်တော့ရောရပ်မည်ထင်၍ လား။ ရိုက်လိုက်သည့် ဓါတ်ပုံ နွေခေါင်ခေါင်လျှပ်စီးလက်နေ သလားတောင် အောက်မေ့ရသည်။ ကြာတော့ စက်လှေမောင်းသူ ပါ စိတ်ညစ်လာသည်။ စိတ်မညစ်ခံနိုင်ရိုးလား။ အင်မတန် ရေစီး ကြမ်း၊ ဝဲဂယက်ထူလှသော မုတ္တမပင်လယ်ကွေ့ထဲတွင် လမ်း ကြောင်းမမှားအောင် ထိန်းမောင်းနေရသည့်အထဲ ဓါတ်ပုံဆရာ ပန်းချီဆရာ ပေါက်စက . . .

'ဓါတ်ပုံရိုက်ရတာ သိပ်မကောင်း။ နေလုံးဘက်ကို စက်လှေခေါင်းလှည့်ပေးပါ . . . အဲ . . . ဟုတ်ပြီ ရိုက်ပြီ ငြိမ်'

'ဖျတ်'

ဆိုသည်က တစ်မျိုး . . .

'ဟို တောတန်းကလေး ဘက်ဂရောင်းခံပြီး ရိုက်မယ်

www.burmeseclassic.com
. . . အဲ . . . ဟုတ်ပြီ . . . လှေကို ခဏရပ်ထားပါ . . . အဲ . . . ရပြီ . . . မျှားသွားပြီ . . . ဟိုးနွားကလေးနှစ်ကောင်ကို ဝါးဝါးလေးယူချင်တာ . . . အရှိန်နည်းနည်းလျှော့ပေးပါ . . . ကောင်းတယ်ဗျာ . . . ရိုက်ပြီ . . .'

'ဖျတ်'

ဆိုသည်က တစ်ဖုံ။ ဒီကြားထဲ ဟိုစုံတွဲကလည်း အခုမှ ခိုးပြေးလာကြသော လူပျိုကြီးနှင့် အပျိုဖြန်းလေးတွေဆိုတော့ အပျော်လွန်ပြီး . . . လှေ . . . ဝဲထဲရောက်သွားပြီး လည်နေလျှင်ပင် . . .

'ဟေး . . . လည်နေပြီကွ . . . လည်နေပြီ . . . ကောင်လေးရေ . . . ကြိတ်ထား လာပြီနောက်တစ်ပတ်'

'ငါတို့လှေမှ ဒီလိုပတ်နိုင်တာ။ သုံးပတ်ရှိပြီနော်'

ဟု ထအော်လိုအော်ဆိုတော့ ကြာတော့ လှေသမား သည်းမခံနိုင်တော့ဘဲ . . .

'ခင်ဗျားတို့ ငြိမ်ငြိမ်ထိုင်နေဗျာ . . . ဒီမှာလှေမောင်းရ ခက်နေရတဲ့ကြားထဲ ခင်ဗျားတို့က တမျောင့် . . .'

ဒါကိုပင် သူတို့ကမလျှော့ဘဲ. . .

'အို . . . ခင်ဗျားကို တန်ရာတန်ကြေးပေးထားတာပဲ . . . ဒီလောက်တော့ သည်းခံရမှာပေါ့ . . .'

'ဟ . . . ကျုပ်ကိုပေးထားတာ မော်လမြိုင်ကနေ ဘီလူးကျွန်းရောက်တဲ့အထိပဲ . . . အခုဟာက ခင်ဗျားတို့က . . .'

'တော်ဗျာ . . . တော် . . . မင်္ဂလာဦးမှာ စိတ်အနှောင့်အယှက် အဖြစ်မခံချင်ဘူး . . . မကျေနပ်ရင် ပိုက်ဆံထပ်ပေး မယ်။ စကားမရှည်နဲ့ ကြိုက်ဈေးသာပြော . . .'

ဆိုတော့ လှေသမားလည်း မည်သို့မှ ရှင်းပြ၍ မရတော့၍

www.burmeseclassic.com

ကြိုက်ဈေး တောင်းယူလိုက်သည်။

ကိုအုပ်တို့ကလည်း လျှောလျှောလျူလျူပေးသည်။ ပြီး တော့ 'ဟိုဘက်လှည့်ပေးပါဦး . . . ဒီဘက်လှည့်ပေးပါဦး' နှင့် မုတ္တမပင်လယ်ကွေ့ထဲ လှေကို ချာလပတ်ရမ်းအောင် လှည့်ခိုင်းပြီး မှတ်တမ်းတင်ဓါတ်ပုံများ လှည့်ပတ်ရိုက်လာသည်။

ဤသို့ဖြင့် ဘီလူးကျွန်းဆိပ်ကမ်းဖြစ်သော နတ်မှော် သင်္ဘောဆိပ်ကို ရောက်လာသည်ဆိုပါတော့. . . သင်္ဘောဆိပ် ရောက်တော့ ရေကျချိန်ဖြစ်နေသဖြင့် ဆိပ်ကမ်းဘောတံတားကြီး ကမြင့်နေပြီး လှေက နိမ့်နေသည်။ လှေပေါ်မှနေ၍ ဆိပ်ကမ်း ဘောတံတားပေါ် ဘယ်လိုမှ ကုပ်ကပ်တက်၍ မရ။

'ဘယ်လိုလုပ်မလဲ'

ကိုအုပ်၏ အမေးကို လှေဆရာက စိတ်ညစ်နေပြီမို့

'ကျုပ်လည်းမသိဘူးဗျာ'

ဟုဆိုကာ တစ်ဖက်လှည့်နေလိုက်သည်။ ဓါတ်ပုံဆရာ အေးချိုမှ အနီးအနားဝေ့ကြည့်လိုက်ပြီး . . .

'ဟို . . . ကမ်းစပ်မှာ ကပ်ရင်ရော . . .'

လှေဆရာ ဘာမှဆက်မပြောဘဲ ကိုအေးချိုလက်ညှိုးညွှန် ပြရာ ကမ်းစပ်ကိုမောင်းပြီး လှော်ခနဲ မေးတင်လိုက်သည်။

'ကဲ . . . ဒီကပဲ ဆင်းကြတာပေါ့ . . .'

ဟုဆို၍ ကိုအုပ်က ပြုံးပြီး ပြောသည်။ နောက် . . . ကို အေးချိုဘက်ကို မျက်စပစ်လိုက်သည်။ သဘောကတော့ အသင့် ပြင်ထားဆိုတဲ့ သဘောပေါ့။ ကိုအေးချိုကလည်း ငါသိပါတယ် ဆိုသည့် ပုံစံမျိုးနှင့် ခေါင်းငြိမ့်ပြသည်။ နောက် ကိုအုပ်နှင့် ကောင်မလေးလှေပေါ်မှ ဆင်းရန် မတ်တပ်ရပ်လိုက်စဉ်၊ ကိုအုပ် က ကောင်မလေးလည်စည်းကို ဆွဲပြီး နမ်းမလိုဟန်လုပ်သည်။

www.burmeseclassic.com
ကိုအေးချို၏ ကင်မရာကလည်း ကွက်တိပင် ဖျတ်ခနဲ မီးပွင့်သွားသည်။ ရုတ်တရက်ဆိုတော့ ကောင်မလေးကလည်း ရှက်ပြီး . . .

'ဟယ် . . . ဘာမှန်းလည်း မသိဘူး သွား . . . လူဆိုး . . .'

ဟုဆို၍ ရှက်ရမ်း ရမ်းပြီး လှေပေါ်မှ ခုန်ချလိုက်ရာ . . .

'စွပ် . . .'

'အောင်မလေးတော့ '

ဟူသောအသံများနှင့်အတူ ကောင်မလေး၏ ပေါင်ဝက်ခန့် ဗွက်ထဲမြုပ်ဝင်သွား၏။

'ဟင် . . . ဟင် . . . လုပ်ကြပါဦး . . . လုပ်ကြပါဦး . . . ခြေထောက် . . . ခြေထောက် . . .'

ကောင်မလေးအော်သံကြောင့် လှေပေါ်မှ ကိုအုပ်နှင့် ကိုအေးချိုတို့လည်း ကောင်မလေးကို ငုံ့ကြည့်ပြီး ဘာလုပ်ရမှန်း မသိဘဲ ကြောင်နေကြသည်။ သူတို့လှေရပ်သည့်နေရာ တကယ့်ရွှံ့နွံနေရာ . . . လှေသမားသိသိကြီးနှင့် တမင်ရွှဲ့ပြီး ရပ်ပေးလိုက်တာ။

'ကို ကိုအုပ် လုပ်ကြပါဦး . . . ဒီမှာ . . . ဒီမှာ နစ် . . . နစ် . . .'

ကောင်မလေး နွံထဲတွင် ရုန်းကန်ရင်း ကိုအုပ်တို့ကို အကူအညီတောင်းသည်။ ကိုအုပ်တို့လည်း နွံထဲမျက်လုံးပြူး၊ မျက်ဆံပြူး ဖြစ်နေသော ကောင်မလေးကိုကြည့်ပြီး ဘာမှ စဉ်းစားမနေနိုင်တော့ဘဲ နှစ်ယောက်သား လှေပေါ်မှ ဝုန်းခနဲ ခုန်ချလိုက်သည်။

'စွပ် . . .'

'စွပ် . . .'

www.burmeseclassic.com

'ဟင် . . .'

'ဟင် . . .'

နှစ်စွပ်နှင့် နှစ်ဟင်ပဲ အသံကြားရသည်။ သူတို့နှစ်ယောက်၏ ခြေလေးချောင်း ဗွက်ထဲတွင် ပျောက်သွားပြီး ပဒုမပေါင်တို ဖြစ်ကုန်၏။ နှစ်ယောက်လုံး အံ့အားသင့်ပြီး ကိုယ့်ခြေထောက်ကိုယ် ပြန်ငုံ့ကြည့်ပြီး တစ်ယောက်ကို တစ်ယောက်မျက်လုံးပြူးပြီး ကြည့်သည်။

'လုပ်ပါဦး . . . ဒီမှာ ဆွဲတင်ပါဦး'

ကောင်မလေး၏ အော်သံကြောင့် နှစ်ယောက်လုံး သတိပြန်ဝင်ပြီး ကောင်မလေးကို ချိုင်းမှမ၍ ဆွဲတင်လိုက်သည်။

'ဟိုင်းယား'

ကောင်မလေး အပေါ်ရောက်တော့ သူတို့ ခါးက ဗွက်ထဲပျောက်သွားသည်။ ထို့ကြောင့် သူတို့ကိုယ်သူတို့ စိုးရိမ်ပြီး မထားသော ကောင်မလေးကို ပြန်ပစ်ချလိုက်သည်။

'အောင်မလေးတော့ . . .'

ဟူသော အော်သံနှင့်အတူ ကောင်မလေးဗွက်ထဲကို ပြန်းခနဲ အလျားလိုက် ပြန်ပြုတ်ကျသွား၏။ နောက် . . . သတိရသွားပြီး ကောင်မလေးကို ချိုင်းမှ 'မ' ၍ ပြန်ဆွဲတင်လိုက်ကြပြန်သည်။ နောက် တစ်ယောက်ကိုတစ်ယောက် တွဲပြီး ကုန်းပေါ်သို့ချီတက်ကြသည်။

'ဖိနပ် . . . ဖိနပ် . . .'

'ဟင် . . . ဘာလဲ . . . ဘာလဲ . . .'

ကောင်မလေးအော်သံကြောင့် နှစ်ယောက်လုံးကြောင်သွား၏။

'ဖိနပ် . . . ဖိနပ် . . . ဖိနပ်ကျန်ခဲ့ပြီ'

www.burmeseclassic.com

ဟု ဆိုလိုက်ရာ . . . ဈေးကြီးပေးပြီး ဝယ်ထားတာ မကြာသေးသော ဖိနပ်ကို ဇောနှင့် ပြန်နှိုက်ကြပြန်သည်။ ဖိနပ်က ဗွက်ထဲနစ်နေပြီမို့ တော်ရုံနှင့် ပြန်နှိုက်၍မရ။ ခေါင်းတစ်ခြမ်း ဗွက်ထဲမြုပ်သည်အထိနှစ်ပြီး ဖိနပ်ကို ကုန်းနှိုက်ကြသည်။ ရသည်။ ပြန်ရသည်။ သို့သော် တစ်ဖက်တည်း။ နောက်တစ်ဖက်က ဘယ်လိုမှ ပြန်ရှာ၍ မတွေ့တော့။ မတွေ့တော့သည့်အဆုံး တစ်ယောက်ကို တစ်ယောက် တွဲခိုပြီး ကုန်းပေါ်ပြန်ချီတက်ကြပြန်သည်။

❖ ❖ ❖

www.burmeseclassic.com

ကမ်းပေါ်တွင်တော့ မိန်းမခိုးလာမည့် ကိုအုပ်ကို ဂျစ်ကားနှင့် လာကြိုနေသော သူညီ၊ ကိုမိုးနှင့် ကိုဆန်း။ သူတို့ကတော့ ထိုအဖြစ်ကို မသိဘဲ နှစ်ယောက်လုံး ဂိုက်ပေးကြမ်းနေ၏။ သူတို့၏ စိတ်ထဲတွင် ရုပ်ရှင်ထဲကလို ကောင်မလေး၏ မိဘများ လူဆိုးများခေါ်ပြီး လိုက်လာကြလျှင် ဖိုက်တင်ပလေးသင့်လျှင် ပလေးရမည်ထင်၍လားမသိ။ နွေခေါင်ခေါင်တွင် လောင်းကုတ်အနက်ကြီးများ ကော်လံထောင်၍ ဝတ်လာကြ၏။ ကိုမိုးက ဘာမှမမြင်သည့် တရုတ်မျက်မှန်နက်ကြီး တပ်လာသည်။ ကောက်စိုက်လျှင် စီးသော တရုတ်လည်ရှည်ဖိနပ် (တွပ်ပီဖိနပ်) ကြီးစီးလာ၏။ ချွေးဒီးဒီးကျသော်လည်း သုတ်မပစ်ဘဲ၊ ဂျစ်ကားခြေနင်းပေါ် ခြေတစ်ဖက်တင်ရင်း ကလေးပင် မကြောက်သည့် မြန်မာလူကြမ်းအိုက်တင် ဖမ်းထား၏။ ဖိုက်တင် ပလေးသင့် ပလေးရမည် မဟုတ်ပါလား။

ကိုဆန်းက လောင်းကုတ်ဝတ်လာသော်လည်း ကိုမိုးကဲ့သို့ ဖိုက်တင်ပလေးရန်မဟုတ်။ ကိုအုပ်နှင့်အတူပါလာသော မရီးလောင်းကို ဧည့်ခံကြိုဆိုရန်။ သူက ဧည့်ခံကြိုဆိုရေးသမား။ ထို့ကြောင့် မရီးလောင်းနှင့် စကားပြောသည့်အခါတွင် လှပနေ အောင် မျက်နှာခြေလူးလိုက်တာ လက်လွန်လာသည်ထင့် မျက် နှာက အဖြူကိုလွန်ပြီး အပြာဘက်ကို ရောက်နေ၏။ ဘာပဲ ပြော ပြော သူ့ဟာနှင့်သူတော့ အဆင်ပြေနေ၏။ တွေ့သည့် လူတိုင်း ကိုပင် လက်ထောင်ပြ ပြုံးပြနှုတ်ဆက်နေသေး၏။

www.burmeseclassic.com

ကိုမိုး၊ ကိုဆန်းဘက်ဝေ့ကြည့်လိုက်သည်။ မျက်မှန်နက်ထဲမှ ကိုဆန်းပုံက မှုန်ဝါးဝါး ဖုန်ဖွားဖွား နာရီကို ဟန်ပါပါ မြှောက်ကြည့်လိုက်သည်။ မမြင်ရ၍ မျက်မှန်ချွတ်ကြည့်သည်။ မျက်စိတစ်ချက် ကျိမ်းသွားပြီးမှ နာရီကိုမြင်ရသည်။

သုံးနာရီ။

ကိုအုပ်ချိန်းထားသည့်အချိန်ထက် တစ်နာရီပင်ပို၍ကျော်နေပြီ။

သိပြီ ကိုအုပ်တို့ပြဿနာ တစ်ခုခုတွေ့နေပြီ။ ဒါကြောင့်သူတို့နောက်ကျနေတာ ဖြစ်မည်။ ဒီအတိုင်းဆိုလျှင် ဖိုက်တင်ပလေးရဖို့က သေချာသလောက်ရှိနေပြီ။ ထို့ကြောင့် ကိုမိုးက ကိုဆန်းဘက်လှည့်ပြီး . . .

'ကဲ . . . မောင်ဆန်း . . . ပြဿနာတော့ ပေါ်ပြီထင်တယ်။ ဖိုက်တင်ပလေးဖို့ အသင့်ပြင်ထား . . .'

ကိုဆန်းက လောင်းကုတ်ကို ဂုတ်မှဆွဲမြှောက်လိုက်ပြီး . . . 'စိတ်ချ။ တရုတ်သိုင်းကားသုံးကားပေါင်း ကြည့်လာတယ်'

ဟုဆိုကာ လက်ကို ဆန့်ချည်မြှောက်ချည်လုပ်ပြီး မြွေ၊ မျောက်၊ ကြက်၊ လင်းဝက်၊ အရက်သမားသိုင်းများကို မသိမသာလုပ်ကြည့်၏။

ထိုအချိန်တွင် ကိုအုပ်တို့သုံးယောက်ကလည်း ရွှံ့နွံထဲမှ လွတ်မြောက်ပြီး ရွှံ့ကွက်များပေကျံကာ ရွှံ့လုံးကြီးများသဖွယ် ဖြစ်နေ၍ လူစည်ရာအရပ်က မသွားရဲဘဲ ဆိုင်ကြိုဆိုင်ကြား ဆိုင်နောက်ဖေးများကမှနေ၍ ဟိုတိုင်ပြေးကပ်၊ ဒီတိုင်လှိမ့်ကွယ်လိုက်နှင့် လုပ်နေရသည်။ ဒီကြားထဲ ကိုအေးချိုလက်မှ ကင်မရာမီးက တစ်ချက် တစ်ချက် ပွင့်လာသေး၏။ ဤသို့ဖြင့် ကိုမိုးတို့ဂျစ်ကားရှိရာနား ရောက်လာသည်။ ကိုမိုးတို့က သူတို့ဘက်

www.burmeseclassic.com

လှည့်နေသော်လည်း သူတို့ကိုမမြင်။ ကိုအုပ်တို့လည်း လူမရှင်းသေး၍ အပြင်မထွက်ရဲ။

အကင်းပါးသော ကိုအေးချိုမှ သူ့လက်ထဲ ကိုင်ထားသော ကင်မရာဖလက်(ရှ်)ဂန်းကို ဖျတ်ခနဲ နှိပ်သည်။ လျှပ်စီးလက်သလို ပေါ်လာသော အလင်းရောင်ကြောင့် ကိုမိုးသူတို့ဘက် လှည့်ကြည့်သည်။ သူတို့ဝမ်းသာအားရ လက်ပြသည်။ သို့သော်အချည်းနှီးသာ။ ကိုမိုးက မျက်မှန်နက်ကြီးတပ်ထားသည်မို့ ဘာမှ မမြင်။ တစ်ဖက်သို့ပင် ပြန်လှည့်သွားသေး၏။ ကိုအုပ်တို့လည်း မည်သို့ဆက်လုပ်မည်မသိတော့။ အတန်ကြာမှ ကိုအေးချိုက. . .

'ကဲ . . . ဒီအတိုင်းဆက်နေရင်တော့ ရှို့ဗွက်တွေနဲ့ လေသလပ်ပြီး တောင့်ကုန်လိမ့်မယ်။ ကားဆီကို အမြန်ဆုံးပြေးရ အောင် . . .'

'အေး ကောင်းတယ် . . . ဒီလိုပဲ လုပ်ရတော့မယ် . . .'

ဟုဆိုပြီး သုံးယောက်သား 'တစ်၊ နှစ်၊ သုံး' ပြိုင်တူအော်ပြီး တစ်ယောက်လက်ကို တစ်ယောက်တွဲကာ ဂျစ်ကားရှိရာသို့ အားကုန်ပြေးကြလေသည်။

ဂျစ်ကားဆီသို့ရောက်သည်နှင့် သုံးယောက်သား ဂျစ်ကားပေါ်ဝုန်းဆို ခုန်တက်လိုက်လေရာ၊ ဖိုက်တင်ပလေးရန်စောင့်နေကြသောကိုမိုးက'ဟိုင်းယား' ဟု ညာသံပေး၍ အသင့် ယူဆောင်လာသော အဝတ်လျှော်သည့် တင်းပုတ်ကြီး ဆွဲထုတ်လိုက်သည်။ ကိုဆန်းကသူကြည့်ဖူးသောတရုတ်ကားထဲမှ ငှက်သိုင်းလို လက်နှစ်ဖက်ကိုမြှောက် ခြေတစ်ဖက်ကိုထောင်ပြီး ဖိုက်တင်ပလေးရန် အသင့်ပြင်လိုက်သည်။

သူတို့ကိုကြည့်ပြီး ကိုအုပ်က . . .

'ဟော့ကောင် ကိုမိုး . . . ငါပါကွ . . . ကိုအုပ်ပါ . . .'

www.burmeseclassic.com

'ဟင် . . .'

ရွှံ့လုံးကြီးထဲမှ ကိုအုပ်အသံကြား၍ နှစ်ယောက်လုံး အံ့အားသင့်သွားကြသည်။

'ဟော့ကောင်တွေ ဘာကြောင်ကြည့်နေတာလဲ . . . မြန်မြန်မောင်းပါဟ . . .'

ဟုဆိုလိုက်မှ နှစ်ယောက်လုံး ကားပေါ်တက်၍ ချောင်းဆုံဘက်သို့ မောင်းထွက်ခဲ့လေသည်။

ကိုမိုးကားမောင်းရင်းနှင့် လူပုံပင် ပီပီပြင်ပြင် မမြင်ရတော့သော ကိုအုပ်တို့ဘက်လှည့်၍ ကြည့်၏။ ကိုဆန်းက ဘုမသိဘမသိနှင့် 'ရုပ်ဖျက်လာတာလား'

'ဘယ်လိုဖြစ်လာတာလဲ'

ကိုအုပ်က 'ကျွတ်'ခနဲစုပ်သပ်ပြီး . . .

'မေးမနေပါနဲ့တော့ကွာ . . .'

ဟုဆိုပြီး သူ့မျက်နှာပေါ် ပေကျံနေသော ရွှံ့ဗွက်များကို လက်သည်းနှင့် ခြစ်ချနေသည်။

'ကဲ . . . ဘယ်လိုလုပ်မလဲ . . .'

'အိမ်ပြန်ရေချိုးလို့ မီဦးမလား . . .'

'ဘယ်မီတော့မှာလည်း အခုပဲ သုံးနာရီခွဲနေပြီ။ လေးနာရီဆို တရားရုံးပိတ်မှာ'

'ဒါဆိုလည်း တရားရုံးသာ အရင်မောင်းကွာ . . . ဒီနေ့ လက်မှတ်မထိုးဖြစ်ရင် သူ့မိဘတွေ လိုက်လာရင် အခက်'

သူတို့အားလုံး တိုင်ပင်ပြီး ချောင်းဆုံမြို့နယ်တရားရုံးဆီ သို့ ဦးတည်လိုက်ကြသည်။ ဟုတ်သည်လေ။ သူတို့လည်း မိဘပြန်ခဲ့လိုက်၍ ကွဲသွားရသည့်ဘဝ ဘယ်လိုချင်ပါ့မလဲ။

❖ ❖ ❖

www.burmeseclassic.com

တရားသူကြီးရုံးခန်းထဲ ဝင်လာသော ကိုမိုးကို မြင်တော့ တရားသူကြီးဦးအောင်မြင့်က . . .

'ဆို . . . ဘာကိစ္စလဲကိုမိုး . . .'

'ကျွန်တော့်အစ်ကိုကြီး မိန်းမခိုးလာလို့ အဲဒါ နှစ်ဦးသဘောတူ လက်မှတ်ထိုးချင်လို့ . . .'

တရားသူကြီး ဦးအေးမြင့် သူ့လက်က နာရီကို မြှောက်ကြည့်လိုက်ပြီး . . .

'အင်း . . . လေးနာရီတောင် ထိုးတော့မယ် . . . ခေါ်လာလေ . . . ခေါ်လာလိုက် . . .'

ဟုဆိုပြီး တစ်ဖက်သို့ လှည့်၍

'ဟေ့ . . . မောင်ညဏ်ဝင်း လာဦး . . . ဒီမှာ လက်မှတ်ထိုးဖို့ လက်နှိပ်စက်လာရိုက်ပေးစမ်း'

ဟု လက်နှိပ်စက်စာရေး ညဏ်ဝင်းကိုတစ်ဆက်တည်း ခေါ်လိုက်သည်။

ကိုမိုးလည်း ဝမ်းသာအားရ၊

'ကိုကြီးလာခဲ့လို့ရပြီ'

ဟု လှမ်းအော်လိုက်သည်နှင့် သိပ်မကြာလိုက်ပါ။ တရားရုံးထဲဝင်လာသော ရွှံ့လုံးကြီးသုံးလုံးနှင့် သူတို့နောက်မှ လိုက်ဟောင်နေသော ခွေး ခြောက်ကောင်ဝင်လာ၏။ ဒီကြားထဲ ရွှံ့လုံးကြီးတစ်လုံးထံမှ ကင်မရာက လက်ခနဲ လက်လို့ . . .

'ဟင် . . .'

တရားသူကြီး၏ မျက်ဝန်းအစုံပြူးကျယ်သွား၏။

'ဟယ် . . .'

စာရွက်ဖိုင်ကလေးကိုင်ပြီး ဝင်လာသော လက်နှိပ်စက်စာရေးညဏ်ဝင်း ခြေလှမ်းများ ရပ်တန့်သွား၏။

www.burmeseclassic.com

ကောင်မလေးက ရှက်ရမ်းရမ်းပြီး သူ့လက်တွင် ပေနေသော ရွှံ့ဗွက်များကို ခါထုတ်လိုက်ရာ သူတို့ကို ကြောင်ငေးကြည့်နေသော လက်နှိပ်စက်စာရေး ဉာဏ်ဝင်းနဖူးကို ဘတ်ခနဲ သွားကပ်ပြီး . . . ဉာဏ်ဝင်းပင် ဟိန္ဒူလူမျိုးလို နဖူးတွင် အစက်ကလေးနှင့် ဖြစ်သွား၏။

❖ ❖ ❖

www.burmeseclassic.com

အဲဒီလိုနဲ့ နှစ်ဦးသဘောတူ လက်မှတ်ကို အောင်မြင်စွာ ထိုးပြီးခဲ့ကြတယ်။

တတိယအိမ်ထောင်ကျတဲ့သူကတော့ ကိုစျာန်ပေါ့။

ကိုစျာန်အိမ်ထောင်ကျတော့မယ်ဆိုတော့ သူတို့အမေ မရွှေနွယ်က သူနဲ့ယူမယ့်ကောင်မလေးကို အားနာတယ်။

ကောင်မလေးက ပညာတတ်လေး။ ရုပ်ကလည်းအချော လေး။ သူ့သားကိုစျာန်က လူရုပ် ပေါက်ကရကောင်။

'ဒါကြောင့် ကောင်မလေးအိမ်ကိုသွားပြီး သွားတောင်းပန် တယ်။ သွားတောင်းပန်တယ်ဆိုလို့ တစ်မျိုးတော့ မထင်နဲ့ . . . သူ့သားကိုယူပါ။ ဘာညာ မဟုတ်ဘူး။ သူ့သားကို မယူဖို့ . . . ဘာလို့လည်းဆိုတော့ ကောင်မလေးကို အားနာလို့တဲ့လေ'

'နင် ငါ့သားကို မယူနဲ့ . . . ငါ့သားကိုယူရင် နင်ဆင်းရဲ မယ် . . . ဒီကောင်တစ်သက် . . . လုံး ဘာအလုပ်မှ လုပ်တာ မဟုတ်ဘူး။ တစ်ချိန်လုံး မူးရူးနေတာ နင်လည်းအမြင်ပဲ။ ငါ့သား အကြောင်း ငါအသိဆုံး . . . ဒီကောင်က အလုပ် လုပ်ဖို့မပြောနဲ့။ လက်ကြောတင်းတာနဲ့ နေမကောင်းဖြစ်တဲ့ကောင်' စသည်ဖြင့် ပေါ့။

ကောင်မလေးကလည်း . . . အဲဒီအချိန်မှာ ပြောလို့ကို မရဘူး . . . ကိုစျာန်မှ ကိုစျာန်ပဲ . . . သူတို့က ငယ်ရည်းစား လည်း ငယ်ရည်းစားကိုး . . . ဒါကြောင့် ဘာပဲဖြစ်ဖြစ် ကိုစျာန် ကိုပဲ ယူမယ်တဲ့ . . .

www.burmeseclassic.com

ဒါနဲ့ မရွှေနွယ်က . . .

နင် စဉ်းစားဦးနော် . . . ဒီကောင်က ငါတောင်ပြောလို့ နိုင်တာမဟုတ်ဘူးနော် . . . အမေကိုယ်တိုင်တောင် ပြောလို့မနိုင်တဲ့ ကောင်ဆိုတော့ နင်ဆိုစဉ်းစားသာကြည့် ဆိုတော့ ကောင်မလေးကလည်း ခေါင်းခပ်မာမာပဲ . . .

'ရတယ် . . . ကျွန်မနဲ့ ညားပြီးရင် ကျွန်မကြည့်ပြောမယ်တဲ့ . . .'

ဒါနဲ့ ဘယ်လိုမှ ဖြတ်လို့မရတဲ့အဆုံး ပေးစားလိုက်ရတယ် ဆိုပါတော့။

အဲ . . . မင်္ဂလာဆောင်တဲ့နေ့မှာပဲ ကောင်မလေးရဲ့ တစ်မိသားစုလုံး ကိုစျာန်အကြောင်းကို သိရတော့တာပဲ . . .

မင်္ဂလာဆောင်နေပြီ . . . ကိုစျာန်က . . .

❖ ❖ ❖

www.burmeseclassic.com

မင်္ဂလာအချိန်က ကိုးနာရီကတည်းက စသည်။ သတို့ သား ကိုစျာန်က မင်္ဂလာခန်းမရှိရာ သတို့သမီးအိမ်သို့ ရောက် မလာသေး။ ပထမတော့ အော် . . . သူလည်း ပြင်ဆင်နေလို့ နောက်ကျနေတာဖြစ်မယ်ဟု ထင်ကြသေးသည်။ သို့သော် အချိန်အတော်ကြာသည်အထိ ကိုစျာန်ကား မင်္ဂလာပွဲကို ရောက်မလာ။ သတို့သမီးက မျက်နှာပျက်ချင်နေပြီ။ သတို့သမီး မိဘများကလည်း အစကတည်းက ကိုစျာန်နှင့် သဘောတူချင် သူတွေမဟုတ်တော့ စူစူအောင့်အောင့် ဖြစ်နေကြသည်။

ကိုစျာန်တို့အိမ်စုံစမ်းကြည့်တော့လည်း မနက် (၇) နာရီ လောက်ကတည်းက သတို့သားဝတ်စုံဝတ်ပြီး အိမ်ကထွက်သွားပြီ တဲ့ . . .

သတို့သမီး၏ မျက်နှာငိုမဲ့မဲ့ ဖြစ်သွား၏။

သတို့သားကား ပျောက်နေပြီ။

ကိုစျာန်ပျောက်နေပြီ။ မင်္ဂလာပွဲလာ ဧည့်ပရိသတ်တချို့ လည်း မကျေပ်ထဲရောက်နေကြပြီ။ သူတို့ခမျာလည်း သတို့သားနှင့် သတို့သမီးထွက်ပြီး ဧည့်ခံချိန်ကို တငံ့ငံ့တလင့်လင့် . . . သို့သော် သတို့သား မရှိဘဲ မင်္ဂလာပွဲကို မည်သို့ ကျင်းပ၍ ရမည် နည်း။

သတို့သမီးလည်း မည်သို့မှ မကြံတတ်အောင် ဖြစ်နေ သည်။ သတို့သားက ပျောက်နေပြီ။

www.burmeseclassic.com

'ကျွန်တော်တို့ လိုက်ရှာပေးမယ်လေ'

ကိုစျာန်၏ညီ မောင်ကြည်၏ စကားသံကြားတော့ သတို့သမီးအားတက်သွားပြီး . . .

'အေး . . . ကောင်းတယ် . . . သွားရှာ။ တွေ့တာနဲ့ မင်္ဂလာပွဲစနေပြီ . . . မြန်မြန်လာလို့ ပြောပြီး ဆွဲခေါ်ခဲ့နော် . . .'

ဟု ဆိုပြီး သတိပေးလိုက်သည်။

ဤသို့ဖြင့် ကိုစျာန်၏ညီ မောင်ကြည်တို့ အုပ်စုအားတက်သရောပင် အဖွဲ့သုံးဖွဲ့ခွဲ၍ ကိုစျာန်သွားတတ်သော နေရာများကို တစ်နေရာမှ မကျန်အောင် ပိုက်စိတ်တိုက်၍ ပတ်ရှာကြသည်။

ဘယ်မှာမှ ရှာမတွေ့။

သတို့သားပျောက်နေပြီ . . .

ကိုစျာန်သွားတတ်သော သူငယ်ချင်းအိမ်၊ လ္ဘက်ရည်ဆိုင်စစ်တုရင်ဝိုင်း အားလုံးစုံနေပြီ။ ကိုစျာန်ကိုကား အရိပ်အရောင် မျှပင်မမြင်။ နောက်တစ်ခေါက် သူသောက်တတ်သော အရက် ဆိုင်၊ ခနိရည်ဆိုင်၊ ထန်းရည်ဆိုင်များ ထပ်ပတ်ကြည့်သည်။ ဘယ်မှာမှ မတွေ့။

မတွေ့။ သတို့သားကိုစျာန်ပျောက်နေပြီ။

မည်သို့မှ မတက်သာသည့်အဆုံး မောင်ကြည်တို့အဖွဲ့ မင်္ဂလာပွဲပြန်သွားပြီး သတို့သမီးကိုသာ ကိုစျာန်ကိုရှာမတွေ့ ကြောင်း စိတ်မကောင်းကြီးစွာ ပြန်ပြောလိုက်ရသည်။

သတို့သမီးခမျာလည်း ငိုမဲ့မဲ့ . . .။ သတို့သမီးမိဘများမှာလည်း တောက်တခေါက်ခေါက်။ မင်္ဂလာပွဲကိုရောက်နေသော ကိုစျာန်၏ မိဘနှစ်ပါးခမျာလည်း မျက်နှာပျက်လျက်။ မည်သို့မျှ မကြံတတ်တော့။

'ကျွန်တော်သိပြီ . . .'

www.burmeseclassic.com

သူတို့စကားကို တစ်စွန်းတစ်စနားထောင်နေသော ကိုစျာန်၏ တပည့် (ကိုစျာန်အရက်သောက်လျှင် အမြည်းဝယ် ခိုင်း၊ ကြက်ဖမ်းခိုင်းနေသောသူ) နိုင်ကျူမှ ထအော်လိုက်သောကြောင့် လူများ၏အာရုံ သူ့ထံ စုပြုံသွား၏။

'မြောက်ကွင်းကျောင်းဘေးမှာ ထန်းရည်ဆိုင်အသစ်ဖွင့်တယ်။ ထန်းရည်ကောင်းတယ်လို့လည်း သူပြောဖူးတယ်။ အဲဒီမှာပဲ သူရှိလိမ့်မယ်'

ဟု အတတ်ပြောလိုက်ရာ အားလုံးဝမ်းသာသွားပြီး

'အေး . . . အဲဒါဆို မင်းတို့ လိုက်သွားပြီး ကိုစျာန်ကို ရအောင်ခေါ်ခဲ့ . . .'

အဖေ၏ တစ်ချက်လွှတ်အမိန့်

❖ ❖ ❖

ဟုတ်ပါသည်။ ကိုစျာန်၏ တပည့်ကျော်နိုင်ကျူ ခန့်မှန်းလိုက်တာ မှန်ပါသည်။ ကိုစျာန်မြောက်ကွင်းကျောင်း ဘုန်းကြီးကျောင်းဘေးလယ်ကွင်းပြင်တွင် အသစ်ဖွင့်လှစ်ထားသော အညာသားထန်းတဲတွင် ရှိနေပါသည်။ ရှိနေတာမှ အခိုင်အမာထန်းရည်ကျည်တောက်ရှစ်လုံးနှင့် မြောက်ကွင်းကျောင်းနံရံကို မှီလျက်ရှိနေပါသည်။ အတော်လည်း မူးနေပြီ . . .။ ကိုစျာန်ကိုမြင်သည်နှင့် လိုက်ခေါ်သော တပည့်ကျော်နိုင်ကျူနှင့် သူ့ညီ မောင်ကြည်တို့အဖွဲ့ ဝမ်းသာသွားပြီး . .

'ဟာ . . . ကိုစျာန်ဘယ်လိုလုပ်တာလဲ . . . ဟိုမှာ မင်္ဂလာဆောင်ဖို့ ကိုစျာန်ကို စောင့်နေကြပြီ' ဆိုတော့ ကိုစျာန်က မျက်မှောင်ကျုံ့ပြီး . . .'

'အို . . . မင်္ဂလာဆောင်ပဲ . . . သူတို့ဖာသာသူတို့ ဆောင်ပါစေပေါ့ကွ . . . ငါနဲ့ဘာဆိုင်လဲ' ဟု ဆိုပြီး ထန်းရည်တစ်ခွက်ကို ဂွတ်ခနဲ သောက်ချလိုက်သည်။ မောင်ကြည်တို့အဖွဲ့လည်း အတော်မူးနေပြီ ဖြစ်သောကိုစျာန်ကိုကြည့်၍ စိတ်ညစ် သွားပြီး. . .

'ဟ . . . မဆိုင်လို့ မဖြစ်ဘူးလေ . . . ကိုယ့်ဆရာက သတို့သားပဲ . . . မင်္ဂလာဆောင်ရမှာပေါ့'

www.burmeseclassic.com

'အို . . . ဆောင်ချင်ပါဘူးကွာ . . . ဘုရားရိပ် တရားရိပ်မှာပဲ အေးအေးနေပါရစေ။ ဘုရားရိပ် တရားရိပ်က အေးချမ်းတယ်ကွ . . .'

ဟုဆိုပြီး ထန်းရည်နောက်တစ်ခွက်ကို ဂွပ်ခနဲ သောက်ချလိုက်ပြန်သည်။ သူ့ပုံမှာ ဘုရားရိပ် တရားရိပ်ကြောင့်မဟုတ်ဘဲ ထန်းပင်ရိပ်ကြောင့်သာ အေးချမ်းနေကြောင်း သိသာသည်။

'ကိုယ့်ဆရာ . . . မဂ်လာပွဲက သွားလိုက်မှ ကောင်းမယ်နော် . . . ဟိုမှာ ဧည့်သည်တွေက ရောက်နေပြီ . . .'

'ဒါဆို ဒါကုန်မှ သွားမယ် . . .'

ဟုဆို၍ ထန်းရည်ကျည်တောက်များကို မျက်စပစ်ပြသည်။ ကြည့်လိုက်တော့ ထန်းရည်ကျည်တောက်က ရှစ်တောင့်။ သူသောက်လို့ ကုန်ထားတာက တစ်တောင့်နှင့် တစ်ဝက်။ ကိုဈာန်ပုံကလည်း ထိုထန်းရည်များ မကုန်ပါက မထဘူးဆိုပြီး သန္နိဋ္ဌာန်ချထားသည့်ပုံ။

မောင်ကြည်တို့အဖွဲ့လည်း ဘာပြန်ပြောရမှန်း မသိဖြစ်သွား၏။ ဤတွင် အနည်းငယ် အကင်းပါးသော ကိုဈာန်၏ တပည့်နိုင်ကျူက ကိုဈာန်ထန်းရည်ကို တစ်ခွက်ပြီး တစ်ခွက် တဂွပ်ဂွပ်နှင့် သောက်နေပုံကို အားကျရောထင့် သူ့နှုတ်ခမ်းမွဲခြောက်ခြောက်ကို လျှာဖြင့် သပ်လိုက်ပြီး

'ကဲ . . . ဒါဆိုလည်း ဒါတွေကုန်အောင် ဒို့တွေပါ ဝိုင်းကူသောက်ကြတာပေါ့ကွာ . . .'

ဟုဆိုပြီး ဝိုင်းထဲ ကမန်းကတမ်း ဝင်ထိုင်လိုက်သည်။ နိုင်ကျူကို ကြည့်ပြီး ကိုဈာန်မှ အားရဝမ်းသာဖြင့်

'ဒါဖြစ်သင့်တာပေါ့ကွ . . . ဒါမှငါ့တပည့်'

ဟုဆိုပြီး ထန်းရည်တစ်ခွက်ငှဲ့ပေးလိုက်၏။ ကိုဈာန်၏

www.burmeseclassic.com
ထန်းရည်ခွက်ကို နိုင်ကျူမှ မြေမကျခင် လှမ်းယူလိုက်ပြီး ဂွပ်ဂွပ်နှင့် အားရပါးရ သောက်ချလိုက်သည်။ ပြီးနောက် . . . မောင်ကြည်တို့ဘက်လှည့်၍ အားရဝမ်းသာဖြင့် . . .

'ဒါမှပင်ကျ . . . ဒါမှထန်းရည်ကွ ရှိန်းနေတာပဲကွာ . . . အေ . . .'

ဟု ထန်းရည်ကျည်တောက်ကို ဘယ်ညာ လက်ညှိုးစုံထိုးရင်း . . . ဆိုလိုက်ရာ နဂိုရှိန်းချင်နေသော မောင်ကြည်တို့အဖွဲ့လည်း မထူးတော့ဘူးကွာ ဟူသော အိုင်တင်မျိုးနှင့် ဝိုင်းထဲဝင်ထိုင်လိုက်ပြီး၊ မြန်မြန်ကုန်တော့လည်း အေးတာပဲဟု သဘောပိုက်၍ ဝင်ရှိန်းနေလိုက်တော့သည်။

သူတို့ရှိန်းပြီးသိပ်မကြာခင် သတို့သမီးဖခင်နှင့် မင်္ဂလာဩဘာစာဖတ်ကြားမည့် ဦးမြဘူးတို့ ငွေခရုကြီးကိုင်၍ ဖတ်သီဖတ်သီနှင့် ထန်းတောထဲ လိုက်ချလာသည်။ ထန်းတောထဲ ထန်းရည်ထိုင်သောက်နေကြသော ကိုစျာန်တို့အဖွဲ့ကို တွေ့တော့ အံ့အားသင့်သွားပြီး . . .

'ဟင် ကိုစျာန်ဘာလုပ်နေတာလဲ ဟိုမှာ မင်္ဂလာပွဲကစတာကြာပြီ။ ဘာလို့ မလာတာလဲ'

ဟုဆိုလိုက်ရာ ကိုစျာန်က ပြုံးဖြီးဖြီးဖြင့် . . .

'ဟာ ဦးလေးတို့ပါလား . . . လာမလို့ပါပဲ အဟဲ . . . ဒါပေမယ့် ဒါကမကုန်သေးတော့ . . . အဟီး . . . နောက်မဟုတ်ရင် ကျွန်တော်က ရှက်တတ်တော့လေ သိတယ်မဟုတ် လား . . . အဟဲ ဟိုမှာ သွားရှက်နေမှာဗျ။ ရှက်နေမှာ . . .' ဟုဆို၍ ထန်းရည်ကျည်တောက်များကို မျက်စပစ်ပြလိုက်သည်။

အပြည့်အမောက် ကျည်တောက်များကိုတွေ့တော့ သတို့သမီးဖခင်နှင့် ဦးမြဘူးတို့ အံ့အားသင့်သွားသည်။ နောက်လဲ

www.burmeseclassic.com

တချို့ ထောင်တချို့။ ကျည်တောက်အလွတ်က လေးလုံး၊ ဇက်ကြိုး နေသူနှစ်ယောက်၊ လက်ထိုးအန်သူ တစ်ယောက်၊ လူကြီးများ မျက်လုံးပြူးသွားသည်။

'အို . . . ဒါကုန်မှ သွားလို့ဘယ်ဖြစ်မလဲ . . . ဟိုမှာ မင်္ဂလာအချိန်က ကုန်တောင် ကုန်တော့မယ်'

ကိုစျာန်ကလည်း အလျှော့မပေးဘဲ . . .

'ကုန်လဲ ကုန်ပေ့ါဦးရယ် . . . မင်္ဂလာအချိန် ကုန်သွား တော့လည်း ပြီးတာပဲ . . .'

လူကြီးများ စိတ်ဆိုးသွားကြသည်။

'အို . . . အဲဒီလို ဘယ်ဖြစ်မလဲ မင်္ဂလာဆောင်ပါတယ် ဆိုမှ သတို့သားလည်းမရှိ သတို့သမီးလည်းမတွေ့ဆိုရင် လူတွေ ဘာပြောမလဲ'

'**Believe it or Not** ယုံချင်ယုံ၊ မယုံချင်နေလို့ ပြောမှာပေ့ါ။ အဟဲ . . .'

'ဒါဆို မင်း ငါ့သမီးကို မယူတော့ဘူးလား'

သတို့သမီးဖခင်၏ ဒေါသတကြီးစကားကို ကိုစျာန်မှ သနားစဖွယ် မျက်နှာငယ်လေးနှင့် . . .

'ဟုတ်ကဲ့ ယူပါ့မယ် . . . ဒါပေမယ့် အဟဲ ဒါလေးကိုက လည်း သံယောဇဉ်ကမကုန်သေးတော့ ခဏလေးတော့ စောင့်ပါ ဦးလား . . .'

ကိုစျာန်ကိုကြည့်ပြီး သတို့သမီးအဖေ စိတ်ဆိုးလာပုံရ သည်။ သို့သော် သူ့ခမျာလည်း ဘာမှ မတတ်နိုင်တော့ ကိုစျာန် မလိုက်ဖူးဆိုလျှင် အလိုလိုနေရင်း သူ့သမီးတစ်ခုလပ်ဖြစ်သွားရ မည်မဟုတ်လား . . . ထို့ကြောင့် လေသံကို အတတ်နိုင်ဆုံး နှိမ့် ချလိုက်ပြီး . . .

www.burmeseclassic.com

'ဒါမကုန်ရင် တကယ်မသွားဘူးလား . . .'

'မသွားဘူး . . .'

'ဒါကုန်မှ သွားမယ်'

ကိုစျာန်၏စကားဆုံးသည်နှင့် သတို့သမီးဖခင်က

'ကိုင်းဟာ ဒီလောက်ဖြစ်လှတာ'

ဟုဆိုပြီး ထန်းရည်ကျည်တောက်တစ်ခုကိုမ၍ တဂွပ်ဂွပ်နှင့် မ၍ သောက်ချလိုက်လေသည်။ ထန်းရည်ကျည်တောက်တစ်ဝက်ခန့်ရောက်မှ မျက်နှာကြီး နီရဲပြီး ထန်းရည်ကျည်တောက်ကို ဂွပ်ခနဲ ပြန်ချလိုက်သည်။ ဝိုင်းကြည့်နေသော မောင်ကြည်တို့တစ်ဖွဲ့လုံး သတို့သမီးဖခင် အပြုအမူကြောင့် ပါးစပ်အဟောင်း သားဖြစ်ကုန်ကြသည်။ သတို့သား ကိုစျာန်ကတော့ အေးအေးဆေးဆေးပင် သူ့ကို ပြုံးကြည့်ပြီး . . .

'ရှိန်းရဲ့လား . . .'

ကိုစျာန်၏အမေးကို သတို့သမီးဖခင်က မဖြေချင် ဖြေချင်ပုံစံမျိုးနှင့် . . .

'ရှိန်းတယ် . . .'

ဟု ခပ်ပြတ်ပြတ် ပြန်ဖြေ၏။

သူ့အဖြေကြောင့် ကိုစျာန်အားတက်သွားပြီး . .

'စပရိုက်လိုပဲဟုန် (ဟုတ်)'

သတို့သမီးဖခင်လည်း ထန်းရည်အရှိန်ကြောင့် ထင် သည်။ မျက်လုံး ကလယ် ကလယ်နှင့် . . .

'စပရိုက်ထက်တောင် ရှိန်းသေးတယ်'

ဟု ဘောက်ဆတ်ဆတ် ပြန်ဖြေ၏။ သူလည်း ဘာမှမတတ်နိုင်တော့ဘဲကိုး . . . ထိုအဖြေကိုပင် ကိုစျာန်က အားရဝမ်းသာဖြင့် အလိုက်မသိစွာ . . .

www.burmeseclassic.com

'ဒါဆို ဒီလက်ကျန်လေး ဖြတ်လိုက်ဦးစို့ . . .'

ဟုဆို၍ သတို့သမီးဖခင်လက်ထဲ ကျည်တောက်ထိုးထည့်လိုက်ပြန်သည်။ သတို့သမီးဖခင်လည်း ကုန်ရင်ပြီးရောဟု ဆုံးဖြတ်ထား၍လားမသိ လက်ထဲရောက်လာသော ကျည်တောက်ကို ဖျတ်ခနဲ ဆွဲယူပြီး ဂွပ်ဂွပ်ခနဲ မော့သောက်လိုက်သည်။ ထန်းရည်ကျည်တောက်တစ်ခုလုံး ကုန်ခါနီးမှ ဟားခနဲ သက်ပြင်းရှည်ချပြီး ထန်းရည်ကျည်တောက်ကို ပြန်ချလိုက်သည်။ ပုဇွန်ဆိပ်ခုန်ပင်ကျ ထန်းရည်တန်ခိုးကြောင့် သူ၏မျက်နှာတစ်ခုလုံး မိတ်ကပ်လိမ်းထားသလို ရဲချိတ်နေ၏။

ဒါကိုပင် မူးနေသော ကိုစျာန်မှ . . .

'ကျွန်တော်မလာတာ တခြားကြောင့်မဟုတ်ဘူး။ ကျွန်တော်က မင်္ဂလာဆိုတာ တစ်ခါမှ ဆောင်ဖူးတာမဟုတ်ဘူးလေ . . . ဒါကြောင့် တစ်ခါမှ မလုပ်ဖူးဘဲ လုပ်တဲ့အလုပ်ဟာ အမှားအယွင်းရှိနိုင်တယ်။ ဒီလိုအမှားအယွင်း ဖြစ်ခဲ့ရင် ပရိသတ်ရှေ့မှာဆိုတော့ ရှက်စရာကြီး။ ဒါကြောင့် ကျွန်တော်တို့ မလာတာ'

'ဒါဖြင့် မင်္ဂလာပွဲကို ဘယ်လိုလုပ်မှာလဲ . . .'

'အမှားအယွင်းမရှိအောင် ဦးတို့ အတွေ့အကြုံရှိတဲ့သူ တွေ ပြန်ဆောင်လိုက်ကြပေါ့'

'ဘာကွ . . .'

သတို့သမီးဖခင်၏ ကျယ်လောင်သံသော အော်သံကို ကြားရ၏။ ကိုစျာန်ကတော့ မူးနေ၍ပဲလား ဒါမှမဟုတ် မသိချင်ယောင်ဘဲ ဆောင်နေသည်လားမသိ ပြောချင်ရာများကို ဆက်ပြော၏။

'ဘာပဲပြောပြော ဦးတို့က မင်္ဂလာဆိုတာလည်း ဆောင်ဖူးပြီးသား။ ဒါကြောင့် ပရိသတ်ရှေ့ အမှားအယွင်းမရှိအောင် ဦးတို့

www.burmeseclassic.com

ပဲ ဆောင်လိုက်ကြပေ့ါ’

မင်္ဂလာအခါပေးရန် လိုက်လာသော ဦးမြဘူးလည်း ထန်းရည်မြင်မှ မည်သို့ စိတ်ကူးပေါက်သွားသည်မသိ။ ငွေခရု ဖင်ကိုပိတ်၍ . . .

‘ဟုတ်တယ် ဒါမှန်တယ် . . . ဒီစကားကို ကောင်း ကောင်းကြီး လက်ခံတယ် . . .’

ဟုဆိုပြီး သူ့ငွေခရုကြီးနှင့် ထန်းရည်တစ်ခွက် ခပ်သောက်လိုက်လေသည်။

ပြီးနောက် နောက်တစ်ခွက်ထပ်ယူလိုက်ကာ သတို့သမီး အဖေဘက် ထိုးပေးလိုက်၏။ သတို့သမီးအဖေလည်း ဦးမြဘူး ကိုယ်တိုင် ငွေခရုနဲ့ ထန်းရည်ခပ်ပေးနေသည်ဆိုတော့ မသောက် လို့မဖြစ်တော့။ ထို့ကြောင့် ဦးမြဘူးလက်ထဲမှ ငွေခရုကို လှမ်းယူလိုက်ပြီး တရှိန်ထိုး မော့သောက်လိုက်သည်။ ဦးမြဘူး ကလည်း အားကျမခံ နောက်ထပ် တစ်ခွက်ထပ်ခပ်၍ တရှိန်ထိုး မော့သောက်လိုက်ပြန်သည်။

❖ ❖ ❖

www.burmeseclassic.com

'နောက်ဆုံးတော့ အားလုံးမူးကုန်ကြတာပေါ့ကွာ . . . မင်္ဂလာပွဲကိုလည်း အဲဒီထန်းတောမှာပဲ ကျင်းပလိုက်ကြတယ်။ မူးလာတော့ကွာ ပျော်ပြီး ကတဲ့လူက 'က' ငွေခရူမှုတ်တဲ့လူက မှုတ်လုပ်နေတော့ မြောက်ကွင်းကျောင်းက ဘုန်းကြီးတောင် မျက်စိနောက်ပြီး ကြိမ်နဲ့ လိုက်ရိုက်ယူရတယ်'

လူကြီးသည် မောသွားဟန်နှင့် သက်ပြင်းကိုချပြီး ဘီယာခွက်ကို ဖြည်းဖြည်းချင်း မယူပြီး သောက်ချလိုက်သည်။

သူ့ စကားကို နားထောင်နေကြသော စားပွဲထိုးလေးများ ဘီယာဂေါက်လှည့် (ခွက်ချင်) သူပါ လူကြီးကို ငေးကြည့်နေကြသည်။ လူကြီး ဘီယာခွက်ကို ပြန်ချလိုက်တော့မှ ဘီယာခွက်ချင်သည့် လူငယ်မှ . . .

'အဘ . . . အဲဒီကျောက်သင်ပုန်းတွေ မိုးထားတဲ့ အိမ်ကို ရောက်ဖူးလို့လား . . .'

လူငယ်၏ အမေးကို လူကြီးက ပြုံးလိုက်ပြီး . . .

❖ ❖ ❖

www.burmeseclassic.com

'လူတွေဟာ တစ်ခါတလေတော့လည်း အတော်ခက်တယ်'

(၃၈) လမ်း၊ ဘီယာဆိုင်တွင် တစ်ယောက်တည်း ဘီယာ ထိုင်သောက်နေသော ဆံပင်ရှည်ရှည်၊ အရပ်ရှည်ရှည်လူကြီးသည် . . . ။

►► ►► ≜ ◄◄ ◄◄

**လေးစားစွာကြိုးစားလျက်**
**အကြည်တော်**

www.burmeseclassic.com



www.burmeseclassic.com

**ay;yho** **" saotoung "**

